
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၂၃၉/၉၄ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၇၂၉/၉၄ (၁၀)
မျက်နှာဖုံးပန်းချီ မောင်မောင်သိုက်

ပုံနှိပ်သူ — ဦးကျော်သန်း (မြ-၀၅၁၄၈)
ရေတာမာဒပုံနှိပ်တိုက်
အမှတ် ၅၇၄၊ ဓမ္မာရုံလမ်း၊
၁၁-ရပ်ကွက်၊ လှိုင်မြို့နယ်။

မျက်နှာဖုံးရိုက် — ဒေါ်ကြည်ကြည်အေး (မြ-၀၃၂၅[illegible])
ဆန်းသိန်းအော့ဖ်ဆက်
အမှတ် ၁၅၀၊ ၄၇ လမ်း၊
ရန်ကုန်မြို့။

အုပ်ရေ ၁၀၀၀
တန်ဖိုး ၆၈ ကျပ်
၁၉၉၄-ခုနှစ်၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်။

တက္ကသိုလ်ဘုန်းနိုင်

# လွမ်း

www.burmeseclassic.com

www.burmeseclassic.com

(၁)

ညောင်းရွက်တို့ ကြေသည်နှင့်အမျှ ပုရစ်ဖူးတို့ သစ်ဦးလေသော ဆောင်းကူးနွေစ တပေါင်းလအခါ ဟောင်းနွမ်းအိုမင်းခြင်းနှင့် ပျို့မျစ်နုလွင်မှုတို့ ယှဉ်ပြိုင်နွဲပြိုင်၊ ဆန့်ကျင်ဘက်သဘောတို့ တိုက်ဆိုင်စုံညီလေသော မိန့်ဤရာသီ အပိုင်းဝယ် ရေယဉ်ဝိုင်းသော စစ်ကိုင်းဌာနီ ဇေယျာကမ်းဦးဆိပ်၌ ဖြစ်ခဲ့လေသည်။ ရှည်လျားသော ဘဝရှန်းကန်ပွဲကို ရပ်စဲနေနားလျက် အငြိမ်းစားတို့ တရားရှာရာ ဤမြို့သာယာ၏ စိမ့်မြိုင်ပမာ သစ်ကြီးဝါးပင်များ ဝေဆာ အုပ်မိုးသည့် တာရိုးကြီး လမ်းတစ်လျှောက်မှ ယောက်ျားပျိုတစ်ယောက်နှင့် မိန်းမပျိုတစ်ဦးတို့ လှချင်း မပူးမကွာ လျှောက်လာနေကြသည်။

www.burmeseclassic.com



ယောကျ်ားပျိုမှာ ထွားကျိုင်းသမျှ တည်ကြည် ခန့်ညားသော ရုပ်ရည် ရှိသည်။ သေးသေးသွယ်သွယ်နှစ့် မိန်းမပျို၏ မျက်နှာလေးမှာမူ ဖြူစင်နူးနယ်သမျှ ဤလောက၏ ရုပ်ထွေးသော အရေးအရာ အဖြာဖြာကို ပမာပြုရကောင်းမှန်း မသိသေးဟန် ပေါ်နေသည်။

ယောကျ်ားပျိုသည် လမ်းလျှောက်ရင်း ခေါင်းငုံ့လျက် အတွေးနက်လာဟန်ရှိသည်။မိန်းမပျိုမှာကား ပတ်ဝန်းကျင်ကို ငေးမျှော်ကြည့်ရင်း ဘာကိုမျှ အဓိကထား စဉ်းစား လာနေပုံမရ။ ကမ်းနားလမ်းကြီးအတိုင်း ကွေ့လျှောက် လာမိကြမှ မိန်းမပျိုက စတင် စကားဆိုသည်။

'ငြိမ်လှချည်လား ဆရာကြီး၊ ဘာတွေ အတွေးလွန်လာလဲ'

ယောကျ်ားပျိုက မိန်းမပျိုအား တစ်ချက် လှည့်ကြည့်သည်။ ထို့နောက် မြစ်ဘက်သို့ငေးရင်း ယက်ပြင်း မသိမသာ ရှိုက်လျက် ခပ်ညည်းညည်း စကားပြန်၏။

'အတွေးလွန်လာတာ မဟုတ်ပါဘူး လယ်လယ်ရယ်၊ ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ်ချစ်တဲ့သူတွေနဲ့ ခွဲခွာပြီး သွားရတော့မယ် ဆိုတော့ မောင့် ရင်ထဲမှာ ဟာနေတယ်၊ ယောကျ်ားတန်မဲ့ အားလဲ ငယ်နေသလိုပဲ'

မိန်းမပျို၏ ကြည်လင်သော မျက်နှာလေးမှာ တစ်ချက် ညိုသွားသည်၊ သို့ရာတွင် ချက်ချင်း ပြန်ရွှင်လျက် ချစ်သူကို အားပေးစကား ပြော၏။



'ဒါတော့ မောင်ရယ်.... ကျောင်းသား ဘဝကလဲ ဒီလိုပဲ ခွဲခွာသွားကြရတာပဲ မဟုတ်လား၊ တစ်နေ့ပြန်ဆုံကြရရင် ပြီးတာပဲ ဥစ္စာ'

'ဒါပေမယ့် ကျောင်းသားဘဝတုန်းက နှစ်ကုန် ကျောင်းပိတ်ရင် အိမ်ပြန်ရတယ်၊ အိမ်ပြန်ရရင် လယ်လယ်နဲ့ တွေ့ရမယ်၊ အားလုံးဟာ မနေဝင်နေထွက်လို တိကျကျ မှန်မှန်ကန်ကန်ပဲ၊ အခုက တံပိုးခွင်ဝင်ရမယ့် နွားလို ကိုယ့်ဘဝကိုယ် အစိုးမရတော့ဘူး! ဘယ်အချိန်မှာ ဘယ်သွားပြီး ဘယ်တော့မှ ဒီပြန်ရောက်ပါမလဲ မသိဘူး'

လယ်လယ် ဆိုသော မိန်းမပျိုမှာ ခေါင်းလေး ငုံ့သွားပြီး ခပ်လေးလေး မေးသည်။

'မောင့်အလုပ်က သေချာပြီလား'

'ပညာတတ် အလုပ်လက်မဲ့ဘဝမှာ ဟိုလျှောက်ဒီလျှောက် ပေါ့ကွယ်၊ တစ်ခုခုတော့ သေချာပါလိမ့်မယ်၊ မတတ်သာရင် ရထားတဲ့ ဘီအေ(လ်)ဘွဲ့ အားကိုးပြီး ရှေ့နေလုပ်စားချင် စားရမယ်'

ယောကျ်ားပျိုက ခေတ္တ စကားရပ်ပြီး မိမိဘာသာမိမိ သဘောကျဟန် မှတ်ချက်ချ၍ ရယ်မောသည်။

'ဦးနေစိုး၊ ဘီ အေ၊ ဘီ အယ်(လ်)၊ အလုပ်လက်မဲ့ ဆိုလိုတော်ရ၊ ဟား....ဟား'

ဤအကြိမ် စကားမပြန်ဘဲ ငိုင်နေသူမှာ လယ်လယ် ဖြစ်သည်။ နေစိုးက 'ဟော.... လယ်လယ် ငြိမ်သွားပြီ၊ ဘာတွေ

www.burmeseclassic.com



အတွေး လွန်သွားပြန်ပြီလဲ’ ဟု ရယ်သွမ်းသွေး မေးလိုက်မှ လယ်လယ်မှာ ဆွေးဆွေးမြည့်မြည့် ပြုံးရင်း လေးလေးဆို၏။

‘ဟုတ်တယ်နော်၊ မောင်တို့ လယ်တို့ ငယ်ငယ်ကတည်းက ဒီမြို့မှာ ဒီရေသောက်ပြီး ဒီမြေမှာ အတူကြီးခဲ့ကြတာ၊ ဘဝ ခရီးဆိုတာကို ဘယ်တုန်းကမှ စေ့စေ့လံလံ မျှော်ဆန့်ပြီး မကြည့်ခဲ့မိဘူး၊ အချိန်တန်ကျတော့ ခွဲခွာခြင်း ဆိုတာကလဲ ဆိုက်ရောက်လာရသေးတယ်’

နေစိုးက အံ့အားသင့်ဟန်နှင့် လယ်လယ်ကို လှည့်ကြည့်သည်။

‘ဘာကြည့်တာလဲ မောင်ရဲ့’

‘ဩော်…အင်း…ဟင်း…ဟင်း…မောင်က လယ်လယ့်ကို အံ့ဩသွားလို့ပါ၊ လယ်က ဒီလို လေးလေးနက်နက်စကားတွေလဲ ပြောတတ်သားပဲကိုး’

လယ်လယ်က ငြိမ်နေရာမှ ခစ်ခနဲရယ်လိုက်သည်။ ထို့နောက် နေစိုး မည်သို့မျှ မမျှော်လင့်သော စကားကို ဆိုသည်။

‘အဲဒါ လယ်လယ့်စကား မဟုတ်ဘူး၊ ဝတ္ထုတစ်ပုဒ်ထဲက အလွတ်ကျက်ထားတာ၊ အခု ဆီဆိုင်လာလို့ သုံးကြည့်တာ’

နေစိုး၏ပါးစပ်မှာ ဟသွားကာ ရယ်ရမလို ငိုရမလို ဖြစ်သွားပြီးနောက် ‘ဟာ…လယ်ကလဲ လုပ်ပြီ’ ဟုသာ ဆိုနိုင်သည်။

ထိုအချိန်တွင် ချစ်သူနှစ်ဦးမှာ စစ်ကိုင်းအရေးပိုင်အိမ်ရှေ့သို့ ရောက်နေကြပြီ ဖြစ်သည်။ လယ်လယ်က မြစ်ကမ်းဘေးရှိ မည်စည်ပင်ကြီး တစ်ပင်ကို ညွှန်ပြရင်း ဆိုသည်။



‘ဟော…မောင်၊ ရောက်ပြီ၊ မောင်တို့ လယ်လယ်တို့ ငယ်ငယ်က ဆော့ခဲ့ကြတဲ့ မည်စည်ပင်ကြီး ရောက်ပြီ၊ လာ…အဲဒီ အောက် သွားကြရအောင်’

ချစ်သူနှစ်ဦးသည် တစ်ဦးမျက်နှာတစ်ဦး ကြည့်ပြုံးလိုက်ကြပြီး အလေးငယ်များမှာ တစ်ဦးလက် တစ်ဦး ဆွဲလျက် ကမ်းပါးအောက် မည်စည်ပင်ကြီးရှိရာ ပြေးဆင်းလာခဲ့ကြသည်။

နှစ်ဦးသား ဟိုဟိုသည်သည် ငေးမျှော် ကြည့်နေကြရာမှ လယ်လယ်က ကြီးကြီးကျယ်ကျယ် မှတ်ချက်ချပြန်၏။

‘ဧရာဝတီမြစ်ကြီးကလဲ စီးမြဲ စီးနေတာပဲ၊ ဒီ မည်စည်ပင်ကြီးကလဲ ဒီအတိုင်းပဲ၊ လယ်လယ်တို့ မောင်တို့ ဘဝတွေသာ ပြောင်းလဲခဲ့ကြတာ’

‘အဲဒီစကားကော ဘယ်ဝတ္ထုထဲကလဲ လယ်လယ်’

လယ်လယ်က နေစိုးအား မျက်စောင်းထိုးလိုက်သည်။

‘ဒီက…ဒီတစ်ခါ အကောင်း ပြောနေတာကို၊ ဟင်း…’

‘ဩော်…ဩော်…ပသိလို့ပါ လယ်ရယ်၊ ဟုတ်တယ်၊ ဒီ မည်စည်ပင်ကြီးသာ စကားပြောတတ်ရင် ပြောင်းလဲခဲ့ကြတဲ့ လယ်နဲ့ မောင့် အကြောင်းတွေကို လျှောက်အတင်းပြောမှာပဲ’

‘အို…ဘာတွေ အတင်းပြောစရာ ရှိလို့လဲ’

‘ငယ်ငယ်တုန်းက ဒီမည်စည်ပင်ကြီးအောက်မှာ လယ့်ဆီက မုန့်တွေ သကြားလုံးတွေကို မောင်က ညာညာပြီး မုန့်စားခဲ့ တယ်၊ လူပျိုအပျိုဖြစ်တော့လဲ ဒီမည်စည်ပင်ကြီးအောက်မှာပဲ လယ့်ကို မောင်က ညာပြီး မွှေးမွှေး ပေးတယ်’

www.burmeseclassic.com

www.burmeseclassic.com



လယ်လယ်၏မျက်နှာလေး၌ ရှက်သွေးဖြန်းသွားရင်း အသံလေးမာမာနှင့် 'မောင်နော်…ဘာတွေ လျှောက်ပြောနေတာလဲ'ဟု ဟန့်တား၏။

နေစိုး၏မျက်နှာမှာ ဖြန့်လည်တည်ငြိမ်သွားလျက် ခပ်လေးလေး ညည်းသည်။

'အခုတော့ ဒီ မည်းစည်မင်ကြီး အောက်မှာပဲ ခွဲခွာကြရမလား မသိဘူး'

ဤစကားကို လယ်လယ်သည် မြစ်ပြင်သို့ ငေးကြည့်ရင်း နားထောင်နေသည်။ မြစ်ပြင်၌ ကွန်ပင်နေသော တံငါလှေကို မြင်နေရ၏။

'မောင်နဲ့ လယ်က ခွဲရမှာကို ကြိုတင် ပူပန်နေရရုံ ရှိသေးတယ်၊ ဟိုခမျာတွေ ကြည့်စမ်း'

'ဘယ်သူတွေလဲ လယ်'

'ငါးလေးတွေပေါ့'

'ဩော်…ဒုက္ခပါပဲ၊ အဟုတ်မှတ်လို့ နားထောင်နေတာ'

'အဟုတ်ပြောနေတာ၊ ငါးလေးတွေ သနားပါတယ် တံငါ လက်ထဲမှာ ဘာလဲ ဟိုပါဠိဘာ…ပိယေဟိ-ဘာဖြစ်တယ်ဆိုလဲ၊ ချစ်သူချင်းကွဲပြီး ဘယ်လောက် အသည်းနာစရာ ကောင်းလိမ့်မလဲ၊ ဒါထက် မောင်…ငါးမှာ အသည်းရှိသလား'

ဤအကြိမ်တွင် နေစိုးသည် မည်သို့မျှ ပြန်မဖြေတော့။ တစ်စုံတစ်ခုကိုရှာဟန် ဟိုစမ်းသည်စမ်း ပြုနေပြီးနောက် အကျႌအိတ်တွင်းမှ စီးကရက်ဘူးကို ထုတ်ယူသည်။

'ဩော်…လယ်၊ မောင့်ကို မီးညှိမပေးတော့ဘူးလား'



'မီးခြစ်ကော'

'ဘောင်းဘီအိတ်ထဲမှာ'

လယ်လယ်သည် လက်ဝဲဘက် ဘောင်းဘီအိတ်တွင်း နှိုက်ကြည့်သည်။

'ရှိလဲ မရှိဘဲနဲ့'

'ဟိုဘက်အိတ် နှိုက်ကြည့်ပါဦး'

လယ်လယ်က လက်ယာဘက်အိတ် နှိုက်ကြည့်သည်။

'မရှိလဲ မရှိဘူး၊ နေဦး၊ ဟော…ဘာလေးပါလိမ့်'

ဘောင်းဘီအိတ်အတွင်းမှ ထုတ်လိုက်သော လယ်လယ်၏ လက်တွင်း၌ ရွှေလက်စွပ်လေးတစ်ကွင်း ပါလာသည်၊

'အို…လက်စွပ်ကလေး လှလိုက်တာ'

နေစိုးက လက်စွပ်လေးကိုယူ၍ လယ်လယ်၏ ဘယ်ဘက် လက်သူကြွယ်၌ စွပ်ပေးသည်။

'အို…ဒါ လယ့်ဖို့'

'ဟုတ်တယ် လယ်၊ လယ် ဖြန်းခနဲ ဝမ်းသာအောင် မောင် တိတ်တိတ်လေး လုပ်ထားတာ၊ ပြီးတော့….'

'ပြီးတော့ ဘာဖြစ်လဲ'

'ပြီးတော့ လယ် မောင်နဲ့ ရန်ကုန်ကို တစ်ခါတည်းလိုက်ခဲ့ပါလား'

'အို….'

'မဆိုပါနဲ့ လယ်ရယ်. မောင့်မှာ အလုပ်မရှိသေးပေမယ့် လင်ကိုယ်မယား စားလောက်ရုံ မောင့်မှာ စုပြီးသား ငွေလေးတွေ ရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com

‘ဒါပြောတာမဟုတ်ဘူး၊ အစ်မကြီးဖြစ်တဲ့ မမလွမ်းတောင် အိုးအိမ် မထူသေးဘဲ လယ်က အရင် လင်သားယူရမယ် ဆိုတော့....’

‘ဟာ.... မမလွမ်း အိမ်ထောင်ကျတဲ့အထိ စောင့်နေရင် မောင်နဲ့ လယ် ဒီတစ်သက် ရကြတော့မှာမဟုတ်ဘူး’

‘အို....မောင်ကလဲ မဦးမချွတ်’

‘ဟုတ်တယ်၊ မမလွမ်း ဒီတစ်သက် လင်ရပါတော့မလား မသိ၊ ရရင်လဲ သူ့ယောကျ်ားဟာ အင်မတန် ကံကောင်းတဲ့လူ ဖြစ်ချင်လဲ ဖြစ်မယ်၊ ဒါမှမဟုတ် အင်မတန် ကံဆိုးတဲ့လူ ဖြစ်ချင်လဲ ဖြစ်မယ်’

‘ဘာဖြစ်လို့’

‘မမလွမ်းက ချစ်စရာရှိလဲ သိပ်ချစ်တတ်တယ်၊ မုန်းစရာ ရှိလဲ သိပ်မုန်းတတ်တယ်၊ အင်မတန် ကြင်နာတတ်သလို အင်မတန်လဲ မာနကြီးတယ်၊ မိန်းမဆိုတာ နားလည်ဖို့ခက်တဲ့ သတ္တဝါမျိုးပဲ၊ အဲဒီမိန်းမတွေထဲမှာ မောင့် မရီးက နားလည်ဖို့ အခက်ဆုံးပဲ’

‘ဟွန်း....သူ တော်တော်အသားကျနေဘိ’

နေစိုးက ရယ်မောလိုက်ပြီး ဆက်တိုက်မေးသည်။

‘ကဲပါလေ....မောင်ပြောတာ ဘယ့်နှယ်လဲ’

လယ်လယ်မှာ ငိုင်ငိုင်လေးဖြစ်သွားသည်။

‘မစောလွန်းဘူးလား မောင်ရယ်’

‘ဪ....လယ်ကလဲ ချစ်လို့ယူကြတာ စောတယ်လို့ ဘယ်မှ မရှိဘူး၊ နောက်ကျတာပဲ ရှိတယ်’



လယ်လယ်က ခေါင်းကလေးခါသည်။

‘ခက်တယ် မောင်ရာ၊ ဖေဖေ နှလုံးရောဂါကလဲ ရှိသေးတယ်၊ ဟို ဂျပန်ကောင်တွေ ဖမ်းထားပြီးကတည်းက ရခဲ့တဲ့ ရောဂါ၊ နည်းနည်းလေးမှ အတိမ်းခံတာမဟုတ်ဘူး’

နေစိုးမှာ ငိုင်ကျသွားသည်။ လယ်လယ်ကသာ ဆက်ပြောနေ၏။

‘မေမေ မရှိကတည်းက ဥမကွဲသိုက်မပျက် နေလာကြတာ၊ ဖေဖေက သံယောဇဉ်သိပ်ကြီးတာ၊ လယ်လယ်တို့ကို မပြောနဲ့၊ တူဖြစ်တဲ့ မောင်လေးကိုတောင် ဘယ်လောက်ချစ်သလဲ၊ ဒီတော့ ပြုံးစားကြီး မောင့်နောက် လယ် လိုက်လာရင် ဖေဖေ စိတ် ထိခိုက်သွားလိမ့်မယ်’

လယ်လယ်က လူကြီးဆန်ဆန်ပြောလာပြန်ရာ နေစိုးမှာ ကလေးဆိုးကြီးကဲ့သို့ ဖြစ်နေပြန်၏။

‘ဒီလိုဆို မောင်တို့ ဘယ်တော့မှ လက်ထပ်နိုင်ကြမှာလဲ’

‘အချိန်ဆိုတာရှိတယ် မောင်၊ အချိန်ဆိုတာ တိုင်ပင်ဖို့ အကောင်းဆုံးသော ပညာရှိကြီးတဲ့၊ လယ်လယ် ဝတ္ထုတစ်ပုဒ် ထဲမှာ ဖတ်ဖူးတယ်’

နေစိုးသည် လယ်လယ်အား မော့ကြည့်မိပြန်သည်။ လယ်လယ်က အတည်ပေါက်ဆိုနေသဖြင့် နေစိုးအတွက် ရယ်ရခက် ငိုရခက် ဖြစ်နေ၏။

‘ဒီတော့ တစ်နေ့တော့ လက်ထပ်ကြရမှာပေါ့ မောင်ရယ်၊ ခုတလော ဖေဖေ့ရောဂါကလဲ ဖောက်နေလို့ပါ၊ ဖေဖေ့ ရောဂါ သက်သာလာရင် ဖြစ်ဖြစ်၊ မောင် အလုပ်အကိုင်

www.burmeseclassic.com

www.burmeseclassic.com



အစည်တကျဖြစ်လို့ ဖေဖေရော လယ်လယ်ရော မမရော မောင်လေးရော လိုက်နေနိုင်ကြရင်ဖြစ်ဖြစ် အားလုံးအဆင်ပြေသွားမှာပေါ့၊ စိတ်ချပါ မောင်ရယ်၊ လယ်တို့မှာ မောင့်ကိုပဲ အားကိုးစရာရှိပါတယ်'

လယ်လယ်၏ နောက်ဆုံးစကားကြောင့် နေစိုး ရင်မှာဆို့နင့်သွားသည်။ ငယ်ရွယ်သူလေးဖြစ်လျက်နှင့် စိတ်အလိုမလိုက်ဘဲ တာဝန်သိတတ်သူလေးကြောင့် မိမိကိုယ်ကို ပြန်ရှက်မိသွားသည်။ ထို့ကြောင့် အတန်ကြာ ငိုင်နေမိပြီးမှ လယ်လယ်၏ လက်ကလေးကို ဆုပ်ညှစ်လိုက်ပြီး စိတ်ဆုံးဖြတ်ဟန် ပင့်သက်ရှိုက်လိုက်၏။

'ဆောရီး...လယ်၊ မောင် နည်းနည်း တစ်ကိုယ်ကောင်းဆန်သွားတယ်၊ လယ်လယ်ပြောတာ မှန်တယ်၊ မောင် ဇွတ်မတိုက်တွန်းတော့ပါဘူး၊ လယ်ပြောသလို အားလုံးမှီခိုနိုင်တဲ့ဘဝ ရောက်အောင် မောင် ကြိုးစားမယ်'

နေစိုးက ခန့်ညားတည်ကြည်စွာပြုံး၍ ချစ်သူကို စိုက်ကြည့်သည်။ လယ်လယ်ကလည်း တောက်ပစွာပြုံးလျက် ပြန်ကြည့်၏။

ထိုစဉ် မလှမ်းမကမ်း ကမ်းနဖူးထိပ်မှ ဂျစ်ကားတစ်စီး မောင်းဆင်းလာသည်ကို တွေ့ကြရ၏။

'လာ...မောင်၊ ပြန်ကြရအောင်၊ ဟိုမှာ လူတွေလာနေပြီ၊ ပြီးတော့ ဖေဖေ့ကို လယ် ဆေးတိုက်ရဦးမယ်'

လယ်လယ်နှင့် နေစိုးသည် ဂူနွေ့မပျက်နှင့် ဖြတ်ကျော်သွားသော ဂျစ်ကားကိုမကြည့်ဘဲ ကမ်းထက်လမ်းဆီ ပြန်တက်သွား



ကြသည်။ သို့ရာတွင် ကားမောင်းလာသော လူရွယ်ကမူ သူတို့နှစ်ဦးအား ကောင်းစွာ မြင်လိုက်သည်။

ထိုလူရွယ်မှာ ကျယ်ဝန်းသောရင်ခွင်၊ ပေါ်လွင် ထင်ရှားသော မျက်လုံး၊ မျက်ခုံး၊ နှာတံနှင့် ချောမော မွန်ရည်သမျှ ခန့်ညားတည်ကြည်သော သွင်ပြင်လက္ခဏာရှိ၏။ ကားပေါ်၌ လူရွယ်အပြင် အသားလတ်လတ်နှင့် အခြား မိတ်ဆွေတစ်ဦး ပါလာသေးသည်။

လူရွယ်က ကားကို စက်သတ်လိုက်၍ စတီယာရင်ကိုမလွှတ်သေးဘဲ လယ်လယ်နှင့် နေစိုးတို့အား မျက်စိတစ်ဆုံး လှမ်းလိုက်ကြည့်ပြီး မှတ်ချက်ချသည်။

'ဩော်...အချိန်တွေ ဘယ်လိုပြောင်းပေမယ့် နိုင်း(လ်)မြစ်ကြီးလို ဧရာဝတီမြစ်ကြီးကတော့ စီးမြဲစီးလျက်ပဲ'

ဤသည်ကို ဘာဆိုလိုသည် သဘောမပေါက်သည့် ဘေးမှ မိတ်ဆွေက မေးသည်။

'အလို...ကိုမင်းညို၊ ဘာတွေများ အဘိဓမ္မာဆန်ဆန်ညည်းနေတာလဲ'

ကိုမင်းညိုဆိုသူ လူရွယ်က လယ်လယ်တို့ စုံတွဲဆီမှ မျက်လုံးကို မခွာသေးဘဲ တစ်လုံးချင်း ပြန်ဖြေ၏။

'ဧရာဝတီမြစ်ကြီးရယ်၊ ဇေယျာကမ်းဦးရယ်၊ ဇေယျာကမ်းဦးက ချစ်သူခမောင်နှံရယ်၊ ဒီဇာတ်လမ်းကတော့ ဘယ်တော့မှ ဆုံးမှာမဟုတ်ဘူး'

အဖော်ဖြစ်သူ မိတ်ဆွေက ခေါင်းတညိတ်ညိတ်လုပ်လိုက်ပြီး 'မှန်ပါလေရဲ့ဗျာ၊ ဇေယျာကမ်းဦးရယ်၊ ကမ်းနဖူးက

www.burmeseclassic.com

www.burmeseclassic.com

ကြည်နူးကြတဲ့ ချစ်သူမောင်နှံရှိရယ်၊ ဒီဇာတ်လမ်းကတော့ သံသာလေကမ်းတိုင် မဆုံးနိုင် ဆိုကြပါစို့၊ ဒါပေမယ့် ခင်ဗျား ကတော့ စစ်ကိုင်းတောင်ရိုးက ကေစာသုံးတဲ့ ဘုန်းမိုမိုလို နုန်းပိုပိုအစ်ယောက်တည်း မုန်းသလို ရှောင့်ရဲနေရတဲ့ အတွဲ မဲ့တဲ့ ဘဏ်ပုံ့ဘဝပဲ ရှိပါသေးလား' ဟု နဘေသပ်၍ အုပ်လိုက် သည်။

ကိုမင်းညိုခေါ် လူရွယ်က စိတ်ဆိုးဟန်ပြု၍ ပြန်တွယ်သည်။

'နေပါဦးကိုစောမောင်၊ ခင်ဗျားကကော ဝတ်ကြောင် ဝတ် ဖိုးသူတော်ဘဝက ဘယ်ကာမှ ကျွတ်ရမှာမို့လဲ'

သူငယ်ချင်းနှစ်ဦးသည် အားရပါးရ ရယ်မောလိုက်ကြ၍ ရေစပ်သောင်ယံ၌ ဆင်းလိုက်ကြသည်။

စောမောင်က ရေစပ်၌ နေရာ ခင်းကျင်း ပြင်ဆင်နေဆဲ ကိုမင်းညို ဆိုသူက သာယာသော ရှုမျှော်ခင်းကို လှည့်လည် ငေးမောကြည့်ရင်း မိမိကိုယ်မိမိ ပြောဆက္ခဲသို့ ညည်း၏။

'ရေယဉ်ပတ်ဝိုင်း....စစ်ကိုင်းဌာနီ'

သူမှုန်နှာမူရာ လက်ယာဘက် မြစ်ပြင်၌ သဲသောင်တို့ ပေါ်ထွန်းပြုနေ၏။ မြောက်ဘက် လက်ဝဲဆီ၌မူ နီညိုသော အင်းဝကိုးတံတားကြီးကို ကျော်လျက် ရွှေကြက်ယက် ရွှေ ကြက်ကျ ကြက်ပင်းညိုနောင် တို့ကို လှမ်းဖူးမြင်နိုင်သည်။

စောမောင်က ငြိမ်၍ စကားမပြန်ခိုက် သူကသာ ဆက် ပြောနေသည်။

'ကိုစောမောင်၊ ကျွန်တော် ဗီပြန် မရောက်တာ စုစုပေါင်း ဆယ့်နှစ်နှစ် ရှိသွားပြီ'



'ခင်ဗျားအမေရိကားမှာ ဘယ်လောက်ကြာခဲ့လဲ'

'ငါးနှစ်ကျော်ကျော်ပါ'

'ခင်ဗျားနဲ့ ကျွန်တော်တို့ ဆယ်တန်းအောင်ပြီးစ ကတည်း က ကွဲသွားကြတာနော်'

ကိုမင်းညိုက ပြန်၍ နှုတ်နှင့်မဖြေ၊ ခေါင်းညိတ်ရင်း တစ် ဖက်ကမ်း အင်းဝဆီမှ မှုန်ပြာပြာဆိုင်းသော တောတန်းများ ကိုသာ ငေးကြည့်နေ၏။ ထို့နောက် ဘစ်လုံးချင်း စကားပြန် ပြောသည်။

'နယူးယောက် [NEW YORK] မှာတုန်းက နွေဆိုရင် ကျွန်တော်တို့ ရေသွားသွားကူးရတဲ့ ကော်နီအိုင်လင်ဘိ(ချ်) [CORNEY ISLAND BEACH] ဆိုတဲ့ ပင်လယ် ကမ်းဆိပ်ရှိတယ်၊ ကမ္ဘာကျော်ပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော် တို့ မြန်မာပြည်က မောင်းမကန်တို့ ငပလီတို့ မပြောနဲ့၊ စစ်ကိုင်း ရိပ်သာဂူတောင် မမီဘူး၊ သောတောင်ရေမြေ မြစ်ကမ်း သောင်ခြေနဲ့ သဘာဝ အနေကျကျ လှတဲ့ နေရာမှာ ကျွန်တော် တို့ မြန်မာပြည်ဟာ စံနမူနာ ရှားလှတယ်'

စောမောင်သည် စီးကရက်တစ်လိပ်ကို မီးညှိဖွာရာမှ မင်းညို ဘက်သို့လှည့်၍ 'ခင်ဗျားဟာ ဆရာဝန်ကြီး တစ်ဦးလုပ်ပြီး အတော်တော့ ကဗျာဆန်တဲ့လူပဲ' ဟု ဝေဖန်၏။

ဆရာဝန်ကြီးဟု စောမောင် ဝိသေသပြုသော ဒေါက်တာ မင်းညိုသည် ခပ်မှိုင်းမှိုင်း ပြုံးလိုက်၏။

'ဒါတော့ ကျွန်တော်ဟာ ဘယ်လို အကြောင်း ကြောင့် ဆရာဝန် ဖြစ်လာခဲ့တယ်ဆိုတာကို ခင်ဗျားလဲ သိသွားပဲလေ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ပင်ကိုစါသနာက ကဗျာစာမေ့နဲ့ ဂီတမဟုတ်လား’

ထိုအခါကျမှ စောမောင်ကလည်း အသိအမှတ် ပြုဟန် ခေါင်း တဆတ်ဆတ်ညိတ်သည်။

‘အေးဗျာ၊ ခင်ဗျားကတော့ အဲ့လောက်တဲ့လူပဲ၊ ကိုယ့်အမေ မျက်လုံးကွယ်ပြီး ဘဝ ဆုံးခဲ့တာကို အကြောင်းပြုပြီး မျက်စိကုသရေးမှာ ပါရဂူမြောက်တဲ့ ဆရာဝန်ကြီးတစ်ဦး ဖြစ်လာအောင် ကြိုးစားခဲ့တဲ့ ဇွဲအတွက်တော့ ချီးမွမ်းပါတယ်ဗျာ’

‘ဒါပေမယ့် ကျွန်တော့် အမေကိုတော့ ကျွန်တော် မကုသခဲ့ရဘူး’

‘ကြုံတိုင်းလဲမဖြစ်တဲ့ လူ့ဘဝဆိုတာကတော့ ဒီလိုပဲပေါ့ဗျာ၊ ဒါပေမယ့် အခုဆို ခင်ဗျား လူသတ္တဝါအများကို ကယ်မကူညီနိုင်တယ်၊ ငွေကြေးဆိုရင်လဲ လက်ဖျား သီးနေမှာပဲ၊ စေတနာ အကျိုးပေးအတိုင်း စိတ်ချမ်းသာရတာပဲ မဟုတ်လား’

ဤတွင် ဒေါက်တာမင်းညိုက မှိုင်းပျပျ ပြုံးပြန်သည်။

‘မထင်ပါနဲ့ ကိုစောမောင်ရယ်’

‘ဗျာ...ဘယ်လိုမထင်ရမှာလဲ’

‘ကျွန်တော်တို့ ဆရာဝန်ဆိုတာ အသက်နဲ့ အသက်ပမာ တန်ဖိုးထားကြတဲ့ သဘောတွေကို နေ့စဉ်ကိုင်တွယ် အလုပ်လုပ်ရတဲ့ လူတွေပါ၊ လုပ်ငန်းတိုင်းမှာက အောင်မြင်မှုနဲ့ ဆုံးရှုံးမှုဆိုတာ ရှိရမြဲပဲ၊ ခက်တာက ကျွန်တော်တို့ ဆရာဝန်တွေရဲ့ အောင်မြင်မှု ရှုံးဆုံးမှုတွေကျတော့ လူ့အသက်နဲ့ ချိန်စက်ပြီး တိုင်းတာယှဉ်ကြရတယ်’



ဒေါက်တာမင်းညိုသည် လေးနက်သော အခွေးတို့ ဖော်ရန် စကားရှာယကဲ့သို့ ခေတ္တစဉ်းစားရင်း ငြိမ်သွား၏။ ထို နောက်မှ သူ့ ထုံးစံအတိုင်း တစ်လုံးချင်း ဖြည်းလေးစွာ ဆို၏။

‘အောင်မြင်ရင်...အသက်၊ ဆုံးရှုံးရင် အသက်၊ သို့မဟုတ် အသက်ပမာ တန်ဖိုးထားရတော့ အောင်မြင်တဲ့အခါ ဆရာဝန် တွေဟာ ကျေးဇူးအတင်ခံချင်မှ ခံရပေမယ့် ဆုံးရှုံးလာရင် တော့ သူတစ်ပါး မခံစားရတဲ့...အထင်လွဲမှု၊ စွပ်စွဲမှု၊ မုန်းတီး မှုတွေကို ခံရတတ်တယ်၊ တစ်ခါတစ်ရံ စေတနာကောင်း ပေလျက်နဲ့ စေတနာက ထခြား ဖြစ်သွားလာတာက တစ်ကဏ္ဍ၊ အဲဒီအချိန်မျိုးမှာ သိပ်စိတ်ဆင်းရဲစရာ ကောင်းတယ်၊ ဒါ ကြောင့်မို့ လဲ ဆရာဝန်တွေဟာ လူနာအပေါ်မှာ အနေအထိုင် မေတ္တာဂရုဏာလွဲပြီး ပုဂ္ဂလိက သံယောဇဉ် မရှိအောင် စာရိတ္တ ရှိသမျှ တရားနဲ့ယှဉ်တဲ့ ဥပေက္ခာလဲ ရှိနိုင်အောင် ဆေးပညာ ဆိုင်ရာ စိတ္တဗေဒက ဆုံးမထားတာပဲ’

‘အဲဒီစိတ်မျိုး မထားနိုင်ရင်ကော’

‘အဲဒီစိတ်မျိုး မထားနိုင်ရင် အဲဒီဆရာဝန်ဟာ ကမ္ဘာမှာ ကံအဆိုးဆုံးလူတစ်ယောက် ဖြစ်တတ်တယ်’

စောမောင်က မျက်မှောင်ကြုတ်လျက် သူ့အားမော့ကြည့် သည်။ သူကမူ စကားကို ဖြတ်သိုက်ဟန် နေရာမှလည်း ထွေ့ လျား၍ ဂျစ်ကားဆီသို့ ထွက်ခဲ့၏။

‘လာဗျို့ ကိုစောမောင်၊ အစားအသောက်တွေနဲ့ ဘီယာ ပုလင်းတွေ ချကြမယ်၊ ပြီးတော့ ရေကူးကြရအောင်’

✸

www.burmeseclassic.com

www.burmeseclassic.com



နေစိုးနှင့်ခွဲ၍ လယ်လယ် အိမ်ပြန်ရောက်ချိန်တွင် ညနေ လေးနာရီ ခွဲပေပြီ။ လယ်လယ်၏ ဖခင် ဦးဘိုးရှင်မှာ အိမ်ဦး ခန်း၌ ပက်လက်ကုလားထိုင်ပေါ် ထိုင်ရင်း တရားစာ ဖတ် နေသည်။

လယ်လယ်က ဖခင်ကို နှုတ်ဆက်၍ အဝတ်အစား ကပျာ ကသီ လဲပြီး ဆေးဖျော်သည်။ ဆေးဖျော်နေစဉ် စိတ်တွင်း၌ မကောင်းလည်း ဖြစ်မိ၏။ မိမိဖခင်မှာ ရောဂါနေသလျှင် သားသမီးများနှင့် စကားပြောနေတတ်သည်။ စာဖတ်နေခြင်း ကို ရောဂါ မချိ၍ဟု လယ်လယ် သိပြီးဖြစ်၏။

လယ်လယ်က ဖခင်ကို ဆေးတိုက်နေစဉ် အိမ်ရှေ့မှ ခြေသံ ကြားရသည်။ မောင်ဖြစ်သူ ကိုလေးသည် မှုန်တေတေနှင့် တက် လာ၏။ သူသည် အစ်မငယ်နှင့် ဦးလေးဖြစ်သူအား စောင် လှည့်ကြည့်ရုံကြည့်ပြီး နှုတ်မဆက်ဘဲ ထမင်းစားခန်းဆီ တန်း ဝင်မည်ဖြင်၏။

'ဟေ ကောင်....ကိုလေး'

ကိုကိုလေးမှာ ခြေလှမ်းတုံ့သွားပြီး ခေါ်သူ ဦးလေးအား လှည့်ကြည့်၏။

'မင်း ဒါဘယ်က ကိုးကျင်းကိုးချောင်း လျှောက်ပြန်လာ တာလဲ'

'ဘယ်ကမှ မဟုတ်ပါဘူး၊ ကျွန်တော် ထမင်းစားမလို့ဗျ'

'အခုအချိန်မှ ထမင်းစားမယ်၊ နေပါဦး မင်း ဒီနှစ် စာ မေးပွဲ အောင်ဦးမှာလား'

'ဒါတော့ ကျွန်တော် ဘယ်အတပ်ပြောနိုင်မလဲ'



'ဘာကွ....၊ ပြောနိုင်ရတယ်၊ ကြိုးစားတဲ့လူဆို ပြော နိုင်ရတယ်'

လယ်လယ်မှာ မျက်စိသူငယ်နှင့် ဖအေနှင့်မောင်ကို ကြည့် သည်။

ဦးဘိုးရှင်မှာ ရောဂါထလျှင် စိတ်တိုတတ်၍ ကိုကိုလေး မှာ စိတ်တိုသူကို ပိုဒေါသကြီးအောင် လုပ်နိုင်သူ လူငယ် တစ် ဦးဖြစ်၏။

'မင်း ငါ့ဆီ ခဏလာစမ်း၊ ပြောစရာရှိတယ်'

'ပြီးတော့မှ ပြောဗျာ၊ ကျွန်တော် ထမင်းဆာလှပြီ'

'မင်း သိပ်ခေါင်းမာနေပါလား'

ဦးလေးကလဲ ကျွန်တော့်ကို အမြဲရန်ရှာနေတာကိုး'

'ဘာကွ၊ မင်းကို ငါက ရန်ရှာနေတယ်၊ ဟုတ်တယ်ကွား သိပ်ဆိုတ်'

ဟူဝရီးမှာ ရှေ့ဆက် မည်မျှဖြစ်ကြဦးမည် မသိ၊ ထမင်းစား ခန်းဝမှ အစ်မကြီးဖြစ်သူ လှမ်း ပေါ်လာ၍ တော်တော့သည်။

လှမ်း မှာ လှပသော မိန်းမပျိုတိုင်း၌ ရှိခဲ့သည့် ခန့်ညား တည်ငြိမ်မှု ရှိ၏။ ဖြူတ်သားကြည်လင်သော မျက်နှာမှာ အေး ချမ်း ဖြူစင်သမျှ လေးနက်သော ဂုဏ်ဒြေနှင့် ပြည့်နေ၏။

ကိုကိုလေးသည် သူ့အစ်မ၏ မျက်လုံး ညိုညိုကြီးများကို တစ်ချက်ကြည့်ပြီး ဘာမျှ ဆက်မပြောတော့ဘဲ ထမင်းစားခန်း တွင်းသို့ ဝင်ခဲ့ရာ လှမ်းသည် အနောက်နားမှ ကပ်လိုက်ပါ လာ၏။ အပြင်ဘက်တွင်မူ ဦးဘိုးရှင်သည် ဒေါသ်မာန်မဲလျက် ရှိကျန်ရစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်၌ အုပ်ဆိုင်းထားသော ထမင်းဟင်း၊ လက်ဆေး ရေဇလုံ အဆင်သင့်တွေ့သဖြင့် ကိုကိုလေးသည် မှန်တောတော နှင့်ပင် ဝင်စား၏။

ကိုကိုလေးမှာ လက်ရှိမြန်မာပြည်၏ ပညာရေးစနစ် ကျေးဇူးကြောင့် စာမေးပွဲသရဲ အနှောက်ခံရသမျှ တက္ကသိုလ်ဝင် တန်း၌နှစ်စဉ် လိမ့်နေသည့် အားငယ်စိတ်ပေါက် ဓါတ်သတ္တိကျ နေသော လူငယ်တို့အနက် တစ်ဦးဖြစ်သည်။ မတရားသော လူ့ လောကငယ် သူ့အခက်အခဲကို သူ့အစ်မ လွှမ်း တစ်ယောက် ကလွဲ၍ မည်သူမျှ ကိုယ်ချင်းစာ နားလည်မှု မရှိဟု ယူဆထား သည်။

'ဘာကြောင့် ဖေဖေနဲ့ ဘက်ပြိုင်ပြီး ငြင်းခြင်းနေရတာလဲ မောင်လေးရယ်'

လွှမ်းက နူးညံ့စွာ အပြစ်တင်သည်။

'ကျွန်တော် ငြင်းနေရတာ ဦးလေးကောင်းကျိုးအတွက် ပါ'

'ဘယ်လိုကွယ့်'

ကိုကိုလေးက ပလုတ်ပတောင်း ဖြစ်နေသော ထမင်းကို ကင်ပွန်းချဉ်ဟင်းချိုနှင့် မြှောချမျိုလိုက်ပြီး သူ့အယူအဆကို ရှင်းပြသည်။

'ဦးလေးတို့လို ရောဂါသည်တွေဟာ ရောဂါသည်ဆိုတဲ့ အခွင့်အရေးကို အလွဲသုံးစား လုပ်ပြီး လူတကာအပေါ် မတရား စီးနင်းချင်ကြတယ်၊ တစ်ဆိတ်ရှိ စိတ်ဆိုးပြမယ်၊ အမော



ဆိုပြမယ်၊ ညည်းပြမယ်၊ ကျွန်တော်ကတော့ ဒါတွေကို အလို မလိုက်ချင်ဘူး'

တည်ကြည်သော လွှမ်း၏မျက်နှာ၌ ပြုံးရိပ်ထင်လာသည်။ လွှမ်းက သူ့မောင်၏ ကြီးကျယ်ပုံကို ရယ်ချင်နေသည်။ သူပြော သည်မှာလည်း မှန်သင့်သမျှ မှန်၏ဟု လွှမ်းထင်သည်။

'ဩော်....မောင်လေးရယ်၊ ဒါကြောင့်မို့ ဝေဒနာရှင်တွေ နဲ့ ပတ်သက်လာရင် သည်းညည်းခံပါလို့၊ သည်းညည်းခံခြင်း ဆိုတဲ့ စကားကို အထူးပြု သုံးကြတာ မဟုတ်လား'

'အဲဒီ သည်းညည်းခံခြင်းဟာ သူတို့ကို အလိုလိုက်ပြီး ဖျက်ဆီးနေရာ ကျတယ်၊ တော်တော်ကြာ မူလရောဂါပျောက် တာတောင် တစ်ဖက်သားပေါ် တင်စီးချင်တဲ့ ရောဂါက ကျန်နေဦးမယ်'

ကိုကိုလေးက သူ့အတွေးမှာကို ရှင်းပြနေခိုက် အပြင်ခန်း၌ လည်း ဦးဘိုးရှင်မှာ ဒေါကန်ကောင်းဆဲ ဖြစ်သည်။

ထိုအခိုက် အိမ်ရှေ့မှ လူခေါ်သံနှင့်အတူ လယ်လယ် ထွက် သွားသံကို လွှမ်းတို့ ကြားရသည်။ မရှေးမနှောင်းပင် လယ်လယ် ၏အသံနှင့် 'ဖေဖေ အတွက် သံကြိုးစာ'ဟု ပြောသံကြားရ၏။

လွှမ်းနှင့် ကိုကိုလေးတို့က စကားဖြတ်၍ နားစွင့်ထောင် သည်။ ထိုခဏတွင်ပင် တုန်ယင် ချောက်ချားသော ဦးဘိုးရှင် ၏ အသံကြီး ပေါ်လာ၏။

'သမီး....သမီး....လွှမ်း၊ ဟိုကောင် ဟိုကောင်'

လွှမ်းနှင့်ကိုကိုလေးတို့သည် အခန်းတွင်းမှ အပြေးကလေး ထွက်လိုက်ကြ၏။ သူတို့ လှမ်းမြင်ရသည်မှာ ဦးဘိုးရှင်သည်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လက်နှင့် ရေဖန်ခွက်ကို ကိုင်လျက်၊ ညာလက်ဖြင့် သံကြိုးစာကို ကိုင်ရှင်း ကိုကိုလေးရှိရာသို့ လဏ်ညိုးညွှန်၍ ရပ်နေ၏။ မျက်စိတစ်မှိတ်အတွင်းမှာပင် ဦးဘိုးရှင်၏လက်မှဖန်ခွက်သည် ကြမ်းပြင်ပေါ်သို့ လွတ်ကျသွား၍ ခန္ဓာကိုယ်ကြီးမှာလည်း အရုပ်ကြိုးပြတ် ပုံလဲကျသွား၏။

*

ကမ်းနား ရေဆိပ်၌လည်း စောမောင်၏ လက်တွင်းမှ ဘီယာဖန်ခွက်သည် မြေပြင်သို့ လွတ်ကျကွဲသွားသည်။

ဖြစ်ပျက်သမျှအားလုံးမှာ မြန်ဆန်လွန်းလှ၏။

ဓရတစ်ချိုးကူးပြီး၍ အေးအေးလူလူ အမောပြေ ဘီယာစုပ်နေသော စောမောင်သည် မလှမ်းမကမ်း၌ လူငယ်တစ်ဦး ရေနစ်သည် မြင်ရ၏။ မရှေးမနှောင်းပင် သစ်ဖောင်တစ်ခုအစွန်း၌ နားနေသော ဒေါက်တာ မင်းညိုသည် ဘေးလူများ အော်ဟစ်နေဆဲ ရေနစ်သူရှိရာသို့ ခုန်ချကူးခတ်သွားသည်ကိုလည်း မြင်ရသည်။ ခဏတွင်းပင် ရေလယ်၌ လုံးထွေး၍ မြုပ်ချည် ပေါ်ချည်ဖြစ်နေသော နှစ်ဦးသားကို တွေ့ရ၏။

ကြက်သေသေရာမှ စောမောင်သည် ဖောင်ဆီသို့ပြေးတက်ခဲ့သည်။



ထိုစဉ် မြုပ်နေသူနှစ်ဦး ပြန်ပေါ်လာကာ ဒေါက်တာမင်းညို၏ လက်သီးတစ်ဖက်သည် ရေနစ်သူလူငယ်၏ မေးဆီကျရောက်သွားသည်ကို မြင်ရ၏။

လူငယ် ငြိမ်သွားခိုက် ဒေါက်တာမင်းညိုအသည် ၎င်း၏ခန္ဓာကိုယ်အား ရေစီးကိုဆန်လျက် ခက်ခဲစွာနှင့် ဖောင်ဆီသို့တွန်းပို့သည်။ ကံအားလျော်စွာ စောမောင်က လှမ်းဆွဲလိုက်ရာ လူငယ်၏လက်တစ်ဖက်ကို မိသည်။ ခဏ၌မင် ဘေးမှလူများ အကူအညီနှင့် လူငယ်သည် ဖောင်ပေါ်သို့ ရောက်လာ၏၊ သို့ရာတွင် ဒေါက်တာမင်းညိုမှာမူ ပြန်ပေါ်မလာတော့။

စောမောင်မှာ မျက်လုံးပြူးသွား၏၊ ဖောင်နှင့် ဝေးရာ ရေစီးအောက်၌ ဒေါက်တာမင်းညိုသည် တစ်ချီ ပြန်ပေါ်လာပြီး မြုပ်သွားပြန်၏။

‘ဆယ်တဲ့လူ နစ်နေပြီ၊ ဆယ်တဲ့လူ နစ်နေပြီ’

အော်သံနှင့်အတူ သန်မာထွားကျိုင်းသော ဖောင်သမားနှစ်ယောက်သည် ရေထဲသို့ ခုန်ချကူးခတ်သွားသဖြင့် စောမောင်ပါ သူတို့နောက်သို့ ဒိုင်ဗင်ထိုးလိုက်သွားမိသည်။

ဒေါက်တာမင်းညိုမှာ ပြန်ပေါ်မလာသေး။

သုံးဦးသားသည် ရေပြင်၌ ဟိုဟိုသည်သည် ကြည့်ကြ၏။ ရေငုပ်သန်ဟန် ပေါ်သော ဖောင်သမား နှစ်ဦးသည် ရေအောက်သို့ လျှိုးသွားကြပြန်သည်။ စောမောင်ကာမူ ဘာလုပ်ရမှန်းမသိ၊ ရေဖြစ်၌ ကိုယ်ဖော့ရင်းသာ ပြူးတူးပျာတာ ဖြစ်နေ၏။

www.burmeseclassic.com



ရေငုပ်သွားသူနှစ်ဦး မရှေးမနှောင်း ပြန်ပေါ်လာကြ၏။ တစ်ဦးက 'တွေ့ပြီ... တွေ့ပြီ... ဒီနားမှာ' ဟု အော်ကာ သူ့အဖော်နှင့်အတူ ပြန်ငုပ်သွားကြသည်။ စောမောင်မှာ သူတို့ ငုပ်သွားရာဆီ ကူးခတ်လာခဲ့သည်။

မကြာမီပင် မရပလိုက်သ၍ ဖောင်သမားနှစ်ဦး ပေါ်လာသည်။ သူတို့လက်တွင်း၌မူ သတိမေ့နေဟန်တူသည့် ဒေါက်တာမင်းညို ပါလာ၏။

သုံးဦးသားသည် မေ့မြောနေသော ဒေါက်တာမင်းညိုအား ကမ်းစပ်သို့ တွဲကူးယူလာကြသည်။

ဖောင်သမားတစ်ဦးသည် ဒေါက်တာအား ကျောထက် ဇောက်ထိုးဆွဲ၍ ကမ်းစပ်၌ ခေါက်တုံ့ခေါက်ပြန် ပြေးသည်။

မောင်မင်းကြီးသားတို့၏ ကျေးဇူးကြောင့် ဒေါက်တာမှာ ရေများ အန်ချသည်၊ သတိမူ လည်မလာသေး။

'ကားပေါ် တင်လိုက်ကြပါဗျာ၊ ဆေးရုံ မြန်မြန်ပို့ရအောင်' စောမောင်က လောဆော်မိသည်။

'အို... ဘယ်ဖြစ်မလဲ၊ လမ်းတင် အသက်ထွက်သွားမှာပေါ့'

ဤအသံမှာ နောက်မှပေါ်လာခြင်းဖြစ်ရာ စောမောင်လှည့် ကြည့်လိုက်သောအခါ စောစောက ရေနစ်သော သူငယ် ဖြစ်နေ၏။ ၎င်းမှာမူ ကောင်းစွာ သတိရနေဟန် တူသည်။

'ဘာပြုလို့ လမ်းတင် အသက်ထွက်ရမှာလဲ'

လူငယ်က စောမောင်ကို ဘာမျှ ပြန်မဖြေဘဲ သွက်လက် ဖျတ်လတ်စွာနှင့် ပြုစရာရှိသည်ကို ပြုသည်။ သူက ရေအန်ရပ်ပြီ ဖြစ်သော ဒေါက်တာမင်းညိုအား ပက်လက်ချစေ၍ ယက်



နှစ်ဖက်ကို ဆန့်ဆွဲကာ ခေါင်းထက်မှ ကျော်၍ ချ,ချည် မ, ချည် ပြု၏။ အတန်လုပ်မိသော် လူနာမှာ အသက် စ,ရှူဟန် ရင်ဘတ်၌ လှုပ်ရှားမှု ပေါ်လာ၏။

'ခင်ဗျား ဖတ်(စ်)အိဒ် (ရှေးဦးသူနာပြု) တတ်သလား' စောမောင်က မေးသဖြင့် လူငယ်က....

'ကျွန်တော် ဆေးရုံကြီးက အလုပ်သမား တစ်ဦးပါ'ဟု ဖြေသည်။

လူငယ်သည် သတိလစ်ဆဲဖြစ်သော ဒေါက်တာမင်းညို၏ ကိုယ်မှ ရေတို့ကို စင်အောင် သုတ်ပစ်သည်။ နောက် စောမောင်၏ အကူအညီနှင့် ကားပေါ်မှ သေ့ခြောက်သော အဝတ်တို့ကို ယူ၍ လဲလှယ်ပေးသည်၊ လူနာကို မျက်နှာသုတ် ပဝါကြီး တစ်ထည်နှင့်လည်း ခြုံပေးလိုက်သေး၏။

'ကဲ... ကားပေါ်တင်ပြီး ဆေးရုံကြီး မောင်းကြရအောင်'

ဤအကြိမ်တွင် အမေးအမြန်း မထုတော့ဘဲ စောမောင်သည် လူငယ် အမိန့်ပေးသည့်အတိုင်း လိုက်နာ၏။

*

ထိုအချိန်ခန့်တွင်ပင် စစ်ကိုင်း ပြည်သူ့ဆေးရုံကြီးရှေ့တွင် မြင်းလှည်းတစ်စီး ဆိုက်၏။ ကိုကိုလေး၊ လွှမ်းနှင့် လဲယ်လယ် တို့သည် ဦးဘိုးရှင်အား မနိုင်မနင်းနှင့် မြင်းလှည်းပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



ကြရာ သဘောကောင်း၍ တာဝန်သိတတ်ဟန်တူသူ ဆေးရုံ
ဝမ္မထမ်းတစ်ဦးကလည်း ကူညီချပေးသည်။

လှမ်းက စားပွဲရှိ တာဝန်ကျ သူနာပြုဆရာမလေးထံ ချဉ်း
ကပ်သွား၏။

'ဆရာမ....ကျွန်မဖေဖေ နှလုံးရောဂါနဲ့ သတိလစ်သွားလို့
ါ၊ ဒေါက်တာဆော ဟင်'

'နှလုံးရောဂါ၊ အို.... ဖြစ်ရလေရှင်၊ ခက်တာက ဒီနေ့
ဝနင်္ဂနွေနေ့လဲ ဖြစ်ပြန်၊ ညနေပိုင်းလဲ ဆိုတော့ ဒေါက်တာ
ာစ်ယောက်တည်းပဲ ရှိတယ်၊ လူနာတွေ လိုက်စစ်နေတယ်၊နေ
နော်၊ ကျွန်မကိုယ်တိုင် လိုက်ခေါ်ပေးပါမယ်'

ပြောပြောဆိုဆိုပင် ဆရာမလေးသည် ဆေးရုံတစ်ဘက်သို့
ာက်လက်စွာ ထွက်ခွာသွား၏။

ထိုအခိုက်တွင်ပင် စောမောင်တို့၏ ဂျစ်ကားသည်လည်း
ဆးရုံရှေ့သို့ ဆိုက်လာ၏။ မျက်နှာသုတ်ပဝါကြီးနှင့် ခြုံထား
သာ လူနာကို စောစောက လူငယ် ခေါင်းဆောင်၍ ကား
ပါမှ ချလာသည်။

'ဟော့....မြသိန်း၊ ဘာဖြစ်လို့လဲ'

ဆေးရုံမှ အမှုထမ်းက မေးသည်။

'ရေနစ်လို့ဗျ၊ ဒေါက်တာကော၊ ဟော.... အတော်ပဲ၊
ဂိုမှာ၊ လာ....လာ....ယူလာခဲ့ကြ'

သူသည် ပြောပြောဆိုဆိုနှင့် ရှေ့မှ ပြေးသဖြင့် စောမောင်
ာိုကလည်း လူနာကို ပွေ့၍ နောက်မှလိုက်ကြသည်။



ဆရာမလေး ထွက်သွားရာဘက်မှ မဟုတ်ဘဲ အခြား
တစ်ဘက်မှ ဆရာဝန်သည် ပေါ်လာ၏။

မြသိန်းက ဒေါက်တာဆီကပ်လျက် 'ဆရာ၊ အင်မာဂျင်စီ
ကေ့(စ်) အရေးတကြီးလူနာ၊ ရေနစ်လို့' ဟု အစီရင်ခံသည်။

'ဟုတ်လား၊ အတော်ပဲ၊ ဒီအခန်းထဲ သွင်းလိုက်ကွာ၊
အောက်စီဂျင်ပေးဖို့လဲ ပြင်၊ မြန်မြန်'

အရေးတကြီးလူနာကိုပြုရမြဲဝတ္တရားအတိုင်း ဆရာဝန်သည်
အလွယ်ဆုံးနှင့် အနီးဆုံး ခွဲစိတ်ခန်းတွင်းသို့သွင်းစေကာ အမြန်
ဆုံး ကုသရန် ပြင်သည်။

ဤသည်ကို လှမ်းသည် အံ့အားသင့်လျက် ကြည့်နေမိသည်။
လယ်လယ်ကမူ အရွှးမလေးသဖွယ် သတိလစ်နေသူ ဖခင်အား
တတွတ်တွတ် 'ဖေဖေ....ဖေဖေ' ဟု ခေါ်နေ၏။ကိုကိုလေးမှာမူ
အံကြိတ်လျက် မျက်ရည်ကျနေ၏။

လှမ်းသည် လှုပ်ရှားလာကာ ဟိုဟိုသည်သည် မျှော်ကြည့်
သည်။ စောစောက ထွက်သွားရာဘက်မှ ဆရာမလေးသည်
သွက်သွက်ပြန်လာနေ၏။ လှမ်းက ဆရာမဆီ လျှောက်သွား
သည်။

'ဆရာမ၊ ဒေါက်တာ ရောက်နေပြီ၊ ဟိုအခန်းထဲ ကျွန်မတို့
နောက်မှရောက်တဲ့ လူနာတစ်ယောက်ကို အရင်ကုနေပြီ'

'အို....ဟုတ်လား၊ မသိလို့ဖြစ်ပါလိမ့်မယ်၊ ကျွန်မ သွားပြော
မေးပါမယ်'

ဆရာမလေးသည် စောစောက အခန်းဆီသို့ ထွက်ခွာ
သွား၏။

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းက ဖခင်လူနာဆီ ပြန်ကပ်လာသည်။ လူနာမှာ ခံယဉ်းပင်ပန်းစွာဖြင့် အသက်ရှူနေ၏။ လွှမ်းသည် ဆရာမလေး ဝင်သွားသည့် အခန်းဆီသို့ မျှော်လင့်တကြီးနှင့်မျှော်ကြည့်၏။ တစ်မိနစ်....နှစ်မိနစ်....သုံးမိနစ်။ မိနစ်တို့မှာ နာရီအမျှ ကြာသည်ဟု လွှမ်းက ထင်နေသည်။

လွှမ်း ရင်မောနေချိန်ဝယ် ဆရာဝန်နှင့် ဆရာမလေးတို့ ထွက်လာကြသည်။

သွက်သွက်လျှောက်ခဲ့သော ဆရာဝန်သည် လူနာအနီး ရောက်သော် လူနာ၏မျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်ပြီး မျက်မှောင်ကြုတ်သွားသည်။ ဒေါက်တာသည် ဒူးထောက် ထိုင်ချ၍ နားကြပ်ဖြင့် လူနာအား စမ်းကြည့်သည်။

အတန်ကြာ၍ ပြန်ထလိုက်သော ဆရာဝန်၏ ဟန်မှာ လေးကန်နေ၍ မျက်နှာ၌လည်း၊ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ဟန်ကို ပြနေ၏။

'ဘယ်လိုနေလဲ ဆရာ'ဟု လွှမ်းက မေးသည်။

ဒေါက်တာက ခေါင်းခါယမ်း၏။ ထို့နောက် လေးပင်စွာ ဆိုသည်။

'ဝမ်းနည်းပါတယ်၊ မင်းတို့မေဖေမှာ အသက်မရှိတော့ဘူး'

လွှမ်းကိုယ်တိုင်မှာ ကြားရသောစကားကြောင့် အသက်ရှူ ရပ်သွားသည်။ စကားမဆိုမိ။ ဆရာဝန်ကိုသာ ကြောင်ကြည့် နေမိသည်။



ဒေါက်တာမှာ စိတ်မကောင်း၊ သို့သော် မည်သို့မျှ မတတ်နိုင်။ တစ်ဘက်တွင်မူ အသက်ကယ်ရဦးမည့် လူနာတစ်ဦးရှိနေပါသေး၏။

ဒေါက်တာက အခန်းဆီ ပြန်လျှောက်သွားသည်။

'အမလေး....ဖေဖေရဲ့'ဟုပေါက်ကွဲဟစ်ငိုသော လယ်လယ်၏ အသံက ပေါ်လာ၍ ကိုကိုလေးကမူ အရှူးပမာ ဆေးရုံ အင်္ဂတေကြမ်းပြင်ကို လက်သီးနှင့် ထုနေ၏။

ဤရှုခင်းကို အံကြိတ်ရင်း ကြည့်နေစဉ် လွှမ်း၏မျက်လုံးမျှားမှ မျက်ရည်ပေါက်ကြီးများ ကျဆင်းနေ၏၊ အသံကမူ မထွက်။

ထိုသို့ဖြစ်ခဲ့သမျှကို ခပ်လှမ်းလှမ်းမှ ဓောမောင်က မြင်သည်။ မသိကျွမ်းသော်လည်း တစ်မြို့တည်းနေသူချင်းဖြစ်၍ တစ်ဦးကိုတစ်ဦး မြင်ဖူးကြသည်။

လွှမ်းသည် နှုတ်ခမ်းကို ကိုက်လျက် ခါးကိုထောက်ကာ ဆရာမလေးကို ရင်ဆိုင်လိုက်၏။

'သိပ်ကောင်းတာပဲ ဆရာမရယ်၊ သိပ်ကောင်းကြတာပဲ၊ ကျွန်မတို့ အချိန်မီ အရင်ဦးအောင် ရောက်လျက်နဲ့ ကျွန်မတို့ ဖေဖေ မသေသင့်ဘဲ သေရတယ်'

'အို....ဒီလိုမပြောနဲ့လေ၊ ဆရာမတို့လဲ အတတ်နိုင်ဆုံး ကူညီတာပဲ မဟုတ်လား'

'မှန်ပါတယ်၊ ဆရာမတို့ကို ကျွန်မ ကျေးဇူးတင်ပါတယ်၊ ဆေးရုံကလူတွေအားလုံးဟာ တာဝန်ကျေပါတယ်၊ ကျွန်မ မကျေတာက ဟိုလူတွေပါ'

www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်တွင် စောမောင်မှာ လှမ်း၏အနီးသို့ ကပ်မိ ပြီဖြစ်သည်။

'လူနာချင်း ကိုယ်ချင်းမစာဘဲ စည်းမရှိ ကမ်းမရှိ အခွင့်အရေးကို မထရားယူသွားတဲ့ လူတွေ'

လှမ်းသည် အခန်းဆီသို့ ဒေါမာန်ပါပါ လှမ်းကြည့်သည်။

'ချမ်းသာပါစေ၊ မောင်မင်းကြီးသားတွေ ကျွန်မ အဖေ သေသလို မသေကြပါစေနဲ့'

စောမောင်မှာ မနေသာတော့။ လှမ်းထံ ကပ်ကာ 'ဒီမှာ ခင်ဗျာ၊ ကျွန်တော်ဟာ လူနာရှင်ပါပဲ၊ နည်းနည်းလောက် ရှင်းပြပါရစေ'

လှမ်းသည် ကျားမလေးဟန် စောမောင်ကို ရင်ဆိုင်လိုက်၏။

'မလိုပါဘူး၊ ရှင် ရှင်းပြလို့လဲ ကျွန်မအဖေ ပြန်မရှင်လာတော့ပါဘူး'

'မဟုတ်ပါဘူးဗျာ၊ ဖြစ်တာက ဒီလိုပါ'

'ရှင် ကျွန်မကို စကားမပြောပါနဲ့တော့၊ ကျေးဇူးပြုပြီး ဖယ်ပေးစမ်းပါ'

စောမောင်မှာ ခေါင်းခါရင်း နောက်ဆုတ် ပေးလိုက်ရသည်။ လှမ်းက ဆရာမကို မေးသည်။

'ကျွန်မတို့ အလောင်းကို အိမ်ပြန်ယူသွားနိုင်မလား'

'ဆရာမတို့ လူနာစာရင်းမှာ လက်မခံရသေးဘူး၊ ယူချင်ယူသွားနိုင်ပါတယ်'

လှမ်းသည် မောင်နှင့် ညီမကို မျက်ရည်ကြားမှ ပြုံး၍ အားပေးပြီး ဖခင်၏အလောင်းကို မြင်းလှည်းပေါ် ပြန်တင်



သည်။မနေနိုင်သော စောမောင်က ဝိုင်းကူမ ပေး၏။ဤအကြိမ်တွင်မူ လှမ်းသည် စကားမပြော၊ စောမောင်၏လက်ကို မိမိ၏လက်ကလေးများနှင့် ရိုက်ပုတ် ဖြုတ်ပစ်လိုက်သည်။

စောမောင်မှာ ခေါင်းယမ်းရင်း ထွက်သွားသော မြင်းလှည်းကို ငေးကြည့်ကျန်ရစ်သည်။

✱

မေ့မြောနေခဲ့သော ဒေါက်တာမင်းညိုမှာ ညခုနစ်နာရီထိုးပြီးမှ သတိကောင်းစွာ ရခဲ့သည်။ သတိရခဲ့သော်လည်း အားနည်းနေ၍ ရင်မှာကျပ်ကာ အသက်ရှူရ ခက်နေသေးသည်။

သတိရပြီး မကြာမီပင် တာဝန်ကျဆရာဝန်နှင့် စောမောင်တို့က ပေါ်လာကြသည်။

'ဆရာကြီး....ကောင်းကောင်းသတိရပြီနော်'

ဆရာဝန်တစ်ဦးက မိမိအား ဆရာကြီးဟု ဂုဏ်ပြုခေါ်နေသည်ကို ထောက်၍ စောမောင်ကြောင့် မိမိအား မည်သူမည်ဝါဖြစ်သည်ဟု ဆိုင်ရာတို့ သိကုန်ကြပြီ ဖြစ်ကြောင်း ဒေါက်တာမင်းညို ရိပ်မိသည်။

'ကောင်းကောင်း သတိရပါပြီ ဒေါက်တာ၊ ကျွန်တော် သိပ်ကျေးဇူးတင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းညိုမှာ ဆက်စကားမပြောနိုင်၊ ချောင်းတဟွတ်ဟွတ်ဆိုးလာသည်။

'ဆရာကြီး၊ အဆုတ်အအေးမိသွားတယ်၊ နမိုးနီးယားမဖြစ်အောင် ကျွန်တော် ကြိုတင်ပြီး ဆေးတော့ ထိုးထားပါတယ်၊ စီအက်(စ်) (ခရိုင်ဆရာဝန်ကြီး) တောင် စောစောစီးစီး လာကြည့်သွားသေးတယ်'

ဒေါက်တာမင်းညိုက ခဝဒနာကြားမှ ကြိုးစားပြုံးသည်။

'ကျွန်တော့်ကြောင့် အားလုံး ဒုက္ခများကုန်ကြပြီ ထင်ပါတယ်ဗျာ၊ ကျေးဇူးလဲ သိပ်တင်ပါတယ်၊ ဪ....ဒေါက်တာ ကိုစောမောင် ကျွန်တော်ဆယ်ခဲ့တဲ့ ရေနစ်သူကော'

'သူကတော့ အာမှုမဖြစ်ဘူး ကိုမင်းညို၊ ခင်ဗျားကို ဆေးရုံတောင် လိုက်ပို့လိုက်သေးတယ်၊ ဒါပေမယ့်....'

စောမောင် စကားကို ရပ်ပစ်လိုက်၏။ ဒေါက်တာမင်းညိုက နားမလည်ဟန် မျက်မှောင်ကြုတ် အဖြေတောင်းသကဲ့သို့ လှမ်းကြည့်သဖြင့် ဆရာဝန်လေးက ဝင်ရှင်းပြသည်။

'ဒီလိုပါဆရာကြီး၊ ဆရာကြီးအရင် ဏပ်ပြီး အရေးပေါ် လူနာတစ်ယောက် ရောက်လာတယ်၊ ကျွန်တော်သဲ မသိဘူး၊ ဆရာကြီးကို မြင်တော့ ဆရာကြီးမှန်းလဲ မသိပါဘူး၊ ဝတ္တရားအရက အရေးပေါ် လူနာဆိုရင် သိမြင်ရင် သိမြင်ချင်း အမြန်ဆုံး ပြုစုရတာပဲမဟုတ်လား၊ တစ်ခါ အဲဒီလူနာရောက်နေမှန်း သိသိချင်း ကျွန်တော်ပြေးသွားတော့ အသက်ကုန်နေပြီ'

ဒေါက်တာမင်းညိုမှာ စိတ်ထိခိုက်သွားသည်။



'အို....ကျော်ကျော် ဖြစ်ရလေဗျာ၊ ကျွန်တော့်လူတစ်ယောက် အသက်ကိုကယ်တာ တခြားတစ်ယောက်ကို သတ်မိသလိုဖြစ်နေပြီ၊ ဟိုလူနာရှင်တွေက ခင်ဗျားတို့ကို အထင်လွဲသွားတော့မှာပဲနော်ဒေါက်တာ'

ဆရာဝန်လေးက ခေါင်းခါသည်။

'မတတ်နိုင်ဘူး ဆရာကြီး၊ ကျွန်တော်တို့ ဆရာဝန်တွေအတွက်တော့ မသိနားမလည်တဲ့ လူနာရှင်တွေရဲ့ အထင်လွဲခံရမှုဟာ မဆန်းတော့ပါဘူး၊ စေတနာသာလျှင် ကံလို့ပဲ မှတ်ရတော့မှာပဲ'

ဤအချက်၌ စောမောင်က ဝင်ရောက် ရှင်းပြသည်။

'ဆေးရုံကြီးကိုတော့ သူတို့ အထင်မလွဲကြပါဘူး၊ ဒါပေမယ့် လှမ်းကတော့ ခင်ဗျားကို ကောင်းကောင်း မေတ္တာပို့သွားလေရဲ့ဗျ ကိုမင်းညို'

'ဗျာ....၊ လှမ်း ဟုတ်လား'

'ဟုတ်တယ်၊ လှမ်း.... တဲ့၊ သေသွားတဲ့ အဘိုးကြီးရဲ့ သမီး အကြီးလေ'

'ခင်ဗျား သူတို့ကို သိသလား ကိုစောမောင်'

'အား....သိတယ်တော့ မဆုတ်ဘူး၊ မသိဘူးလဲ မဟုတ်ဘူး'

စောမောင်၏စကားကြောင့် ရယ်ကြရသည်။

'ဒီလိုပါလေ၊ တစ်မြို့တည်းနေနေကြတော့ လူချင်း မခင်ပေမယ့် တစ်ယောက်အကြောင်း တစ်ယောက် သိတော့တာပေါ့၊ အဘိုးကြီးက မုဆိုးဖို၊ ပင်စင်စားဗျာ၊ နှမ်းနှမ်းပါး

www.burmeseclassic.com

www.burmeseclassic.com



ပါး ထဲကပဲ၊ ဒီအဖေကြီးသာ အားကိုးနေကြရတော့ ခု.... ခမျာမျှားမှာ တောင်ကြီး ပို့ပြီး ညောင်ပင်ကြီး လဲသလို ပေါ့'

ဒေါက်တာမင်းညိုက ခေါင်းကိုခါယမ်းသည်။

'ဒါထက် ကျွန်တော် ဘယ်သူဆိုတာ သိကုန်ကြပြီလား'

ဤနေရာတွင် ဆရာဝန်လေးက ဝင်ရှင်းပြ၏။

'ကျွန်တော်နဲ့ စီအက်(စ်) လောက်ပဲ သိပါသေးတယ် ဆရာကြီး၊ ဟောဒီ ကိုစောမောင်က လျှို့ဝှက်ခိုင်းထားလို့'

'ဟုတ်တယ် ကိုမင်းညို၊ ကျော်မကောင်း ကြားမကောင်း သတင်းစာတွေထဲ ပါမှာစိုးလို့၊ပြီးတော့ ခင်ဗျားတို့ ဆရာဝန်တွေကတော့ မှန်ရင် ပြီးရောဆို ဂရုမစိုက်ပေမယ့် ပတ်ဗလစ်အိုပီနီယံ အများထင်ကြေးက ရှိသေးတယ် မဟုတ်လား၊တော်တော်ကြာ ဆရာဝန်ချင်းမို့ ပင်းတယ်ဘာတယ် စွပ်စွဲလာရင် စေတနာဟာ ဝေဒနာ ဖြစ်လာဦးမယ်'

ဒေါက်တာမင်းညိုက ခေါင်းညိတ်သည်။

'မှန်တယ် ကိုစောမောင်၊ ခင်ဗျား အမြော်အမြင် ကြီးပါပေတယ်၊ ဒါဖြင့် ကျွန်တော့်နာမည် ဘယ်လို ပေးထားသလဲ'

'ညာတာလဲ မဟုတ်ဘူးလေ၊ တစ်ဝက်အမှန်ပေါ့၊ ခင်ဗျားငယ်နာမည်လေ မောင်မောင်လွင်လို့'

ဆရာဝန်နှစ်ဦးမှာ ရယ်မိကြပြန်သည်။

'ဒီလိုဖြင့်ရင် ကိုစောမောင်၊ ခင်ဗျား အဲဒီ လှမ်းတိုဆီ သွားတောင်းပန်ပေးပါလား၊ အကျိုးအကြောင်း ရှင်းပြပေးဖို့လေ၊ မောင်မောင်လွင် ကိုယ်စားပေါ့'



'ဟာ...ညနေကတည်းက ကြိုးစားကြည့်ပြီးပြီ၊ ခါးခါးသီးပဲဗျာ၊ ဒီတစ်ခါသွားရင် ပါးရိုက်လွှတ်လိမ့်မယ် ထင်တယ်'

'ရိုက်ခါမှ ရိုက်ပေါ့ဗျာ၊ အရိုက်ခံရတာများတော့ ခင်ဗျားဟိုက်စကူးတုန်းက ရိုးနေပြီ မဟုတ်လား၊ ဟား....ဟား....အဟုတ်....အဟုတ်....ကျွန်တော်က နောက်တာပါ၊ ထပ်ရှင်းပြကြည့်ပါဦး'

'ဟိုက်စကူးတုန်းက အရိုက်ခံရတာက ကိုယ့်ဘာသာကိုယ် စာဆိုက်ပေးလို့ ခံရတာ၊အခုဟာက ခင်ဗျားအတွက်၊ခင်ဗျားနဲ့ဘယ်လိုမှမကျွမ်းသေးတဲ့ မရွှေလှမ်းက တီးရင် ကျုပ်က ကြားထဲက ခံရမှာ၊ ထားပါတော့လေ၊ ကျွန်တော် ကြိုးစားကြည့်ပါမယ်'

ဒေါက်တာမင်းညိုက ချောင်းတဟွတ်ဟွတ်ဆိုးရင်း ရယ်မောသည်။

'အဲဒါကြောင့် သူငယ်ချင်းကို အားကိုးတာ၊ ဪ....ဒါထက် ဒေါက်တာ၊ ကျွန်တော် ဆေးရုံကြီးမှာနေရင် လူသိရှင်ကြား ဖြစ်ကုန်မယ်၊မနက်ဖြန်ကစပြီး လူမသိသူမသိ အကုခံစရာနေရာ မရှိဘူးလား'

ဆရာဝန်လေးက ခေတ္တ စဉ်းစားသည်။

'ဒီလိုလုပ်လေ၊ ကျွန်တော့်အိမ် လိုက်နေပါလား၊ ကျွန်တော်က *တစ်ကိုယ်ရေ တစ်ကာယပဲ၊ လွတ်လပ် ဆိတ်ငြိမ်ပါ*တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒီအကြံ သိပ်ကောင်းတယ်၊ ကဲ....ဂွဒ်နိုက် ဒေါက်တာ၊ ကျွန်တော် နားချင်တယ်၊ ဪ.... ဒါထက် ဒေါက်တာ့ နာမည်'

'ကျွန်တော့် နာမည် ဒေါက်တာ စိန်ဝင်းပါ၊ ဂွဒ်နိုက်.... ဆရာကြီး'

'ဂွဒ်နိုက်....ဒေါက်တာစိန်ဝင်း၊ ကဲ—ကိုစောမောင်၊ နက်ဖြန် လွှမ်းတို့အိမ် သွားလိုက်ပါဦး'

'အံမယ်....ဒီနာမည်ကို သိပ်ခံတွင်းတွေ့နေတယ် ဟုတ်လား။ ကောင်းပါဗျာ ကောင်းပါ့၊ ခင်ဗျား မမြင်ခင် လွှမ်းနေတဲ့ မမလွှမ်းဆီ ကျွန်တော် တာန်းတန်းမတ်မတ် သွားဖြစ်အောင် သွားပါမယ်၊ စိတ်ချ၊ ဂွဒ်နိုက်'

'ဂွဒ်နိုက်'

(၂)

အထက်ပါအတိုင်း ဖြစ်ပျက်ခဲ့ပြီးနောက် ဆယ်ရက်ခန့် ကြာခဲ့သည်။

လွှမ်းသည် ထမင်းစားခန်း စားပွဲ၌ ထိုင်ရင်း ဦးဘိုးရှင် မဆုံးမီကလေးတွင် ရောက်ရှိခဲ့သော သံကြိုးစာချွက်ကို ကိုင် လျက် ငိုင်နေသည်။ ဤသံကြိုးစာနှင့် မိမိ၏ ဖခင်မှာ မည်သို့ သက်ဆိုင်လေသနည်း။ သံကြိုးစာရွက်ပေါ်၌မူ လွှမ်းအနေနှင့် မည်သို့မျှ အဓိပ္ပာယ် မဖော်နိုင်သော အက္ခရာ သုံးလုံးသာ ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

'အ.ပ.က'

လက်မှတ်နေရာ၌ 'လူ' ဟူ၍ တစ်လုံးတည်းသာပါ၍ မော်လမြိုင်မြို့မှ ရိုက်လိုက်ခြင်း ဖြစ်သည်။ လှမ်းသိသမျှ မော်လမြိုင်ဘက်ဆီ၌ ဆွေမျိုး မိတ်သင်္ဂဟဟူ၍ တစ်ဦးမျှမရှိ။ မဟောင်ဦးဆန်းသော ဤသံကြိုးစာနှင့် ရိုးသား၍ မည်သို့မျှ လျှို့ဝှက်မှုမရှိသည့် မိမိဖခင်၏ သာမန် အငြိမ်းစားဘဝကို လှမ်းအနေနှင့် ဆက်စပ်ကြည့်၍ မရ။

လှမ်းသည် သက်ပြင်းရိုက်လျက် တိတ်တိတ်ကျိတ် ငိုကြွေးသည်။ လှမ်းအနေနှင့် တိတ်တိတ်သာ ကျိတ်၍ ငိုကြွေးခဲ့ရသည်။ မိမိ၏ အရိပ်အခြည်ကိုသာ ကြည့်နေကြရှာသည့် အားငယ်သူ မောင်နှင့် ညီမ ရှေ့တွင် လှမ်း မငိုဝံ့။

အပြင်ဘက်ခန်းမှ ယောကျ်ားသံ ညြညြနှင့် တစ်ချီတစ်ချီတွင် ကျိတ်၍ ခစ်ခနဲ ရယ်လိုက်သည့် မိန်းမသံလေးကို ကြားနေရသည်။ နေစိုးနှင့် လယ်လယ်တို့တည်း။

မထူးတော့ပြီဖြစ်၍ သူတို့မောင်နှံကို လှမ်းသည် လွတ်လပ်စွာ နေခွင့်ပေးထား၏။ နေစိုးမှာလည်း တစိမ်းတစ်ရံဆံ လူမဟုတ်။ ငယ်စဉ်ထဲမှ မောင်ဖွားပမာ အတူကြီးလာသူ ဖြစ်သည်။ ဤကလေး နှစ်ယောက်၏ အိမ်ထောင်ဖက်ပြုရေးကို မိမိဖခင် မသေမီကတည်းက သဘောတူပြီး ဖြစ်၏။

နေစိုးခမျာအနေနှင့်လည်း သိတတ်ပေသည်။ အသုဘကိစ္စမှစ၍ ဖြစ်ပေါ်လာသမျှ ပြဿနာတို့ကို သူသာလျှင် ဝင်ကူညီဖြေရှင်းမပေးလျှင် လှမ်း အနေနှင့် မည်မျှဒုက္ခတွေ့ရဦးမည် မသိ။ ကူညီဖြေရှင်းသည်ဆိုရာ၌ ငွေရေးကြေးရေးပါ ပါသည်။



သူကိုယ်၌ကား မိဘမဲ့တစ်ကောင်ကြွက်ဖြစ်သော နေစိုးသည် မိမိတို့ မိဘမဲ့တစ်သိုက်အတွက် သူ မျှော်မှန်းသည်ထက် စော၍ တာဝန်ယူနေရရှာပြီဖြစ်ကြောင်း လှမ်းသည် ကောင်းကောင်း သဘောပေါက်ခဲ့သည်။

သို့ကြောင့်လည်း ချစ်သူနှစ်ဦးကို လွတ်လပ်စွာနေစေသည်။ တစ်နည်းအားဖြင့် ဆိုလျှင်လည်း စိတ်မချမ်းမမြေ့ဖွယ်သော ဤအိမ်ဂေဟာဝယ် သူတို့နှစ်ဦး၏ မေတ္တာပန်းသည်သာ ကြည်နူးဖွယ် ကြိုင်သင်းလေသည့် တစ်ခိုင်ပန်းနှယ် ပမာ ပေတည်း။

လှမ်း ငိုင်နေခိုက် ကိုကိုလေးသည် ဝင်လာ၏။ ထာဝစဉ် မရွှင်မပျသော ဤလူငယ် ယခုမူ ပိုမိုညှိုးနွမ်းနေသည်။

လှမ်းက မျက်ရည်များကို လျှင်မြန်စွာ သုတ်ပစ်၍ သူ့နံဘေးတွင် ငြိမ်သက်စွာ ထိုင်လာသော မောင်ငယ်အား ကြိုးစားပြုံးလျက် ကြည့်သည်။

'မမလှမ်းကို ကျွန်တော် တစ်ခုပြောမလို့'

'ပြောလေ မောင်လေး၊ ဘာလဲ'

'ကျွန်တော်....ဒီမှာ မနေတော့ဘူး'

'ဘာပြောတယ်'

'ကျွန်တော် ရွာက အမေတို့ဆီဖြစ်ဖြစ် ပြန်နေဦးမယ်'

'ဘယ်လိုလဲ မောင်လေး၊ မင်း မမလှမ်းတို့ကို ပစ်သွားတော့မလို့လား'

ရင်ဝယ်ဆို့သွားဟန်နှင့် သူက မျက်ရည်ဝဲလျက် အစ်မကို လှမ်းကြည့်သည်။

www.burmeseclassic.com



'မမလွှမ်းတို့ကို ကျွန်တော်ပစ်မသွားချင်ပါဘူး၊ ဒါပေမယ့် ကျွန်တော် ဒီအိမ်မှာ မနေထိုက်တော့ဘူး၊ ဦးလေးကို ကျွန်တော် သတ်ခဲ့တာပဲ'

'မင်း ဘာတွေလျှောက်ပြောနေတာလဲ ကိုကိုလေး'

'ကျွန်တော် အမှန်ကို ဝန်ခံနေတာပဲ၊ ကျွန်တော့်ကြောင့် ဦးလေး ဒေါသထွက် စိတ်လှုပ်ရှားပြီး သေခဲ့ရတာပဲ'

'ဒါတွေ မေ့ပစ်လိုက်ပါကွယ်၊ ပြီးတော့ ဖေဖေ သေရတာဟာ ဟောဒီသံကြိုးစာနဲ့ ပတ်သက်နေတယ်လို့ မမလွှမ်း ထင်တယ်'

'အလကား သံကြိုးစာပါ မမလွှမ်းရေ၊ ဘယ်ကလာသားတွေ နောက်ပိုလိုက်သလဲမှမသိဘဲ၊ ဦးလေး သတိမလစ်ခင် ပြောသွားတဲ့စကား မှတ်မိသေးလား'

'ဘာလဲ'

'ကျွန်တော့်ကို လက်ညှိုးထိုးပြီးတော့ ဟိုခကောင်.... ဟိုကောင် ဆိုတာလေ၊ ကျွန်တော့် မျက်စိထဲမှာ အမြဲမြင်နေတယ်၊ နားထဲမှာလဲ ကြားယောင်နေတယ်'

'ဘာဆိုင်လို့လဲမောင်လေးရယ်၊ သတိလစ်ခါနီးမို့ ကယောင်ကတမ်း ဖြစ်တာကိုး'

'ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်တော့်စိတ်ထဲတော့ စွဲနေတယ်၊ ဦးလေး ဆုံးရတာဟာ ကျွန်တော် တရားခံပဲ'

'မရှိတဲ့အပြစ်ကို ဘာလို့ ရှာကြံယူချင်ရလဲ ကိုကိုလေး၊ တကယ်ဆိုတော့ တရားခံဟာ မင်း မဟုတ်ဘူး'



လွှမ်း၏မျက်လုံးအိမ်မှ မျက်ရည်များနှင့်အတူ ဒေါသရိပ်များ လွှမ်းလာသည်။

'တို့ဆေးရုံကို အချိန်မီ ရောက်သားပဲ၊ ဟိုသတ္တဝါတွေသာ ဝင်မနှောင့်ရင် ဖေဖေ ဘယ်နည်းနဲ့မှ မသေနိုင်ဘူး'

လွှမ်း၏အသံမှာ ဝမ်းနည်းမှု မခံချင်မှုတို့ဖြင့် တုန်ယင်နေ၏။

'သူတို့အပြစ်ကလဲ အပြစ်ပေါ့လေ၊ ဒါပေမယ့် ဇာတ်ကွင်းဆက်ကို လိုက်ကြည့်ရင် အစက ကျွန်တော်ပဲ၊ ဒီတော့ ဒီမှာနေရတာ ကျွန်တော် လိပ်ပြာမသန့်ဘူး၊ မမလွှမ်းတို့က ဘယ်လောက် ခွင့်လွှတ်ခွင့်လွှတ် ကျွန်တော် စိတ်မချမ်းသာဘူး၊ ကျွန်တော့်ကိုသာ သွားခွင့်ပြုပါ မမလွှမ်းရယ်'

'မင်း ဘယ်ကိုသွားမလဲ'

'ရွာကိုပြန်မယ်လေ၊ ပြီးတော့ ကျွန်တော့် ခြေပေါ် ကျွန်တော် ရပ်တည်နေနိုင်အောင် တစ်ခုခု ကြိုးစားကြည့်မယ်၊ ကျွန်တော် ဒီမှာနေလို့က စားမယ့် ပါးစပ်ပေါက် တစ်ပေါက်သာ တိုးနေမယ်၊ မမလွှမ်းတို့အခြေအနေလဲ ကျွန်တော်သိသားပဲဟာ'

ဤတစ်ကြိမ်တွင်မူ လွှမ်းသည် စကားမပြော။ ကျစီးလာသော မျက်ရည်များကိုလည်း မသုတ်။

'အစ်ကိုနေစိုး အလုပ်ရလို့ မမလယ်နဲ့ လက်ထပ်ပြီးရင် မမလွှမ်းတစ်ယောက်ကိုတော့ သူတို့ ကျွေးမွေးထားနိုင်မှာပါပဲ၊ ကျွန်တော်လဲ တစ်ခုခု ဖြစ်ဖြစ်မြောက်မြောက် လုပ်နိုင်ရင် မမလွှမ်းတို့ဆီ ပြန်လာပြီး ကျေးဇူးဆပ်ပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းက မျက်ရည်ထည့်ရွဲနှင့် ခေါင်းခါသည်။

'လယ်လယ်နဲ့ မောင်နေစိုးကို အမြန်ဆုံး လက်ထပ်ပြီး ရန်ကုန်ကို လွှတ်လိုက်ဖို့ မမလွှမ်း စီစဉ်ပြီးပြီ၊ မမလွှမ်းတော့ လိုက်မနေပါဘူး၊ သင့်လဲ မသင့်တော်ဘူး၊ ကဲလေ...မင်းလဲ စိတ်ချမ်းသာမယ်ထင်ရင် သွားပေတော့၊ မမလွှမ်း ခွင့်လွှတ်ပါတယ်'

'မမလွှမ်းက ဘယ်သူနဲ့ နေရစ်မလဲ'

'နေရစ်ခဲ့လို့လဲ အိမ်ဧရိတ်ကို မမလွှမ်းမတတ်နိုင်ဘူး၊အိမ်နဲ့ ခြံကို ထုခွဲပြီး မဟာဂန္ဓာရုံကျောင်းက ဆရာလေးတို့နဲ့ သွားနေမယ် စိတ်ကူးတယ်'

လွှမ်းသည် မထိန်းချုပ်နိုင်ဘဲ ပေါက်ကွဲငိုချင်လာသဖြင့် ကိုကိုလေးကို ထားခဲ့ကာ အိပ်ခန်းတွင်းသို့ ပြေးဝင်ခဲ့သည်။

ညနေစောင်း၌ ကိုကိုလေးသည် အစ်မများကို ကန်တော့ လျက် မှိုရှာကားကြီးနှင့် ရှာပြန်သည်၊

လွှမ်းသည် အိမ်ပေါက်ဝမှ မောင်ဖြစ်သူအား မျက်စိတဆုံး ငေးမျှော် ကြည့်ကျန်ရစ်၏။ အနားမှ နေစိုးနှင့် လယ်လယ်တို့ ကလည်း ဘာမျှမပြောနိုင်ကြ။

လွှမ်း ဤသို့ စိတ်ထိခိုက်နေချိန်မှ စောမောင်က ပေါ်လာ ပြန်သည်။

လွှမ်း၏ ဝမ်းနည်းမှုအရှိန်တို့သည် တစ်မုဟုတ်ချင်း ဒေါသ အဖြစ် ပြောင်းလဲကုန်၏။

'ရှင်လာပြန်ပြီလား'



လွှမ်းက စောမောင်ကို အိမ်ပေါ်သို့ အတက်မခံ၊

'ဟိုနေ့က လွှမ်းသေးပွနေတုန်းမို့ ကျွန်တော် ရှင်းမပြနိုင်ဘူး၊ အခုတစ်ခါ ကာယကံရှင် ကျွန်တော့်မိတ်ဆွေက အတန် တန် လွှတ်လို့ ကျွန်တော်ပြန်လာတာပါ'

'ရှင်ပြန်လာဖို့ ဘာမှမလိုဘူး၊ ရှင်တို့နဲ့ကျွန်မ ဆက်ဆံစရာ လဲ ဘာမှအကြောင်းမရှိဘူး'

'လွှမ်းအနေနဲ့က ပြောနိုင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် တို့မှာက တောင်းပန်ဖို့ ဝတ္တရားရှိတယ်'

'တောင်းပန်မနေနဲ့၊တောင်းပန်လဲ အပိုပဲ၊ ရှင်တို့ကို ကျွန်မ တစ်သက် ခွင့်မလွှတ်ဘူး၊ ရှင်းပြီလား၊ ကဲ....ပြန်ကြွပေတော့'

စောမောင် ပါးစပ်ကြီး ပြဲသွားသည်။ စကားကုန်အောင် လွှမ်းက ပိတ်ပြောလိုက်သဖြင့် ဘာဆက်ဆိုရမှန်းမသိ၊ နောက် မှ ရှက်သွေးဖြန်းသော မျက်နှာနှင့် သူ့အား အားနာဟန် ကြည့်နေကြသည့် လယ်လယ်နှင့် နေစိုးအား နှုတ်ဆက်လျက် ပြန်ပြေးသည်။

လွှမ်းအိမ်ပေါ် တက်သွားသောအခါ နေစိုးသည် ငယ် ကြောက်ဖြစ်သည့် မရီးလောင်းအား နောက်မှခေါင်းခါကြည့် ရင်း လယ်လယ့်ကို ညည်းသယောင် ပြောသည်။

'မမလွှမ်းနဲ့ ဒီလူတွေနဲ့တွေ့မှ တွေ့တတ်တယ်၊ ရှေ့ဘာတွေ လျှောက်ဖြစ်ဦးမလဲ မသိဘူး'

✹

www.burmeseclassic.com

www.burmeseclassic.com



နေ့စိုးညည်းသော ဒီဇမ္ဗူဘေးအနက်မှ ဖာစ်ယောက်ဖြစ်သူ ဒေါက်တာမင်းညိုသည် ဒေါက်တာစိန်ဝင်း၏ အိမ်ရှေ့ခန်းမှ သတင်းစာဖတ်ရင်း စောမောင်အား စောင့်မျှော်နေသည်။

ရှေ့နစ်စဉ် အအေးမိသောဒဏ်ကြောင့် နှူးမိုးနီးယားဝင်ခဲ့သေးသည်။ ဒေါက်တာစိန်ဝင်း ကြိုတင်၍ ဆေးထိုးပေးထားသဖြင့် အကြီးအကျယ်မခံရသော်လည်း ခုနစ်ရက်ကျော် အိပ်ရာထဲ လဲနေခဲ့ရ၏။ သက်သာလည်းမှာ သုံးရက် ကျော်လင့်ကစားချောင်းဆိုးမှာ ကောင်းကောင်း မရပ်သေး။

စောမောင်အရင် ဒေါက်တာစိန်ဝင်း ဘင်းနစ်ရိုက်ရာမှ ပြန်လာသည်။

'ဘယ့်နှယ်လဲ ဆရာကြီး၊ နေသာတယ်နော်'

'ချောင်းဆိုးတာလောက်ပဲ ကျန်ပါတော့တယ် ဒေါက်တာ၊ ဪ....ကျွန်တော် နက်ဖြန် မန္တလေးသွားမယ်၊ သန်ဘက်ခါ ရန်ကုန်ပြန်မယ်'

'နာလန်ကောင်းကောင်းထူအောင် ဒီမှာပဲ ဆက်နားနေပါဦးလား ဆရာကြီး'

'ကိစ္စမရှိပါဘူးဗျာ'

'ကျွန်တော့်ခွင့်ရက်ကလဲ စေ့နေပြီ၊ ပြီးတော့ ရန်ကုန်မှာ အရေးကြီးတဲ့ လူနာတွေ ရှိသေးတယ်'

ထိုစဉ် စောမောင် ပြန်လာသည်။

'ဘယ့်နှယ်လဲ ကိုစောမောင်'

'ဘယ့်နှယ်မှမဆိုဘူး၊ ကျွန်တော်သာ လဲခဲ့တာ'

'ဘာပြောတာလဲဗျ'



'ဦးဘိုးရှင်သမီးအကြီး မာနကြီး စိတ်ထက်တယ်လို့ အရင်က ကြားဖူးရုံကြားဖူးတာ၊ ခုမှ'

'ခင်ဗျားကို ဘာပြောလွှတ်လိုက်ပြန်ပြီလဲ'

'တောင်းပန်မနေနဲ့တဲ့၊ တောင်းပန်လဲအပိုပဲတဲ့၊ ရှင်တို့ကို ကျွန်မတစ်သက် ခွင့်မလွှတ်ဘူးတဲ့၊ ရှင်းပြီလား၊ မေတ္တာတွေ မေတ္တာတွေ'

ဒေါက်တာမင်းညိုက စိတ်မကောင်းဟန် ခေါင်းယမ်းနေဆဲ စောမောင် ဆက်ပြော၏။

'တကတဲဗျာ၊ အိမ်ပေါ် အထက်မခံဘူး၊ စကားလဲ နှစ်ကြောင်းပြည့်အောင် မပြောခဲ့ရဘူး'

'သူ့ ခမျာ လောဇလောလတ်လတ် စိတ်မချမ်းမသာဖြစ်နေတုန်းမို့နဲ့ တူပါတယ် ကိုစောမောင်'

'အင်း....အင်း၊ ခင်ဗျားက ဒီအနေ ထိုင်ခွင့်လွှတ်နေ့ဟိုက ပြောလိုက်ပြီလေ၊ ခင်ဗျားကို တစ်သက် ခွင့်မလွှတ်ဘူးတဲ့'

'ကျွန်တော့်ကို ခွင့်မလွှတ်တာလို့ မဆိုနိုင်သေးပါဘူး ထင်တယ်၊ ကျွန်တော်လဲ သူ့ မမြင်ဖူးသေး၊ ပြီးတော့ ဘယ်သူ ဘယ်ဝါဆိုတာလဲ မသိသေး၊ မဟုတ်ဘူးလား ဒေါက်တာ'

ဒေါက်တာမင်းညိုက ဒေါက်တာစိန်ဝင်းအား လှမ်း၍ ရယ်မောရင်းပြော၏။ စောမောင်ကသာ မကျေနပ်ဟန် ဆက်လေရှည်သည်။

'အေးပါဗျာ၊ မြင်တော့သိတော့မှသာ ခွင့်လွှတ်ပါစေလို့ ဆုတောင်းပါတယ်၊ ခွင့်မလွှတ်ရင်တော့ ခင်ဗျား အင်မတန် ကံဆိုးတဲ့လူပဲ'

www.burmeseclassic.com



'ခင်ဗျာ ....ဘာကြောင့်'

'ယောကျ်ားရယ်လို့ဖြစ်လာရင် မိန်းမတစ်ယောက်က မချစ်ရင်တောင် အင်မတန် ကံဆိုးတာ၊ ခွင့်မလွှတ်နိုင်အောင် မုန်းတာယ်ဆိုရင်တော့ လူဖြစ်ကျိုးကိုရှုံးတာပဲ၊ အထူးသဖြင့် လှမ်းလို ချောတဲ့ မိန်းကလေးတစ်ဦးက မုန်းတဲ့ဘဝမှာ ခင်ဗျား ရေနစ်ရာက ပြန်မပေါ်လာရင်မှ ကောင်းဦးမယ်'

'တယ်စာတဲ့ ဆိုပါလားဗျို့'

ဒေါက်တာနှစ်ဦးမှာ ပွဲကျရယ်မောမိကြသည်။ ဒေါက်တာမင်းညိုက အရယ်ရပ်သော် ဝမ်းနည်းဟန်နှင့်ဆိုသည်။

'ဒီအတိုင်းဆိုရင်တော့ ကိုစောမောင် ကျွန်တော်ဟာ အင်မတန် ကံဆိုးနေပြီ၊ လှမ်းခွင့်လွှတ်တဲ့အထိ ကျွန်တော် မချော့နိုင်ဘူး၊ ဘာပြုလို့လဲဆိုတော့ နက်ဖြန် ကျွန်တော် ပြန်တော့မှာမို့'

စောမောင်က ခေါင်းတညိတ်ညိတ်နှင့် 'ကောင်းပါရဲ့ဗျာ ကောင်းပါရဲ့၊ ဒီဇာတ်လမ်း မြန်မြန်သိမ်းတာ ကောင်းပါတယ်' ဟု မှတ်ချက်ချသည်။

'မသိမ်းချင်သေးလဲ ခင်ဗျားပဲ ဆက်ချော့နေရစ်လေ'

စောမောင်က မျက်နှာရှုံ့မဲ့လျက် 'ဒိုးဆလံ၊ တင်းဆာလံ ဆရာရေ၊ ဒီဝဋ် ဒီကပဲ ကျွတ်ပါရစေ' ဟုဆိုသဖြင့် ဒေါက်တာမင်းညိုမှာ ရယ်မောမိ၏။

ရယ်မိသော်လည်း သူ့စိတ်တွင်း၌မူ မကောင်းလှ။

စင်စစ် မိမိ၌ အပြစ်မရှိသည်ကိုသိသည်။ သို့သော် ဒေါက်တာ၏ နူးညံ့သောစိတ်၌ မှိုခိုရာ ဖခင်ဆုံးရှုံးရာသည့် နှမ်းပါ



သည်ဆိုသော မိန်းမသားခမျာမျှားကို ရင်ထုမနာ၊ ကရုဏာပွားမိနေသည်။ စောမောင်ပြောသည့် ချောမောသည်ဆိုသော မိန်းမပျို၏ လှမ်းဆိုသည့် အမည်ကပင် ဘာကြောင့်မသိ သူ့ရင်ကို လှိုင်းဖြုဖြုထစေသည်။

ထိုညအဘက် အဖျားငွေမကုန်သေးသော ဒေါက်တာ၏ အိပ်မက်တို့၌ ပုံပန်းဖမ်းမရသော လှမ်းသရုပ်ဆောင်သည့် ကရုဏာဇာတ်လမ်းတို့ ရှုပ်ယှက်ဝင်ရောက်ခဲ့၏။

နောက်တစ်နေ့နံနက်တွင် ဒေါက်တာမင်းညိုနှင့်စောမောင်တို့သည် ဆေးရုံကြီးသို့သွား၍ ငွေတစ်ထောင်လှူဒါန်းခဲ့သည်။ ဆရာဝန်ကြီးက ပြုံးနေခိုက် ဒေါက်တာမင်းညိုက အလှူရှင်နာမည်ကို ဦးမှောင်မောင်လှင်ဟုသာ ရေးပေးခဲ့သည်။

စောမောင်နှင့် ဒေါက်တာမင်းညိုသည်ဒေါက်တာစိန်ဝင်းတို့အား နှုတ်ဆက်ခဲ့ပြီး မြို့တွင်းပြန်၍ မော်တော်ကား ခတ်ဆီ ဖြည့်သည်။ ခတ်ဆီဖြည့်အပြီး စီးကရက်ဝယ်ရန် ဈေးအနီး လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့၌ ကားကို ခေတ္တရပ်၏။ ထိုအခိုက်တွင်ပင် စောမောင်က ဒေါက်တာမင်းညို၏ လက်မောင်းကိုလှုပ်၍ အလန့်တကြား ဆိုသည်။

'ဟိုမှာ....ဟိုမှာ'

'ဘာလဲဗျ၊ အလန့်တကြား'

'လှမ်းလေ၊ ခင်ဗျာ့လှမ်း'

ဒေါက်တာ၏ရင်မှာ ခုန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်ဖက်ရှိ မျက်နှာချင်းဆိုင်ရှိ ကုန်စုံဆိုင်ခန်းဆီသို့ လှမ်းကြည့်လိုက်မိသည်။ မြင်ရပြန်တော့လည်း စောမောင်ချီးမွမ်းခဲ့သည်မှာ မလွန်ဟု ဒေါက်တာမင်းညို နားလည် မိသည်။ ရေညှိရောင်ထဘီ အစိမ်းရင့်၊ အင်္ကျီအဖြူလက်စကနှင့် လှမ်းမှာ အထူးမပြုပြင်ထားသော်လည်း တောင့်တင်းစိုပြည် ကိုယ်ဟန်နေနှင့် ဂုဏ်ရည်ပြည့်ပြည့် ကျက်သရေရှိလှသည်။ ဘေးတိုက်ဖြစ်သဖြင့် နက်မှောင်သော ဆံဖွတ်လျှိုဆံထုံး၊ ပေါ်ထင်သော နှာတံနှင့် ဖြူဝင်းကြည်လင်သော မျက်နှာတစ်ခြမ်းကိုသာ လှမ်းမြင်ရ၏။ ဈေးခြင်းမပါ၍ ဈေးဝယ်လာဟန်တော့ မတူ။ ကြည့်နေဆဲတွင် လှမ်းသည် အဖျော်ရည်ပုလင်းများရောင်းသော ဆိုင်တစ်ခုတွင်းသို့ ဝင်သွား၏။

ငြိမ်နေရာမှ ဒေါက်တာမင်းညိုသည် လှုပ်ရှားလာ၏။ သူသည် အိတ်တွင်းမှ ချက်စာအုပ်ကိုထုတ်ကာ ငွေနှစ်ထောင်ရေး လက်မှတ်ထိုး၍ စောမောင်ကို ပေးသည်။

'ဘာလုပ်ရမှာလဲ'

'လှမ်းကို တောင်းမန်ပြီးတော့ ပေးပေးပါဗျာ'

'မဖြစ်ဘူး ထင်တယ်ဗျာ'

'နောက်ဆုံး အဖြစ်နဲ့သာ ကြိုးစားကြည့်စမ်းပါ ကိုစောမောင်....'

'ငွေပေးတာဟာ သူ့ကို စော်ကားရာ မရောက်ဘူးလား'



'ကျွန်တော် စေတနာနဲ့ ပေးတာပဲဗျာ၊ ပြီးတော့ မယူရင်လဲ သူ့စိတ်ဓာတ်ကို ကျွန်တော် စမ်းသပ် သိရှိရတာပေါ့'

'သူ့စိတ်ကို ခင်ဗျားက ဘာလုပ် သိချင်ရတာလဲ'

'သူ့စိတ်ကို ကျွန်တော်သိဖို့ အထူးလိုပြီထင်တယ်'

'ခင်ဗျာ....'

'ပြီးတော့.... သူ့စိတ်ကိုသိရရင် ကျွန်တော် ဒီနေ့ စစ်ကိုင်းက မပြန်တော့ဘူး'

ဤအကြိမ်တွင်မူ စောမောင်နှုတ်မှ မည်သည့်အာမေဍိတ်မှ ပေါ်မလာတော့။ ပါးစပ် အဟောင်းသားနှင့် ဒေါက်တာမင်းညိုအား ခေတ္တစိုက်ကြည့်နေသည်။ နောက်...ဘာမျှမပြောတော့ဘဲ ချက်လက်မှတ်ကို ယူ၍ ထွက်သွားသည်။

ဒေါက်တာမင်းညိုက လက်ဖက်ရည်ဆိုင်အတွင်း ဝင်ပြီး စီးကရက်သံဘူး တစ်ဘူးဝယ်၍ ဖောက်ကာ သောက်ရင်း စောင့်နေသည်။ မကြာမီ မျက်စိမျက်နှာပျက်၍ စောမောင် သုတ်သုတ် ပြန်ရောက်လာ၏။ ဒေါက်တာက အသာပြုံးမိသည်။ သူ ခန့်မှန်းသည့်အတိုင်း မါတကား။

စောမောင်၏လက်တွင်းမှ ချက်လက်မှတ်မှာ ထက်ပိုင်းစုတ်ပြတ်နေ၏၊ ဘာမျှမေးရန် မလိုတော့။

ဒေါက်တာက တစ်ဘက်ဆိုင်သို့လှမ်းကြည့်သည်။ အဖျော်ရည်တစ်ပုလင်း ပိုက်ထွက်လာသော လှမ်းနှင့် မျက်လုံးချင်းဆိုင်မိ

www.burmeseclassic.com

www.burmeseclassic.com



ကြည်ထွေးသည် စောမောင်နှင့် ယှဉ်ရပ်နေသော ဒေါက်တာ မင်းညိုကို ကောင်းကောင်း သတိပြုမိသွားသည်။ လွှမ်းက မျက်နှာလွှဲကာ သုတ်သုတ်ထွက်သွားရာ ဒေါက်တာမင်းညိုသည် ခြေလှမ်းကျဲကြီးများနှင့် ဆိုင်တွင်းမှ ထွက်လိုက်သွား၏။ မလှမ်းမကမ်းသို့ ရောက်နေသော လွှမ်းမှာ တစ်ချက်ပြန်အကြည့်၌ လိုက်လာသော ဒေါက်တာမင်းညိုအား တွေ့သဖြင့် ခြေလှမ်းကို ပိုမြန်စေကာ လမ်းကို ကန့်လန့်ဖြတ် ကျော်ကူးလိုက်၏။

ထိုအခိုက်တွင် အခြေအနေမှာ ရှုပ်ထွေးသွားသည်။ လူစည်ချိန် လမ်းဖလေးခွဆုံသော နေရာဖြစ်သဖြင့် အနောက်ဘက်မှ ရုတ်တရက်ကွေ့ဝင်လာသော မြင်းလှည်းနှင့် တိုက်မိမည်ဖြစ်ပြီး လန့်၍ ရှောင်လိုက်သော လွှမ်းမှာ တောင်ဘက်မှ အရှိန်ပြင်းပြင်းမောင်းလာသော ဇေယျာ-မန်းခရီးသည်တင်ကားနှင့် ပွတ်တိုက်မိကာ ပတ်ချာလည်လျက် လမ်းဘေးသစ်သား ငုတ်တိုင်ကြီးတစ်ခုပေါ်သို့ မျက်နှာဖြင့် တည့်တည့်မှောက်ကျသွားသည်။

ကားဘီးရိတ်အုတ်သံ၊ လူတို့ ထိတ်လန့် အော်ဟစ်သံများကြားမှ ဒေါက်တာ မင်းညိုသည် လွှမ်း လဲကျသွားရာဆီ ပြေးရောက်လာ၏။

မျက်နှာ၌ သွေးတို့လွှမ်းလျက် လွှမ်းမှာမူ သတိမေ့မြောနေပေပြီတကား။

✱



ဒေါက်တာစိန်ဝင်းနှင့် ဒေါက်တာ မင်းညိုမှာ ပြန်လည်တွေ့ကြရပေပြီ။ ဤအကြိမ်၌ ဒေါက်တာ မင်းညိုမှာ ရေနစ်စဉ် ဝေဒနာခံရတုန်းကထက် မျက်နှာညှိုးချုံးနေသည်။

'ဘယ့်နှယ်နေလဲ ဒေါက်တာ'

'ကိုယ်မှာကတော့ ပွန်းတာ ပဲ့တာလောက်ပဲ၊ နဖူးမှာတော့ ဆောင့်မိတဲ့ ဒဏ်ရာရှိတယ်၊ ဒါပေမယ့် သိပ်ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး'

'သတိတော့ ရပြီနော်'

'သတိတော့ ရပါပြီ၊ စောစောကတော့ အိပ်ပျော်နေတယ်၊ လာလေ ဆရာကြီး၊ သွားကြည့်ရအောင်'

ဒေါက်တာစိန်ဝင်းက အလိုက်သိစွာခေါ်သဖြင့် ဆရာဝန်ကြီးဖြစ်သော်လည်း ဆေးရုံစည်းကမ်းကို ရိုသေ၍ ဟန်ဆောင်နေရသူ ဒေါက်တာ မင်းညိုမှာ ဝမ်းသာအားရ လိုက်ခဲ့သည်။

ထိုအချိန်၌ ဆရာမလေးတစ်ဦးက လွှမ်းကိုထူ၍ ထိုင်ပေးနေသည်။ အနီးရောက်လာသော ဒေါက်တာ မင်းညိုသည် ဒေါက်တာစိန်ဝင်းပြောခဲ့သည့်အတိုင်း လွှမ်း၏မျက်နှာ၌ ဘာမှ ဒဏ်ရာကြီးကြီး မမြင်ရ၊ အရေပြားစုတ်၍ သွေးစသွေးနများနှင့် နဖူးရောင်နေသည်ကိုသာ တွေ့ရ၏။

သို့သော်....

လွှမ်း၏ ပွင့်နေသော မျက်လုံးများက မျက်တောင်မခတ် ကြောင်နေသည်။ လွှမ်း၏ လက်ကလေးများမှာ တုန်ယင်စမ်းသပ်၍ ဆရာမ၏ ပခုံးများကို ကိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းညိုမှာ ရင်မှ့န့လုံး အခုန်ရပ်သွားသည့်ထင်၏၊ လူမှာလည်း ကျောက်ရုပ်ပမာ ငြိမ်ကျသွားသည်။ ထိုစဉ် လှမ်း၏ အသံလေးကို ကြားရ၏။

'ကျွန်မ အခု ဘယ်မှာလဲဟင်'

'ဆေးရုံကြီးမှာလေ၊ ဘာမှ အားမငယ်နဲ့၊ ဆရာမစကား ပြောနေတယ်'

'ဆရာမ အနားမှာ တခြားဘယ်သူရှိလဲ ဟင်၊ လှမ်း ဘာမှ မမြင်ရဘူး၊ အို....လှမ်းမျက်လုံးတွေ ဘာဖြစ်သွားပြီလဲ'

အဆုံးဆုံးမှာ မျှော်လင့်ထားသည်ထက် ပိုလွန်ခဲ့လေပြီတကား။

ဒေါက်တာမင်းညိုသည် ဒေါက်တာစိန်ဝင်းကို ပခုံးမှဆွဲကာ လူရှင်းရာ တစ်နေရာသို့ ဆွဲခေါ်ခဲ့သည်။

'မမျှော်လင့်တာတွေတော့ လျှောက်ဖြစ်ကုန်ပြီ ဒေါက်တာစိန်ဝင်း'

'ခင်ဗျာ....'

'လှမ်း မျက်လုံး ကွယ်သွားပြီ'

'ဗျာ....'

'လှမ်း မျက်လုံးကွယ်သွားပြီ'

'သေချာလား ဆရာ'

'ကျွန်တော်ဟာ မျက်လုံးရောဂါသည်တွေနဲ့ ထာဝစဉ် ဆက်ဆံနေရသူပါ၊ သေချာပါတယ်၊ ခင်ဗျားဗေဒ္ဒါများအတိုင်း စမ်းသပ်စစ်ဆေးချင်လဲ စစ်ဆေးဦးပေါ့'



'ဝေဒ္ဒါများအတိုင်းတော့ စမ်းသပ်ပါမယ်၊ ဒါပေမယ့် ဆရာကြီးရဲ့စကားကို ကျွန်တော်ယုံပါတယ်၊ ဘယ်လိုဖြစ်သွားတာလဲ၊ RECTINAL DETACHMENT လား'

'ဟုတ်တယ်၊ ဆောင့်မိတဲ့အဟုန်ကြောင့် မျက်လုံးသူငယ်အိမ်အတွင်းမှာ ချွတ်ယွင်းသွားတာပဲ ဖြစ်ရမယ်'

'ဒီအတိုင်းဆို ဒီမှာ ကျွန်တော်တို့ မကုနိုင်ဘူး၊ ဘယ့်နှယ်လုပ်ကြမလဲ'

'ဘာလုပ်ရမယ်ဆိုတာတော့ ခရိုင်ဆရာဝန်ကြီးရယ်၊ သက်ဆိုင်ရာ ရဲဘက်ရယ်၊ လူနာရှင်တွေရယ်....အဲဒါတွေနဲ့ တိုင်ပင်ပြီးမှ ကျွန်တော် ပြောဖြစ်နိုင်မယ်၊ ဒါပေမယ့် အခု ဆေးရုံအကူအညီတစ်ခု၊ လူနာရဲ့ အကျိုးအတွက်ပဲ ကျွန်တော် တောင်းခံလိုတယ်'

'ဆိုပါ ဆရာကြီး'

'ဘာပဲဖြစ်ဖြစ် တစ်နေ့မှာ ဒီလူနာကို ကျွန်တော်ပဲ ကုရမှာပါပဲ၊ ဒါပေမယ့် အခု ကျွန်တော်ဟာ ဒေါက်တာမင်းညိုဆိုတာ လူနာမသိစေချင်ဘူး၊ ပြီးတော့ တခြား ဘယ်သူမှလဲမသိစေချင်ဘူး'

'ဘာဖြစ်လို့လဲ ဆရာကြီး'

ဒေါက်တာ မင်းညိုသည် ဆရာဝန်လေး၏ မျက်လုံးများကို စွေစွေကြည့်၍ တစ်လုံးချင်း လေးနက်စွာ ဆိုသည်။

'လူနာမှာ TRAOMA ဝင်ချင့်ဝင်နေလိမ့်မယ်'

ဆရာဝန်လေးက ဓေတ္တတွေ၍ ငြိမ်စဉ်းစားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ ဆရာကြီး၊ ကျွန်တော် သဘောပေါက်ပါပြီ'

'ကောင်းပြီ၊ ကျွန်တော် လူနာကို စကားပြောချင်တယ်၊ ကျွန်တော့်နာမည် မောင်မောင်လွင်နော် ဒေါက်တာ'

သူတို့နှစ်ဦးသည် လှမ်း၏ခုတင်ဘေးသို့ ပြန်လျှောက်သွားကြသည်၊ လှမ်းသည် ဆရာမလေး၏ရင်ခွင်၌ မျက်နှာအပ်ကာ တရှုပ်ရှုပ် ငိုနေသည်။

ဒေါက်တာစိန်ဝင်းက 'လှမ်း၊ ဒေါက်တာ စကားပြောနေတယ်၊ လှမ်းကို ဆေးရုံလိုက်ပို့ပေးတဲ့ ဦးမောင်မောင်လွင်က စကားပြောမလို့တဲ့'ဟု ဆို၏။

လှမ်းသည် ရှက်တကြော်မာန်ပါပါနှင့် လှည့်ကြည့်သည်။

'ဒေါက်တာ၊ ဒီလူကို ကျွန်မ စကားမပြောချင်ဘူး'

ဒေါက်တာ မင်းညိုသည် ရှေ့သို့တိုး၍ အေးချမ်းစွာ တောင်းပန်သည်။

'လှမ်းရယ် နောက်မှ လှမ်းပေးချင်တဲ့ အပြစ်ကို ပေးပါ၊ ကျွန်တော်ခံပါ့မယ်၊ ဒါပေမယ့် အခု ကျွန်တော် ရှင်းပြပါရစေ'

'ရှင်ဘာမှ ကျွန်မကို ရှင်းပြမနေနဲ့'

'လှမ်း နားမထောင်ချင်ပေမယ့် ကျွန်တော်ကတော့ ပြောရလိမ့်မယ်၊ လှမ်း ဘာမှအားမငယ်ပါနဲ့၊ လှမ်းမျက်လုံး ပြန်မြင်တဲ့အထိ ကျွန်တော် တာဝန်ယူ ကူညီပြီး ကုသပေးပါ့မယ်'

လှမ်း၏အသံသည် ရှိုက်ဖိုပေါက်ကွဲမှုနှင့် ရောယှက်ပေါ်လာသည်။



'တော်ပါတော့ ကျေးဇူးရှင်ကြီးရယ်၊ ရှင်ပေါ်လာကတည်းက ကျွန်မတို့မှာ ဂြိုဟ်ဆိုးအမျိုးမျိုး ဝင်တာပဲ၊ ရှင်ကူညီချင်ရင် ကျွန်မအိမ်သားတွေကိုသာ သွားခေါ်ပေးပါ၊ ပြီးတော့ ရှင်ပြန်မလာနဲ့ပါတော့၊ ရှင့်အသံလဲ မကြားပါရစေနဲ့တော့၊ ဒေါက်တာ ဒီလူထွက်သွားစမ်းပါစေ၊ လှမ်းကို သနားရင် ဒီလူကို မြန်မြန်ထွက်သွားစမ်းပါစေ'

လှမ်းသည် ခေါင်းအုံးပေါ်၌ မျက်နှာအပ်၍ ငိုကြွေးသည်။ ဒေါက်တာ မင်းညိုက ဒေါက်တာစိန်ဝင်းအား မေ့ခွ အဓိပ္ပာယ်မပါပါကြည့်သည်။ ဒေါက်တာစိန်ဝင်းက နားလည်ဟန် ခေါင်းညိတ်သည်။

ဒေါက်တာ မင်းညိုသည် လှမ်းကို တစ်ချက်လှည့်ကြည့်၍ လေးပင်စွာ ထွက်ခွာလာခဲ့သည်။

လှမ်းတို့အိမ်ကိုမူ စောမောင်အား သိုက်ပြခိုင်းရသည်။ မျက်နှာပူသည်ဟု စောမောင်က အိမ်ပေါ်သို့ တက်မလိုက်။

ဒေါက်တာ မင်းညိုသည် အိမ်ခန်းဝ၌ ရပ်လိုက်၏။

'ဩော်.... လယ်ရယ်၊ ဝမ်းသာတယ်တော့ တယ်ဟုတ်မလဲ၊ ဖြစ်လာတာကို ပြောတာပါ၊ ဦးလေးဆုံးတာဟာ ဝမ်းနည်းစရာ ဖြစ်ပေမယ့် လယ်နဲ့မောင် မြန်မြန်နီးရတာကတော့ အဆိုးထဲက အကောင်းလို့ပဲ ယူဆရမှာပေါ့'

'ဟင်း....သူ ဒါပဲတတ်တယ်'

ဤအသံများက ဒေါက်တာမင်းညိုကို ဆီးကြိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ မင်းညိုသည် ခြေသံနှင့် ချောင်းဟန့်သံပေးရသည်။ ထိုအခါကျမှ 'ဘယ်သူလဲ ဝင်ခဲ့လေ' ဟု နေစိုး၏အသံ ပေါ်လာသည်။

ဒေါက်တာ မင်းညိုအား မြင်သောအခါ နေစိုးနှင့် လယ်လယ်မှာ စုံစမ်းဟန် မော့ကြည့်ကြသည်။ ကျွန်ုပ်ကို သူတို့ မသိ၊ ဒေါက်တာ မင်းညိုကသာ တည်ကြည်ချိုသာစွာ မိတ်ဆက်သည်။

'ကျွန်တော့် နာမည် ဒေါက်တာမင်းညိုပါ၊ ဟိုနေ့က ရေနစ်တာ ကျွန်တော်ပါပဲ'

နေစိုးနှင့် လယ်လယ်မှာ အံ့အားသင့်သွားကြပြီး နေစိုးက ခြော်...ခြော်၊ ထိုင်ပါ ခင်ဗျာ၊ ထိုင်ပါဟု ဆိုသည်။

'ဖြစ်ခဲ့တာဟာ ကျွန်တော် ကြားသိရသမျှ စိတ်မကောင်းစရာပါပဲဗျာ၊ ကျွန်တော် ကိုယ်တိုင် လာတောင်းပန်ချင်ပေမယ့် အိပ်ရာထဲ လဲနေလို့ပါ'

'ခြော်... ကိစ္စမရှိပါဘူးဗျာ၊ ဖြစ်ပုံကို ကျွန်တော်နဲ့ ဟောဒီက လယ်လယ်ကတော့ နားလည်ပြီး အတော်ပေါက်ပါတယ်၊ ခက်တာက မမလှမ်း ခင်ဗျ'

'ဟုတ်ပါတယ်၊ လယ်လယ်တို့ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး၊ အဲဒီတုန်းက ဒေါက်တာ...ဒေါက်တာနော်'

'ဟုတ်ပါတယ်၊ ကျွန်တော့်နာမည် ဒေါက်တာမင်းညိုပါ၊ ရန်ကုန်ဆေးရုံကြီးက မျက်စိအထူးကုဆရာဝန်ပါ'

လယ်လယ်သည် ဒေါက်တာ မင်းညိုအား လေးစားစွာ တစ်ချက် ကြည့်လိုက်၍ ဆက်ပြော၏။



'အဲဒီတုန်းက ဒေါက်တာတောင်မှ သတိလစ်ပြီး သေမလား ရှင်မလား မဟုတ်လား၊ လယ်လယ်တို့ နားလည်ပါတယ်၊ ဒါပေမယ့် မမလှမ်းကတော့ တစ်မျိုးကြီး ဒေါက်တာရဲ့'

'ဟုတ်ပါတယ်၊ အခုလဲ လှမ်းအကြောင်း ခင်ဗျားတို့ကို ကျွန်တော် လာသတင်းပေးတာပါ'

နေစိုးနှင့် လယ်လယ်က နားမလည်ဟန် သူ့အား ကြည့်နေကြသည်။

'ကျွန်တော် ဒီနေ့မနက် သူ့ကို တွေ့တယ်'

'ဘယ်မှာလဲ ဒေါက်တာ၊ စစ်ကိုင်းတောင်ရိုးမှာလား၊ မနက်တည်းက အဲဒီကို ထွက်သွားတာ'

'မဟုတ်ပါဘူးခင်ဗျာ၊ ဈေးထောင့်မှာပါ၊ လှမ်းကို တွေ့တော့ ကျွန်တော် တောင်းပန်မလို့ ကြိုးစားတာ လက်မခံဘဲ ရှောင်ထွက်ပြေးတယ်၊ အဲဒါ...'

ဒေါက်တာမင်းညိုမှာ ချောင်းတဟွတ်ဟွတ် ဆိုးလာသည်။ ပြောရမည့် စကားကိုလည်း ရုတ်တရက် မထွက်။

'အဲဒါ လျှောက်ပြေးရင်း မတော်တဆ ကားတိုက်ခံရတယ်'

'ခင်ဗျာ'

'ရှင်'

ဒေါက်တာ မင်းညိုက လက်နှစ်ဖက် ကာ၍ ဆက်ရှင်းပြသည်။

'ကျွန်တော် ရှင်းပြပါရစေဦး၊ အခု လှမ်းဟာ ဆေးရုံကြီးမှာပါ၊ ဘာမှတော့ ဒဏ်ရာ ကြီးကြီးကျယ်ကျယ် မရပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဆောင့်မိတဲ့ ဒဏ်ရာကြောင့် မျက်လုံးတော့ ခဏ ကွယ်သွားတယ်'

နေစိုး၏ ပါးစပ်သည် ဟသွား၏။ လယ်လယ်ကမူ မျက်လုံး အကြောင်သားနှင့် ဒေါက်တာမင်းညိုအား ပြူးကြည့်နေသည်။ ခဏမျှပင် နေစိုး၏ရင်ခွင်တွင် မျက်နှာအပ်၍ ကလေးသဖွယ် ငိုကြွေးသည်ကို ဒေါက်တာမင်းညိုသည် စိတ်ထိခိုက်ခြင်းကြီး စွာနှင့် မြင်နေရ၏။ နေစိုးကသာ ဝင်ထောက်သည်။

'တိတ်ပါ လယ်ရယ်၊ ဒေါက်တာပြောတာ နားထောင်ပါ ဦး၊ ကဲ....ဒေါက်တာ ဆက်ပြောပါဦး'

'မျက်လုံးကွယ်တယ်ဆိုတော့ ကာယကံရှင်တွေဟာ စိတ် ပူကြမယ် ဖြစ်ပေမယ့် ကျွန်တော်တို့ ဆရာဝန်တွေ အဖို့တော့ သိပ်စိုးရိမ်စရာ မရှိပါဘူး၊ ဒီဝေဒနာဟာ ကုသလို့ ရပါတယ်'

ဒေါက်တာမင်းညို၏ စကားကြောင့် ငိုနေရာမှ လယ်လယ် သည် မော့ကြည့်သည်။

'တကယ်လား ဒေါက်တာ'

'တကယ်ပါပဲ၊ ကျွန်တော်ကိုယ်တိုင် တာဝန်ခံပြီး ကုသ ပေးပါမယ်၊ ဒါပေမယ့် အခက်အခဲတစ်ခုတော့ ရှိတယ်'

'ဘယ်လိုပါလဲ ခင်ဗျာ'

'လှမ်းဟာ ကျွန်တော့်ကို မောင်မောင်လှိုင် အဖြစ်ပဲ သိ တယ်၊ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာမင်းညိုအဖြစ် မသိသေးဘူး၊ သိလို့လဲ မဖြစ်ဘူး၊ ဘာကြောင့်ဆိုတာ နောက် တော့ ကျွန်တော် ရှင်းပြမယ်၊ အကျဉ်းအားဖြင့်တော့ ပုဂ္ဂိုလ် ခင်မှ တရားမင်တယ် ဆိုတဲ့ စကားကို သတိပြုစေလိုတယ်



ဒီတော့ ကျွန်တော့်ကို ယုံကြည်ရင် ခင်ဗျားတို့ ကူညီပါ၊ လှမ်း အကျိုးအတွက် ကျွန်တော် တောင်းပန်နေတာပါ'

'ပြောပါ ဒေါက်တာ၊ ကျွန်တော်တို့ ဘာကူညီရမလဲ'

'လှမ်းဝေဒနာကို ရန်ကုန်ခေါ်ပြီး ကုမှပဲ ဖြစ်မယ်၊ ဒီတော့ ကျွန်တော့်အကြံက' ဟု အစချီကာ ဒေါက်တာမင်းညိုက သူ့ အစီအစဉ်ကို စိတ်ရှည်စွာ ရေလည်အောင် အချိန်အတန်ကြာ ရှင်းပြသည်။

စကားအဆုံး၌ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ သော နေစိုးက ပြောသည်။

'ဒေါက်တာ့အကြံ သိပ်ကောင်းပါတယ်၊ တခြားနည်းလမ်း လဲ ကျွန်တော်တို့ စဉ်းစားလို့ မရဘူး၊ ဒါပေမယ့် ဒေါက်တာ့ အပေါ် ကျွန်တော်တို့ ဒုက္ခပေးရာများ ရောက်နေမလား'

'ဟာ-မရောက်ပါဘူးဗျာ၊ ဒီလိုမှ ကျွန်တော် မဆောင်ရွက် ရရင် သေအထိ ကျွန်တော် စိတ်ချမ်းသာတော့မှာ မဟုတ် ဘူး'

ဤအခိုက်တွင် လယ်လယ်က စဉ်းစဉ်းစားစားနှင့် ဝင် ပြောသည်။

'တော်တော်ကြာ မမလှမ်းက လူမမြင်ပေမယ့် ဒေါက်တာ့ အသံကို မှတ်မိနေ ဘယ့်နှယ်လုပ်မလဲ'

'ကိစ္စမရှိပါဘူး၊ ကျွန်တော်က အခု ချောင်းဆိုးပြီး အသံ ဝင်နေတော့ ပင်ကိုအသံ မရှိပါဘူး၊ ဒီအသံကိုပဲ လှမ်း ကြား ဖူးတယ်၊ ဒီဆေးရုံကြီးမှာ လှမ်း နောက်ထပ် ဆယ်ရက်လောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ နေရဦးမယ်၊ လွှမ်း ရန်ကုန် ရောက်တဲ့ အချိန်မှာ ကျွန်တော်လဲ ပင်ကိုအသံ ပြန်ရလောက်ပါပြီ'

သို့ဖြင့် ဒေါက်တာမင်းညိုမှာ ဤအချက်တွင်မူ ကြံ့တိုင်း ပြည့်၍ စိတ်ပေါ့ပါး ကြည်လင်စွာနှင့် ပြန်လာခဲ့သည်။

သို့ရာတွင် ဆေးရုံစက်ခန်းဝယ် တစ်လောကလုံး အမှောင် လွှမ်းနေသော လွှမ်းအတွက်မူ အဘယ်မှာလျှင် စိတ်ချမ်းသာမှု ရရှိပေရှာလိမ့်မည်နည်း။

(၃)

နောက် ဆယ်ရက်ခန့် ကြာခဲ့သော တစ်နေ့ညနေစောင်း၌ 'ဒေါက်တာမင်းညို။ M,B,B,S, (RGN), M,D. (NEW YORK)' ဟု ဆိုင်းဘုတ်တပ်ထားရာ ရန်ကုန်မြို့၊ ရွှေတောင်ကြားလမ်းရှိ အိမ်တစ်ခု၏ ခြံဝင်းအတွင်းသို့ အငှားဂျစ်ကား တစ်စီးသည် ဝင်ရောက်လာ၏။

ဂျစ်ကားဆီမှ ဟွန်းသံနှင့်မရှေးမနှောင်းပင် ဒေါက်တာမင်းညိုသည် အိမ်ဖော်မယာကျွေးတစ်ဦးနှင့်အတူ ထွက်ပေါ်လာသည်။

'ဟာ...ကိုနေစိုးတို့ပါလား။ ဘယ်နှယ် ရထားနောက်ကျသွားပါလား'

www.burmeseclassic.com

www.burmeseclassic.com



‘နောက်ကျတာမဟုတ်ဘူးဗျ၊ အထူးမီးရထားနဲ့ လိုက်လာလို့ပါ၊ လူကျပ်လို့ ရိုးရိုးရထားတွေမှာ နေရာမရဘူး၊ ဒါထက် စာရတယ်နော် ကိုမင်းညို’

‘စာကော သံကြိုးကော ရပါတယ်ဗျာ၊ ခင်ဗျားတို့များ နေနိုင်တယ်၊ ကိစ္စရှိမှပဲ ပေါ်လာတော့တယ်’

‘ဒါတော့ ဆရာဝန်ဆီ ကိစ္စရှိမှပဲ လာရမှာပေါ့ဗျ၊ အဲဒီကိစ္စဆိုတာတောင် တားမရလို့’

ဒေါက်တာမင်းညိုနှင့် နေစိုးက ဇာတ်တိုက် ထားသည့်အတိုင်း ပိပိရိရိ သဘာဝကျကျ အပြန်အလှန် နှုတ်ဆက်နေကြရာ လယ်လယ်သည် အသံမထွက်မိရန် ပါးစပ်ကို လက်ကိုင်ပဝါနှင့်ပိတ်ဆို့ ကျိတ်ရယ်ခနေသဖြင့် ဒေါက်တာမင်းညိုက လက်သီးယောင်ပြ သတိပေးရ၏။

‘ကဲလေ ဆင်းကြ၊ ဦးဖိုးထူး၊ အခန်းတွေ အဆင်သင့်ဖြစ်ပြီးပလား’

‘အားလုံး အဆင်သင့်ပါ ဆရာကြီး’

‘ကဲ...ကိုနေစိုးတို့ ဝင်ကြ၊ ပစ္စည်းတွေ ဦးဖိုးထူး ကြည့်နေရာချပါလိမ့်မယ်’

လွှမ်းကို အသက်လေးဆယ်အရွယ် အဒေါ်ကြီးတစ်ဦးက တွဲခေါ်ခဲ့လာသည်။ နောက်ပါးမှ အရယ်မပျောက်ချင်သေးဘဲ လိုက်ပါလာသူ လယ်လယ်ကို နေစိုးက ထိပ်ခေါက်သည်။

ဧည့်ခန်းတွင်ထိုင်မိ၍ မကြာမီပင် ဒေါက်တာမင်းညိုက—

‘ကဲ...ကိုနေစိုး မိတ်ဖွဲ့ပေးဦးလေ’ ဟုဆိုသဖြင့် လယ်လယ်မှာ ကျိတ်ရယ်ပြန်ရာ ခပ်တည်တည် စကားစမည် ပြုံးသော



နေစိုးပါ ဟန်ပျက်၍ လယ်လယ့်ထိပ်ကို ပုသွားအောင် လက်ဝါးနှင့် ပုတ်နှိပ်လိုက်ရသည်။ မျက်စိမမြင်ရှာသူ လွှမ်းခမျာသာ ဤသည်တို့ကို မသိ။ လွှမ်း၏အမူအရာ၌ ရှက်ရွံ့အားနာမှု ပေါ်နေသည်။

ဣန္ဒြေဆည်မိကာမှ နေစိုးက လည်ချောင်းရှင်း၍ မှင်သေသေနှင့် စကားစဆို၏။

‘မဟာဒါက လယ်လယ်၊ ကျွန်တော့်ရဲ့ သုံးရက်မြောက် ပူပူနွေးနွေး ဇနီးအသစ်စက်စက်၊ ဒေါ်ကြင်ကတော့ လယ်လယ်တို့ရဲ့ ငယ်စဉ်ကတည်းက စောင့်ရှောက်လာတဲ့ အိမ်နီးချင်း ဆွေမကင်းမျိုးမကင်းပေါ့၊ ကျွန်တော့်မရီး မလွှမ်းကတော့ ခင်ဗျားကုရမယ့် ဝေဒနာရှင်လေ ကိုမင်းညို’

ပတ်ဝန်းကျင် အခြေအနေအရ ရယ်ရွှင်ဖွယ် ဖြစ်နေသော်လည်း လွှမ်းအားကြည့်မိသူ ဒေါက်တာ့ရင်မှာ ဆို့နင့်သွားမိသည်။

တစ်ခါတုန်းကလိုပင် လွှမ်းသည် ရှည်လျားနက်မှောင်သော ဆံပင်တို့ကို တစ်ပတ်လျှိုထုံးထားသည်။ တစ်ခါတုန်းကလိုပင် ရေညိုရောင် ဇင်းမယ်လုံချည်၊ ရှဘီယာဝိုင်လွှား အင်္ကျီဖြူနှင့် ဖြစ်၏။ သွယ်ရှင်းဝင်းဝါသော လယ်တိုင်မှ သေးမျှင်သည့် ရွှေဆွဲကြိုးရိုးရိုး၊ ကျောက်စိမ်းကြယ်သီးတို့ဖြင့်ပေါင်းစပ်သော လွှမ်း၏ တည်ငြိမ်သောအလှမှာ အမြင်လည်း အေးချမ်းနေသည်။ သို့သော် ဤအလှရှင်မှာ တစ်ခါတုန်းကနှင့်မှ မတူတော့ပေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်ဖြစ်သဖြင့် လွှမ်း၏ပါးပြင်မှ အနုကြာစိမ်းကလေးများကိုပင် မြင်နေရသော ဒေါက်တာမင်းညိုသည် ဤချောမောသော မိန်းမပျိုနှင့် မိမိအပေါ်မှ မညှာမတာ ကျရောက်လာရက်သော ကံဆိုးကြမ္မာကိုသာ ရင်ထုမနာ အပြစ်တင်မိသည်။ ထိုနောက်၌ပင် တစ်ကြိမ်မျှပေါ်ဖူးသေးသော သံယောဇဉ်ကြိုးတစ်ခင်သည် ရင်နှလုံးကို ယူကျုံးနှောင်ဖွဲ့ရစ်ရန်အတွက် မိမိ၏စိတ်သန္တာန်၌ ပေါ်သစ်ခဲ့ပြီ ဖြစ်ကြောင်း ဒေါက်တာသည် သတိပြုမိ၏။

ထို့ကြောင့် စကားပြောသောအခါ၌ ဒေါက်တာ၏အသံမှာ နူးညံ့သာမျှ အနည်းငယ်လည်း တုန်ယင်နေသည်။

'ကိုနေစိုးဆီကစာကြောင့် လွှမ်းရဲ့ ကြုံသမျှ သိရလို့ ကျွန်တော် စိတ်မကောင်းဖြစ်မိပါတယ်၊ တစ်ခါ လွှမ်းကို ကျွန်တော် ကုသပေးရမှာမို့ ဝမ်းသာမိပြန်တယ်၊ လွှမ်း ဘာမှ အားမငယ်ပါနဲ့၊ ကျွန်တော့်ကို ဆရာဝန်တစ်ယောက်အဖြစ် အပြင် မောင်ရင်းအစ်ကိုရင်းလို မှတ်ယူပါ'

လွှမ်းသည် စကားမပြန်။ မမြင်ရသော မျက်လုံးများကို အသံလာရာ ဒေါက်တာမင်းညိုဆီ ပို့ရင်း အေးချမ်းသော အပြုံးနှင့် ခေါင်းလေး မသိမသာ ညွှတ်လျက် ဒေါက်တာ့ စကားကို လက်ခံကြောင်း အထိမ်းအမှတ်ပြုသည်။

ဒေါက်တာကသာ ယုတ္တိရှိအောင် ဆက်ရှင်းပြသည်။

'ကိုနေစိုးရဲ့အစ်မဆိုတော့ ကျွန်တော့်အပေါ် အထူးအားနာစရာ မလိုဘူး၊ ကောလိပ်မှာ ကိုနေစိုး ရောက်လာတော့ ကျွန်တော်က ဘောလုံးသင်းကက်ပတိန်၊ သူက လက်ရွေးစင်ရွေးတန်းအလယ်လူ၊ နောက် ကျွန်တော် ဘွဲ့ရသွားတော့ ကိုနေစိုးက ကက်ပတိန်ဆက်လုပ် ကျွန်ရစ်တယ်၊ စာသားဖော် ကစားဖက် ရဲဘော်ရဲဘက်ချင်းမို့ အထူးရင်းနှီးပါတယ်၊ ဒီအိမ်မှာလဲ ကျွန်တော် တစ်ကိုယ်ရေ ယစ်ကျားရ လွတ်လွတ်လပ်လပ်ပါ၊ ကိုယ့်အိမ်လိုပဲ စိတ်တိုင်းကျ နေကြပါ'



ဤတွင် လွှမ်း၏ နှုတ်ခမ်းလေးများက လှုပ်ရှားလာသည်။

'လွှမ်းမမြင်ရသေးပေမယ့် ဆရာ့ရဲ့ စေတနာစကားကြောင့် လွှမ်း အားတက်မိပါကယ်၊ ဒါပေမယ့်.... လွှမ်းတစ်ခုမေးပါရစေ'

'မေးပါ လွှမ်း'

'လွှမ်း မျက်လုံးပြန်မြင်ဖို့ မျှော်လင့်ချက် ရှိသေးရဲ့လား'

ဒေါက်တာ ရင်မှာ ဆို့သွားပြန်သည်။

'မျှော်လင့်ချက်ကို မဟုတ်ပါဘူး လွှမ်းရယ်၊ မြင်ကိုမြင်နိုင်ပါတယ်၊ လွှမ်းရဲ့ဝေဒနာက ကုသလို့ရတဲ့ ဝေဒနာမျိုးပါ၊ ကျွန်တော် ဒါမျိုးအများကြီး အောင်အောင်မြင်မြင် ကုသဖူးပါတယ်'

လွှမ်းသည် ကျေနပ် နှစ်သိမ့်သည့်ဟန် ပြုံးဖြိုးဖြိုးလေးနေသည်။ ထိုအခါမှ ဒေါက်တာမင်းညိုက အခန်းတွင်းသို့ အဆင်သင့်ရောက်လာသော ဦးဖိုးထူးအား လှမ်းပြောသည်။

'ကဲ.... ဦးဖိုးထူး၊ ဧည့်သည်တွေကို အခန်းတွေဘာတွေ လိုက်ပြနေရာချပေးပါ၊ ဧည့်သည်တွေလဲ ခရီးပန်းလာကြမယ်၊ ရေမိုးချိုး နားနေပြီး ညစာထမင်းစားပွဲမှာ ပြန်ဆုံကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ခနှိုးက အလုံးကြီးကျဟန် ပင့်သက်မှုတ်ထုတ်ပြသည်။ မှန်သည်၊ ဟန်ဆောင်မှု ပထမဆင့်မှာမူ ကောင်းစွာ အောင်မြင်ခဲ့ပေပြီ။

*

လူနာ၏ မျက်လုံးခွဲစိတ်ကုသရေး ဆိုသည်မှာ မည်မျှပင် ကျွမ်းကျင်သော ဆရာဝန်တစ်ဦးအတွက်ပင် ဖြစ်လင့်ကစား ကြီးမားသော တာဝန်မည်ပေသည်။ တာဝန်ကြီးမားသည်နှင့် အမျှ အသေးစိတ်ကြိုတင်ပြင်ဆင်မှုများ အထူးလိုပေသည်။

ခွဲစိတ်ကုသရေး အောင်မြင်မှုအတွက် ဆရာဝန်၏ အရည်အချင်းပြည့် ကျွမ်းကျင်မှု၊ ကိရိယာတန်ဆာပလာ၏ စုံလင်မှုတို့ အပြင် လူနာ၏ အထွေထွေခန္ဓာကိုယ် ကျန်းမာရေး အခြေအနေ၊ ရွှင်လန်းတက်ကြွယုံကြည်မှုနှင့် ပြည့်ဝသောစိတ်ဓာတ်။ ဤအချက်နှစ်ရပ်လည်း ပြည့်စုံရမည်။

ဒေါက်တာမင်းညိုသည် ဤရက်များအတွင်း လွှမ်းကို အားပြည့်စွမ်းသန်စေရန် စနစ်တကျ အနားယူစေသည်။ လွှမ်းမှာ အထူး နားနေမှု လိုအပ်နေ၏။ ခန္ဓာကိုယ် နားနေမှုထက် ဆက်တိုက် ရင်ဆိုင်ခဲ့ရသော ထိတ်လန့် တုန်လှုပ် ကြေကွဲ ဝမ်းနည်းဖွယ်ရာ ပေါင်းစုံသည့် (Emotional Episode) ခေါ် ပြင်းထန်ရှောက်ချားသော အတွေ့အကြုံတို့၏ စိတ္တဇ ဒဏ်ချက်မှ သက်သာလွတ်မြောက်မှုကို ပို၍လိုအပ်နေ၏။



အထူးသဖြင့် လူနာနှင့် ကုသသူတို့ နှစ်ဦးကြား မရှိလျှင် မဖြစ်သည့် ပြင်သစ်ဘာသာဖြင့် ရက်ပွား (Rapport) ဟု ခေါ်သော အတို့အလှည့် ရင်းနှီးယုံကြည်မှု ပေါ်ထွန်းလာ ရန်လည်း လို၏။

သို့ရာတွင် ဒေါက်တာမင်းညို၏ စေတနာနှင့် လွှမ်း၏ ပင်ကို ပွင့်လင်းဖြူစင်သော စိတ်ဓာတ်ကြောင့် အထွေထွေ ဆေးစစ်ဆေးယူရမည့် ရက်နားနီးချိန်၌ ဒေါက်တာနှင့် လူနာ မှာ ကောင်းစွာ အကျွမ်းဝင်ခင်မင်ခဲ့ကြသည်။

အထွေထွေ စစ်ဆေးချက်ကို ရန်ကုန်ဆေးရုံကြီး၌ပင် ယူသည်။ ရင်းနှီးနေပြီဖြစ်၍ ဒေါက်တာသည် ခနှိုးတို့ စုံတွဲကို အိမ်၌ထားရစ်ကာ ဒေါ်ကြင်၏ အကူအညီနှင့် လွှမ်းကို ဆေးရုံ ကြီးသို့ ခေါ်သွားသည်။

နှလုံးအခြေအနေ၊ သွေးအားအခြေအနေ၊ ဦးနှောက် သွေးဥအခြေအနေမျိုးစုံ–အမျိုးအစား ဤသည်တို့ကို အဓိက ထား၍ ဓာတ်မှန်ရိုက်ခြင်း အပါအဝင် စမ်းသပ်စစ်ဆေးမှု အစုံကို ပြုရသည်။

'ဒီလို စမ်းသပ်စစ်ဆေးမှုတွေကြောင့်လဲ အတွေးခေါင်ပြီး စိုးရိမ်မနေနဲ့ဦးနော် လွှမ်း၊ ဒါဟာ လုပ်ရိုးလုပ်စဉ်ပဲ'

ကားနှင့်ပြန်လာကြစဉ် ဒေါက်တာမင်းညိုက ရှင်းပြသည်။

လွှမ်းက ပြုံးသည်။ သို့ရာတွင် လွှမ်း၏မျက်နှာလေး၌ စိတ် တုန်လှုပ်မှုပေါ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်သော် မြို့တွင်းမှ အလုပ်လျှောက်ပြန်လာသော နေစိုးကို လယ်လယ်နှင့်အတူ တွေ့ရသည်။

'ဘယ့်နှယ်လဲ ကိုမင်းညို၊ အားလုံး ဟန်ကျရဲ့လား'

'ဪ…ဒီနေ့တော့ ဘာမှ အထွေအထူး မလုပ်ပါဘူး၊ စစ်ဆေးရုံပါပဲ၊ ဆေးစစ်ချက်အပြည့်အစုံတော့ နောက် လေးငါးရက်ကျ အသေးစိတ် သိရမှာပဲ'

နေစိုးကလည်း ဟဝတ်အစားမလဲရသေးသဖြင့် လယ်လယ်နှင့် အတူ အပေါ်ထပ် တက်သွားကြသည်။ လှမ်းက အဝတ်အစား မလဲချင်သေးဆိုသဖြင့် ဒေါ်ကြင်လည်း တစ်ယောက်တည်း အခန်းတွင်းသို့ ဝင်သွား၏။

လှမ်း၏မျက်နှာ၌ နွမ်းနယ်မှုကိုတွေ့သဖြင့် ဒေါက်တာမင်းညိုက ပန်ကာ ဖွင့်ပေးသည်။

'လှမ်း မောပန်းသွားသလား'

လှမ်းက အဓိပ္ပာယ်မသိသာသောအပြုံးကို ပြုံးသည်။

'လှမ်း…လူတော့ မပင်ပန်းပါဘူး. ဒါပေမယ့် စိတ်ထဲမှာ တစ်မျိုးကြီးပဲ'

'လှမ်းစိတ်ထဲ ဘယ့်နှယ်ဖြစ်နေသလဲ'

'လှမ်း ဘယ်လိုပြောရမလဲ မသိဘူး၊ ဝမ်းနည်းတာပဲလား အားငယ်တာလား၊ ပြီးတော့ မခံချိမခံသာလဲဖြစ်မိတယ်'

လှမ်း၏ အသံလေးမှာ မာလာသည်။

'လှမ်း ဘာကို မခံချိမခံသာဖြစ်နေသလဲ'

'လှမ်း…ရေတိမ်မှာ မနစ်သင့်ဘဲ နစ်ခဲ့ရတာကို အသည်းနာလှန်းလို့ပါ ဆရာရယ်၊ ဒါတွေ တွေးမိအေ ဟိုကောင်ကို လှမ်း မမေ့ကျလေပဲ'

လှမ်း၏အသံ၌ ဝမ်းနည်းမှုနှင့် ဒေါသသံ ရောနေ၏။ ဒေါက်တာမင်းညိုမှာလည်း တုန်လှုပ်သွားသည်။

'လှမ်းတို့ ဖြစ်ခဲ့ရတာတွေကို ကိုနေစိုး ပြောပြလို့ ဆရာ သိသင့်သမျှ သိပြီးပါပြီ၊ ဆရာ့ သဘောအရတော့ မောင်မောင်လွင်မှာ အပြစ်မရှိရှာပါဘူး'

'ဘာပြောတယ် ဆရာ၊ မောင်မောင်လွင်မှာ အပြစ်မရှိဘူး ဟုတ်လား'

'အပြစ်ဆိုတာကို လှမ်း ဘယ်လိုအဓိပ္ပာယ်ကောက်ထားတယ်ဆိုတာ ဆရာ မသိဘူး၊ ဆရာ မြင်တာကတော့ အားလုံးဟာ မရည်ရွယ်ဘဲ မတော်တဆ တိုက်ဆိုင်ဖြစ်ခဲ့ရတာတွေပဲ'

လှမ်းက မဲ့ပြုံးလေး ပြုံးလေသည်။

'ဟုတ်ပါတော့လေ၊ ဖေဖေ သေခဲ့ရတာဟာ မတော်တဆ တိုက်ဆိုင်မှုလို့၊ ဒါပေမယ့် သူတို့နဲ့လဲ မတွေ့ချင်ပါဘူး၊ တောင်းပန်ဖို့လဲ မလိုပါဘူးလို့ လှမ်းတောမောင်ကို အတန်တန် ပြောပြီးလျက်နဲ့ ဒင်း သက်သက်လိုက်နှောင့်ယှက်လို့ လှမ်း အခုလို ကိုယ်ကျိုးနည်းခဲ့ရတယ်'

ဤတစ်ကြိမ်တွင် ဒေါက်တာမင်းညိုမှာ မချိပြုံး ပြုံးမိသည်။

'ဪ…ကြုံရဘုံဘဝပါတကား၊

www.burmeseclassic.com

'နှောင့်ယှက်တယ်လို့တော့ ဘယ်ခေါ်နိုင်မလဲ လွှမ်းရယ် သူ့အနေနဲ့တော့လဲ လွှမ်း ကျေနပ်အောင် တောင်းပန်ချင်နေတာ ရှိမှာပေါ့'

လွှမ်း၏ ခေါင်းမှာ မော့လာကာ မမြင်သောမျက်လုံးများက ဒေါက်တာအား စူးစိုက်ကြည့်သည်။ ဤမျက်လုံးများ ပြင်းထန်သော အမုန်းကို ဒေါက်တာမင်းညိုသည် ကြေကွဲခြင်းနှင့် တွေ့ရသည်။

'ဆရာ ဘာကြောင့် သူ့ဘက်က ရှေ့နေလိုက်နေတာလဲ'

'မှန်တယ် လွှမ်း၊ ဆရာ ရှေ့နေလိုက်နေတယ်၊ ဒီသော မြေပြင်မှာ အမုန်းတရားတွေဟာ များလှန်းလှပါပြီ၊ တတ်နိုင်သမျှတော့ မုန်းသင့်တာတွေ မမုန်းရအောင် ဆရာ ရှေ့နေလိုက်ချင်တယ်'

'ဆရာက လွှမ်းကို မမုန်းသင့်ဘဲ မုန်းနေတယ်လို့ ဆိုသလား'

'လွှမ်းရယ်... မေတ္တာတရားသာလျှင် သစ္စာဖြစ်တဲ့ ဒီကမ္ဘာမှာ မုန်းသင့်စရာ အမုန်းဆိုတာ မရှိနိုင်ပါဘူး၊ မရှိလဲ မရှိစေရပါဘူး၊ အမုန်းဆိုတာဟာ အမှားပဲ၊ အမှားကို ဘယ်ဆင်ခြေနဲ့ အမှန်လုပ်လို့ မရဘူး'

'ဆရာ... လွှမ်းကို မှားတယ်လို့ အပြစ်တင်နေပါသလား'

'မဟုတ်ပါဘူး လွှမ်းရယ်၊ အပြစ်တင်ခြင်း ဆိုတာဟာ အမှားကို အမှန်ဖြစ်အောင် မလုပ်နိုင်ပါဘူး၊ ဆရာ ရှင်းပြတာက ပညာတ်အပြောနဲ့ ရှောရှောဖျောက်ပယ်ပစ်လို့ မရနိုင်တာ ပရမတ်သဘောတွေပါ'



ဒေါက်တာမင်းညို၏ ဤစကားရပ်များက လွှမ်းကို ခေတ္တငိုင်သွားစေသည်။

'ဆရာ ဘာကို ဆိုလိုလဲ'

'ကံသာလျှင် အမိ ကံသာလျှင် အဖ၊ ကံ-ကံ၏ အကျိုးဆိုတဲ့ ဘုရား ဟောရှိတဲ့ ပညာရှိ သုတေသနကောင်းတွေ သတိပေးခဲ့တဲ့ စကား ရှိပါတယ် လွှမ်းရယ်၊ လွှမ်းတို့ ကြုံခဲ့ရတာတွေဟာလဲ စန္ဒကိန္နရီပျို့မှာ ပညာရှိ မင်းလုလ္လာဇကျော်ထင် စပ်ခဲ့တဲ့အတိုင်းပဲ၊ 'ပုညခဝါးလံ၊ ဝဋ်ကြွေးနှံ့သည်၊ ရှေးကံမကတ္တာတည်း' လို့ တရားနဲ့ ဖြေချပဲရှိတယ်'

လွှမ်းက ရယ်သည်။ ဆွေးမြည့် ကြေကွဲ၍ အသည်းနှလုံးမှ ရယ်သည်ဖြစ်ယဖြင့် အသံမှာ သဲ့သဲ့သာထွက်သည်။

'ဆရာ့တရားက ကောင်းပါတယ် ဆရာရယ်၊ ဆရာ့တရားအတိုင်းပဲ လွှမ်း ကြုံခဲ့ရတာဟာ အကုသိုလ်ကံကြောင့်လို့ပဲ ဆိုကြပါစို့၊ ဒီစကားကို လွှမ်း ငြင်းလဲ မငြင်းရဲပါဘူး၊ ဒါပေမယ့် အဲဒီ အကုသိုလ်ကံကို မောင်မောင်လွင်ဟာ မေတ္တာရှိသယ်ဆောင်ယူလာတဲ့ ပယောဂကောင်ပဲ ဆရာ'

ဒေါက်တာမင်းညို၏ ဇက်မှာ ကျိုးကျသွားသည်။ ဘာဆက်ပြောရမှန်းလည်း မသိ။

ထိုစဉ် လယ်လယ်နှင့် နေစိုးကာ အခန်းတွင်းမှ ထွက်လာကြသည်။

'မမလွှမ်းရေ... အပြင်မှာ လေအေးတိုက်နေတယ်၊ မြို့ထဲ ဆင်း လမ်းလျှောက်ရအောင် လာ'

www.burmeseclassic.com

www.burmeseclassic.com


လယ်လယ်က လွမ်းကို ခေါ်သည်။ လယ်လယ့်နောက် ထလိုက်သွားရာမှ လွမ်းသည် လှည့်လာ၍ ဒေါက်တာမင်းညိုအား ခေါင်းပြန်ညိတ်သည်။

'ဆရာ...လွမ်း စကားပြော ရှိန်းသွားတယ်၊ လွမ်းကို ခွင့်လွှတ်ပါ'

'လွမ်းကို ဆရာ ခွင့်လွှတ်ဖို့ မလိုပါဘူး လွမ်းရယ်'

လွမ်းတို့ထွက်သွားသည်အထိ ဒေါက်တာမင်းညိုမှာ ငိုင်ကျန်ရစ်သည်။ နေစိုးက ဒေါက်တာ့အနီးသို့ ပေါ်လာသည်။

'ဘယ့်နှယ်လဲ ဒေါက်တာ'

'အင်း... လွမ်းက ကျွန်တော့်ကို လုံးဝ ခွင့်မလွှတ်ဘူး'

နေစိုးက သက်ပြင်းရှိုက်၍ 'ဒါကြောင့် ကျွန်တော် ပြောတယ် မဟုတ်လား၊ မေလွမ်းဟာ (Extreme Character) မုန်းရောရှိ အင်မတန်မုန်းတတ်ပြီး ချစ်ရောရှိ အင်မတန်ချစ်တတ်တဲ့ မိန်းကလေး....လို့'ဟု ဆိုသည်။

ဒေါက်တာက ခေါင်းကို ဖြည်းဖြည်းလေးစွာ ခါသည်။

လွမ်းရဲ့ အမုန်းဟာ ခင်ဗျား ထင်သလို သာမန် အမုန်းမဟုတ်ဘူး ကိုနေစိုး၊ Traumatic Hatred ပဲ'

'ခင်ဗျာ....'

'လွမ်းရဲ့ အမုန်းဟာ သာမန်အမုန်းမဟုတ်ဘူး၊ စိတ်ဒဏ်ရာနဲ့ယှဉ်တဲ့ ရောဂါအမုန်း'

'ဆရာပြောတာ ကျွန်တော် နားမလည်ဘူး'

'နောက်တော့မှ ကျွန်တော် ရှင်းပြပါမယ်၊ ဒါပေမယ့် ခင်ဗျား တစ်ခုတော့ ကျွန်တော့်ကို ကူညီရမယ်'

'ဆိုပါဦး ဆရာ'

'လွမ်းရဲ့ အမုန်းရဲ့ အတိမ်အနက်သဘာဝကို ကျွန်တော် စမ်းသပ်ကြည့်ချင်တယ်၊ လွမ်းရဲ့ အကျိုးအတွက်ပဲ ကျွန်တော် စမ်းသပ်ကြည့်ချင်တယ်'

'ကျွန်တော် ဘယ်လိုကူညီရမလဲ ဆရာ'

'ကျွန်တော် နက်ဖြန် စမ်းချင်တယ်၊ အသေးစိတ် အစီအစဉ်ကို ညနေကျ ကျွန်တော် ပြောပြမယ် ဟုတ်လား'

'ကောင်းပါပြီ ဆရာ'

✱

နေ့ည....။

သကြ္ကန်ကြိုမိုးကြောင့် မြေသင်းနံ့တို့ ပျံ့ပျံ့ပျူူးနေသည်။

ဒေါက်တာမင်းညိုက စားပွဲတွင် ထိုင်လျက် ဖယောင်းတိုင်နှင့် လုပ်ထားသော မျက်လုံးပုံတုကို ကြည့်ချည်၊ ထူထဲသော စာအုပ်ကြီးကို ဖတ်ချည်နှင့် စိတ်ဝင်စားစွာ အလုပ်များနေသည်။

www.burmeseclassic.com



နွေဦး၏ လေရှူးနှင့်အတူ ဂစ်တာ–တယောသံတို့ဖြင့် ရော လျက် ဆွေးမြည့်ဖွယ် တေးတစ်ပိုဒ်ကို ဆိုသံသည် တစ်ဖက်ခြံမှ လွင့်မျောလာသည်။

ဂီတ၌ ကျွမ်းသော ဒေါက်တာမင်းညိုက သီချင်းကို ကောင်းကောင်းသိသည်။ မကြာမီက 'ဂီတနက်သန်'ကိုအွန်းလွင် တို့နှင့် တွဲ၍ အသံလွှင့်သွားသော 'တေးမြသျှူနွ' အဖွဲ့မှ ပြန်လည် ဖန်ကျူးသည့် ကိုစောငြိမ်း၏ 'နွေဦး' မှန်း ဒေါက်တာမင်းညို သိသည်။

> 'နှင်းကြွင်းလေးတွေ တဖွဲဖွဲတဲ့ကာ၊ နွေဦးပေါ်သစ်၊ ပုရစ်ညှာချီချီ၊ အင်ကြင်းသန္တာသွေး၊ ခုလို ကြူသင်း မွှေးမှုဖြင့်၊ တရေးရေး....မြင်မိ၊ တဆွေးဆွေး ဘဝင် မရှိ၊ နေထိသည့်မာလာနွယ်.... ညှိုးလျကာ ပွပုံရွှေ ကြွယ်၊ ညစဉ် ညတိုင်း တိမ်မှိုင်းရိပ်လယ်၊ လရောင် ကွယ်ရင် တကယ်၊ စက်ခန်းသာဆောင်လယ်၊ အားငယ် ပါတဲ့....မောင့်မှာ တစ်ကိုယ်တည်းရယ်'

အဆိုရှင်က ရေနံ့သာစိုးလှိုင်၏ဟန်ကို မီအောင် အေးချမ်း ဆွေးမြည့်စွာ ညည်းညည်းရင့်ရှသည်။

ဒေါက်တာမင်းညိုက အလုပ်ကိုရပ်ကာ ပြတင်းဝ၌ ရပ်မိ သည်။ ကျဉ်းမြောင်းကျပ်တည်းသော လူမှုရှုပ်ကမ္ဘာမှ ဂီတ လှိုင်းရေယာဉ်၌ ခေါ်ဆောင်ရာ လွတ်လပ်သော နယ်မြေသို့ ဒေါက်တာသည် တဒင်္ဂဖြစ်ဖြစ်လိုက်ပါရကောင်းမှန်းသိသည်။

အဆိုနှင့် အတီးက ပထမပိုဒ်ကို ပြန်လည် ကျော့နေသည်။

ဒေါက်တာမင်းညို ငိုင်နေခိုက် မှောင်မည်းသော အပေါ် ထပ် ဆင်ဝင်ခန်း၌ ဖြူဖွေးသော သဏ္ဌာန်တစ်ခုသည် ပေါ် လာ၏။

လွှမ်းသည် လက်ကလေးများဖြင့်စမ်းရင်း လသာဆောင်သို့ ဖြည်းဖြည်းပေါ်လာ၏။

ဒေါက်တာမင်းညို၏ လျှင်သော နား၌ အပေါ်ထပ်မှ ခြေသံကို ကြားသည်။ ထိုအခိုက်တွင်ပင် လသာဆောင် ဝရန် တာ၌ ထားသော ပန်းအိုးတစ်လုံးသည် ဒေါက်တာ ရပ်နေရာ ပြတင်းအနီးသို့ ကျလာ ကွဲကြေသည်။

ခေတ္တတွေနေမိပြီး ဒေါက်တာသည် သတိရကာ အိမ်ပေါ် ထပ်သို့ ပြေးတက်ခဲ့သည်။

'လွှမ်း....'

လသာဆောင်ထက် လက်ကလေးများဆန့်ကာ စမ်းတဝါး ဝါး ဖြစ်နေသူ လွှမ်းမှာလည်း တုန်လှုပ်သွားသည်။

*

'ဆရာလား'

လွှမ်းက လန့်သွားသဖြင့် အောင့်ထားသော အသံကို ရှုရင်း မေးသည်။

www.burmeseclassic.com


‘ဟုတ်တယ် လှမ်း....ဆရာပါ၊ ဒေါ်ကြင်ကော....’

‘ဒေါ်ကြင် အိပ်ပျော်နေပြီ ဆရာ၊ လှမ်းသာ အိုက်လို့ အိပ်မပျော်တုန်း သီချင်းသံလဲကြားတော့နဲ့၊ ကိစ္စမရှိပါဘူးဆရာ လှမ်း ပြန်အိပ်တော့မယ်’

လှမ်းက လက်ကလေးများနှင့် စမ်း၍ ပြန်လမ်းကိုရှာယှက် လှုပ်ရှားလာသည်။ ဒေါက်တာမင်းညိုသည် လှမ်း၏ လက်ကလေးများကို အသာအယာဆုပ်ဖမ်းမိသည်။

‘လှမ်း အိပ်မပျော်ဘူး မဟုတ်လား၊ သီချင်းလဲနားထောင်ချင်တယ် မဟုတ်လား၊ ဆရာလဲ မအိပ်ချင်သေးဘူး၊ လာ... ဒီမှာထိုင်’

ဒေါက်တာမင်းညိုက လှမ်းကို လသာဆောင်ပေါ်ရှိ ကြိမ်ကုလားထိုင်တစ်လုံးပေါ်၌ နေရာချပေးသည်။ သူကိုယ်၌တော့ မထိုင်။

နွေညဝယ် လရောင်လဲ့လဲ့ ကျနေသဖြင့် ပတ်ဝန်းကျင်မှာ မြူရိပ်နှင့်ရော၍ မှုန်ရီပြာနေ၏။ ရွက်ဝါတို့ လေဝယ် သဲ ကြွေလဲသံနှင့်အတူ ဥဩသံမှာ လေးလေးမှုန်မှုန် လွင့်ပါးလာသည်။

ထိုစဉ် တေးသံမှာလည်း ဝဲပျံ့လာလေသည်။

‘ဩော်...မှိုစုံညီ၊ ချွန်းတုံ့လီ၍၊ သိုက်မြုံရိပ်နန်း၊ နေ
ဦးဆန်းဝယ်၊ ဖော်ကမ်းကြင်နှာ။ ဘာဘာလှူနှယ်၊ ဥဩ
ငှက်ကလေးရယ်။ ဟိုပင်ယံ ရွှေယင်းမာက၊ တေးတံတျာ
ကာ ကျီစယ်၊ ရှည်ရှယ်ပါလို့ မောင့်ကို ညွှန်းသည့်နှယ်
ပွပွဝန်ကြွေးရယ်ကြောင့်၊ ဆွေးရသူ မိန်းအကျန်ဝယ်
ရော်ရွက်ဝါတို့ သက်ကြွေလဲဆဲ....။ ဖော်နည်းသူမို့...
မျက်ရည် ဝဲပြီတွယ်’

အတီးပိုဒ်များက ဖေ့ကျေ၍ လာနေပြန်သည်။

ဆိတ်ငြိမ်ခြင်းကို လှမ်းက စ,ဖြိုခဲ့သည်။

‘ဆီလျော်တိုက်ဆိုင်လိုက်တာနော်... ဆရာ၊ ဒီရာသီနဲ့ ဒီ သီချင်းဟာ လှမ်းဖြင့်လေ...နေကို မမြင်ရပေမယ့် အာရုံမှာ မြင်ထင်လာတယ်’

‘မှန်တာပေါ့ လှမ်းရယ်၊ ဒါကြောင့်လဲ ဂီတဆိုတာကို သာမန်အာရုံ တရားမျိုးထက် ယှဉ်ဖက်ခမီ သာလွန်တဲ့ နာမ်လောက စိတ်ကမ္ဘာဆီ တိုက်ရိုက်ခေါင်းကူး ဆက်သွယ်နိုင်တဲ့ ပဉ္စလက်မမာ ပညာတစ်ရပ်အဖြစ် ချီးမွမ်းကြရတာပေါ့’

‘လှမ်း ဂီတကို သိပ်မြတ်နိုးတယ်၊ ဆရာကော ဝါသနာပါလားဟင်’

‘ဆရာ့အတွက်တော့ ဝါသနာပါရုံမကပါဘူး၊ ဂီတဆိုတာဟာ ဆရာ့မိတ်ဆွေ စာရေးဆရာတစ်ဦးရေးခဲ့သလိုပါပဲ၊ ကျဉ်းမြောင်းတဲ့ ဒီလောက,ကနေ နာမ်အားဖြင့် လွတ်ဆယ်ရွှင့် ရှာခြင်း တစ်မျိုးပဲ’

‘ဒီလောကကြီးက ကျဉ်းမြောင်းနေတယ်ဆိုတော့ ဆရာ့အတွက် ဘဝဆိုတာဟာ ဘယ်လိုများ အဓိပ္ပာယ်ထင်နေလို့လဲဟင်’

ဒေါက်တာမင်းညိုက အမှတ်မထင်မှုံးရင်း လှမ်းကိုကြည့်မိသည်။ မျက်မမြင်ဘဝဖြစ်သော်လည်း လှမ်းသည် စပ်စုလိုသော ဣတ္ထိယသဘာဝကို မစွန့်ပါလေတကား။

www.burmeseclassic.com

www.burmeseclassic.com

'လောကကြီးဟာ ဆရာ့အတွက် အထူးကျဉ်းမြောင်းတယ်ရယ်လို့တော့ မဟုတ်ပါဘူး လှမ်းရယ်၊ ဒါပေမယ့် ပိယေဟိဝိပ္ပယောဂေါ ဒုက္ခော၊ အပ္ပိယေဟိသမ္ပယောဂေါ ဒုက္ခောဆိုတဲ့ သံသရာကျင်လည်သော ယောကျ်ားတကာတို့ ခံရမြဲ ဖြစ်တဲ့ ဓမ္မတာက ဆရာလဲ ဘယ်လွတ်ပေလိမ့်မလဲ'

လရောင်ဝယ် လှမ်း၏မျက်နှာ၌ နာကြည်းမှု ပြုံးရိပ်ပေါ်လာသည်။

'ဆရာ့လို ပုဂ္ဂိုလ်တစ်ဦးတောင် ဒီလိုခံစားနေရရင် လှမ်းအတွက် ဘယ်လိုနေမလဲ၊ လှမ်းချစ်တဲ့ ဖခင်နဲ့လဲကွဲခဲ့ရတယ်၊ ပြီးတော့ လှမ်းချစ်တဲ့ကမ္ဘာမြေနဲ့လဲလှမ်းအဆက်ပြတ်ခဲ့ရတယ်'

လှမ်းမှာငိုသံပါခဲ့ပြန်လေပြီ။

'အခုလို နွေမှာဆိုရင် ရွက်ဝါတွေက ကြွေနေမယ်၊ တဖွဲဖွဲနဲ့ ကြွေနေလိမ့်မယ် နှင်းကြွင်းတွေကလဲ ဝေနေဦးမယ်၊ ဒါပေမယ့် ရွက်ဝါတွေကို လှမ်းမတွေ့တော့ဘူး။ နှင်းကြွင်းတွေကိုလဲ လှမ်း မမြင်နိုင်တော့ဘူး၊ အို....လှမ်း ဘာမှ မမြင်ရတော့ဘူး'

လှမ်းမှာ တသိမ့်သိမ့်နှင့် ရှိုက်ဖိုငိုကြွေးနေပေပြီ။

ကရုဏာပေါက်ကွဲမိသူ ဒေါက်တာမင်းညိုက လှမ်း၏ပခုံးလေးကို အမှတ်မထင် ကိုင်ဆုပ်ကာ အားပေးမိသည်။

'တိတ်ပါ လှမ်းရယ်၊ တိတ်ပါ၊ ဆရာ ရှင်းပြပါ့မယ်၊ ဆုံးရှုံးမှုကို ရင်ဆိုင်ရတဲ့အခါ လူတွေဟာ ဆုံးရှုံးခဲ့တာကိုသာ တသနေတတ်ကြပြီး ပိုင်ဆိုင်နေသေးတာကိုတော့ မေ့ခနတတ်ကြတယ်၊ ဥပမာ....လှမ်း ရွက်ဝါတွေကို မမြင်ရတော့ဘူး။ မှန်တယ်၊ ဒါပေမယ့် ဥဩသံနဲ့ ဂီတသံကို ကြားနေသေးတဲ့



သောတအာရုံ၊ မြေသင်းနံ့နဲ့ ပန်းရနံ့တွေကို ရှူရှိုက်နိုင်သေးတဲ့ ဂန္ဓာရုံ၊ ဒီအာရုံတရားတွေက ရှိနေသေးတယ်'

ဒေါက်တာမင်းညို၏ လေသံမှာ စိတ်ပညာ ပါမောက္ခ၏ ဟောကြားဟန်ကဲ့သို့ တည်ငြိမ် လေးနက်နေသည်။

'လှမ်းရယ်...စင်စစ်တော့ လှမ်းတို့ ဆရာတို့ဆိုတဲ့ ရင်ခွင်လူသားတွေအပေါ်မှာ လိုလေသေးမရှိအောင် ပေးထားတဲ့ မိခင်ကမ္ဘာမြေဟာ အထူး ကြင်နာပြီး အထူး တာဝန်ကျေလှပါတယ်၊ ရှိသေးတဲ့ အာရုံတရားတွေကြောင့် လှမ်းဟာ မိခင်ကမ္ဘာမြေနဲ့ အဆက်မပြတ်သေးဘူး၊ မိခင် ကမ္ဘာမြေကလဲ လှမ်းကို အဆက်ဖြတ်မပစ်သေးဘူး'

လှမ်းက ငြိမ်နေသည်။ ငြိမ်သက်စွာနှင့် ဒေါက်တာမင်းညို၏ စကားကို နားထောင်နေသည်။ သူ့စကား အဆုံးတွင် မိမိ၏ ပခုံးပေါ် ယုယစွာ တင်ထားသော သူ့လက်များကို အသာအယာ ဖယ်ချ၍ ဆိုသည်။

'ကောင်းပါပြီ ဆရာ၊ ဆရာပြောသလိုပဲ မိခင်ကမ္ဘာ့မြေက ပေးထားသာတွေက ကျေးဇူးတင်လောက်ပါတယ်၊ အဲဒီ မိခင်ကမ္ဘာမြေက ပေးထားတဲ့ ဆုလာဘ်တွေအားလုံး လှမ်းမှာ ပြည့်စုံနေ မကောင်းပေဘူးလား'

စကားတက်သော လှမ်းကြောင့် ဒေါက်တာ မင်းညိုမှာ ဘာပြန်ဖြေရမှန်းမသိ။

လှမ်းကသာ အံလေးကြိတ်၍ ဆက်ပြောသည်။

'ဒါတွေ တွေးမိလေ ဟိုဂြိုဟ်ကောင်ကို အသည်းနာလေပဲ၊ ခေါ်စာမပစ် မပင့်မဖိတ်ရဘဲ ရောက်လာတဲ့ ဂြိုဟ်ကောင်'

www.burmeseclassic.com

www.burmeseclassic.com



လွှမ်း စကားကြောင့် ဒေါက်တာမင်းညို၏ လက်တွင်းမှ ဓာတ်အုံးဆဲဆဲ စီးကရက်သည် လွတ်ကျသွားသည်။

'ဂွိုဟ်ကောင်....ဂွိုဟ်မကောင်'

ဤစကားရပ်များကား သူ့အနေနှင့် မကြားဝံ့မကြားချင်ချင်သော စကားများတည်း။ အနှစ် နှစ်ဆယ်ကျော်မှ ဤကြောက်မက်ဖွယ် စကားကို ပြန်ကြားရပြန်ပါချေပြီ။

အတန်ကြာမှ ဣန္ဒြေဆည်၍ အနိုင်နိုင် ပြောရသည်။

'အပြစ်မဲ့တဲ့ တစ်ဖက်သားခများကို ဘာကြောင့် ဒီခလောက် ခေတာင် မကျေနိုင် မခံနိုင် ဖြစ်နေရတာလဲ လွှမ်းရယ်'

'လွှမ်းဘဝမှာ သူ့အပေါ် ကျေနိုင်စရာကော ရှိသေးရဲ့လား ဟင်....ဆရာ'

'သူ့အပေါ် ကျေပါလို့ ဆရာ ကြားက ဘာမှ ဝင်ပြောစရာ မရှိဘူး၊ ဒါပေမယ့် လွှမ်းရယ်၊ ဥပါဒါန်ကြောင့် လွှမ်းကို ဥမတ်စေတာ မဖြစ်စေတို့ဘူး'

'ဆရာ ဘာဆိုလိုတာလဲ'

'အမုန်းတရားဆိုတာ ဘယ်အခါကာလကမှ ကောင်းကျိုးပေးခဲ့ ထုံးစံမရှိပါဘူး လွှမ်း၊ ပြီးတော့ စေတနာသာလျှင် ကံလို့ ဘုရားဟောတယ်၊ သူ့ခများ အနေနဲ့ လွှမ်းကို ထိခိုက်နစ်နာပါစေ ဆိုတဲ့ ရည်ရွယ်ချက် မရှိပါဘူး'

လွှမ်းသည် နေရာမှ ဇော်ခနဲ ထလိုက်သည်။

'တော်ပါတော့ ဆရာ၊ မနက်ဘာလဲ ဓိတရားကို ဆရာ တစ်ခါ ဟောပြီးပြီ၊ လွှမ်း ထပ်မနာပါရစေနဲ့တော့'



အခန်းဝမှ ခြေသံနှင့်အတူ ဒေါ်ကြင် ပေါ်လာသည်။

'လွှမ်း အိပ်ရာ၀မှာ ပျောက်လို့ လန့်သွားတာပဲ တူမရယ်၊ ညဥ့်နက်လှပါပကော၊ ဪ.... ဆရာလဲ ဒီမှာပါကလား၊ မအိပ်သေးဘူးလား ဆရာ'

'အပေါ်ကလွှမ်းခြေသံကြားလို့ တက်လာခဲ့ပါဒေါ်ဒေါ်၊ ကဲ....လွှမ်း၊ အိပ်ပေတော့'

လွှမ်းက သူ့ရှိရာဘက်သို့ လှည့်ကြည့်သည်။ လွှမ်း၏အသံမှာ နူးညံ့ပျော့ပျောင်းနေ၏။

'လွှမ်း အိပ်တော့မယ် ဆရာ၊ ညဥ့်နက်ပြီ၊ ဆရာလဲ အိပ်တော့နော်'

လွှမ်းနှင့် ဒေါ်ကြင် ထွက်သွားသည်အထိ ဒေါက်တာမင်းညိုမှာ ငိုင်ကျန်ရစ်၏။

လေအဝှေ့ ဝယ် ကသဲသဲ ကြွေလဲသော ရွက်ဝါတို့၏အသံကို ကြားနေရသည်။

စောင်းသေးလကို တိမ်ညိုဖုံး၍ နွေညပြာမှာ မှိုင်းမှုန်ပြာရီနှင့် ဆိတ်သုဉ်းချောက်ချားဖွယ် ရှိနေသည်။

တစ်ဖက်ခြံမှ သီချင်းကို ဘယ်နှစ်ချိုး ကျော့နေသည် သိ၊

'ရည်ရွယ်မပါလို့ ဖောင့်ကို ညွန်းသည့်နွယ်၊ ပွပွဝန်ကြွေးဃ်ကြောင့် ဆွေးရသူ မိန်အကျန်ဝယ်၊ ရော်ရွက်ဝါတွေ့ သကြွေလဲဆဲ....ဖော်နည်းသူမို့ မျက်ရည်ဝဲ....ပြိုကွယ်'

www.burmeseclassic.com

www.burmeseclassic.com



(၄)

အားသပ်သော တနင်္ဂနွေနေ့ ဖြစ်သော်လည်း ဒေါက်တာ
မင်းညိုသည် စောစောထကာ ခြံတွင်းရှိ နှင်းဆီပန်းပင်များ
ကော်ကြေးနှင့် ဖြတ်လျက် ပြုပြင်ပေးနေသည်။

ခါတိုင်းဆိုလျှင် တနင်္ဂနွေနေ့၌ နံနက်ကိုးနာရီအထိ အိ
ဖြစ်သည်။ ယခုမူ ညက ထွေထွေလေးဖြာ အတွေးအ
ကြောင့် ကောင်းစွာ အိပ်မပျော်လျက်နှင့် နံနက်စောစော
လည်း မျက်စိက ကြောင်နေသည်။ ထို့ကြောင့် စောစော
ထကာ လမ်းလျှောက်ပြန်လာပြီး ပန်းခြံထဲ၌ မိမိကိုယ်
အလုပ်မရှိ အလုပ်ရှာ ခိုင်းနေရ၏။

ဒေါက်တာ၏စိတ်မှာ လှုပ်ရှားနေသည်။ ဤစိတ်လှုပ်ရှား
မှာ တစ်ကြိမ်မျှ မခံစားဖူးသော လှုပ်ရှားမှုမျိုး ဖြစ်သ

လူပျိုဘော်ဝင်စ စိတ်ကူးယဉ် ကာလ၏ သမုဒယ လှိုင်းယဉ်
ဘောင်ဘင်ခတ်ခြင်းမျိုးလည်း မဟုတ်။

စိတ်လှုပ်ရှားခြင်း ဆိုသည်မှာ ယမာဓိ အရေးကြီးသော
ဆရာဝန်တစ်ဦးနှင့် မအပ်စပ်လှချေ။ ရင်းပြင် မိမိမှာ ယော်ရှယ်
နုနယ် အတွေ့အကြုံ နည်းသေးသည့် ဆရာဝန်ပေါက်စတစ်ဦး
လည်း မဟုတ်။

သို့သော် လှမ်းအတွက်မူ ဒေါက်တာသည် စိတ်လှုပ်ရှား
ရသည်။ ထင်သည်ထက် အမြစ်ခိုင်တွယ်ချင်သော သံယောဇဉ်
တရားကို သတိထားမိ၍လည်း ဒေါက်တာမှာ ချောက်ချားမိ
သည်။

စိတ်ငြိမ်ရန် ခေတ်သစ်ပုတီးစိပ်နည်းတစ်ရပ်ဖြစ်သည့် ပန်း
ပင် ပြုစုခြင်း၌ လုံ့လစိုက်နေသော်လည်း ဒေါက်တာမှာ ထွေ
ပြားနေသော အာရုံများတို့ကို ထိန်းချုပ်မမိ။

လှမ်းမှာ အိပ်ရာမှနိုးဟန် မတူသေး။ သို့ရာတွင် နေစိုးနှင့်
လယ်လယ်မှာ ဘာစိတ်ကူးရသည်မသိ။ စောစောစီးစီး ခြံဝင်း
၌ လှည့်၍ ကင်မရာတစ်လုံးနှင့် ဓာတ်ပုံရိုက်နေကြသည်။ နေ
နံနက်၏ ကြည်လင်တောက်ပသော နေရောင်မှာ ဓာတ်ပုံရိုက်
ရန်အတွက်မူ ကောင်းမွန်နေသည်။

ငိုင်နေသောဒေါက်တာသည် အိမ်အောက်ထပ်ဆီသို့ မျက်
လုံးရောက်သွားသည်နှင့် တစ်ပြိုင်နက် လှုပ်ရှားလျက် ခါးဆန့်
သွားသည်။

လှမ်းက အဖော်မပါ၊ တစ်ကိုယ်တည်းစမ်း၍ အိမ်တွင်းမှ
ခြံထဲသို့ ဆင်းထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းများကို ရေတွက်၍ အမှတ်သညာ ပြုလျက် လျှောက်နေမှန်း ဒေါက်တာသည် ချက်ချင်းရိပ်မိသည်။

ရေချိုးပြီးဟန် မျက်နှာသုတ်ပဝါနှင့် အနေပါ ထပ် ပြတင်းဝမှ ပေါ်လာလျက် လှမ်းအား လှမ်းအသံ ပြုတော့မည် လုပ်သော ဒေါ်ကြင်အား ဒေါက်တာက လှမ်း၍ တိတ်တိတ်နေရန် အချက်ပေးလာသည်။ လှမ်းက ဖြည်းညင်းစွာလျှောက်လာနေ၏။ နှုတ်ခမ်းလေးများမှာ မသိမသာလှုပ်နေ၍ လက်ချောင်းလေးများကိုလည်း ရေတွက်ဟန် ချိုးနေသည်။

လှမ်းသည် ရပ်လိုက်၏။ အနံ့ခံဟန် ခေတ္တငြိမ်နေပြီး နှင်းဆီပန်းပင်များရှိရာသို့ ဖြည်းဖြည်းဆက်လျှောက်လာသည်။

လှမ်းရပ်သော် ဒေါက်တာမင်းညိုက ခြေသံမကြားအောင် အနီးသို့ကပ်လာသည်။ နှင်းဆီအစ်ပွင့်ကို ရှိုးတံမှကိုင်လျက် လှမ်း၏ နှာဝအနီး၌ ထား၏။ နှင်းဆီ၏ မွှေးရနံ့ကို လှမ်းကောင်းစွာ ရသည်။

လှမ်းက နှင်းဆီပွင့်ကို စမ်းကိုင်သည်။ မျက်နှာပေးမှာလည်း ရွှင်ပျသွား၏။ လက်ကလေးများက ရိုးတံမှစမ်း၍ လျှောကျလာသည်။ လှမ်း၏ ဖြူနုသော လက်ချောင်းလေးများက ဒေါက်တာမင်းညို၏လက်ကို ဆုပ်ကိုင်မိသွားသည်။

'လှမ်း....'

လှမ်းသည် ဝမ်းသာလှေး မသိမသာရပ်သွားရှိ အနည်းငယ်တုန်လှုပ်သွားပြီးနောက် တပြည်းဖြည်းပြုံး၍မေးသည်။



'ဆရာလား'

'ဟုတ်တယ် လှမ်း၊ ဘာကြောင့် တစ်ယောက်တည်းထွက်လာရလဲ၊ မတော်တဆ ထိခိုက်လဲပြိုရင် ဘယ့်နှယ်လုပ်မလဲ'

'ဒေါ်ကြင် ရေချိုးနေတုန်း တိတ်တိတ်လေး တမင်ထွက်လာတာ၊ လှမ်း လူများပေါ် ဒုက္ခပေးမှီခိုနေရတာ စိတ်ပျက်လာနေလို့ပြီ၊ ညက ဆရာပြောသလို လှမ်းမှာရှိသေးတဲ့ အာရုံတရားတွေကိုအသုံးပြုပြီး လှမ်းကိုယ်လှမ်း ဘယ်လောက်အားကိုးနိုင်သေးတယ်ဆိုတာ စမ်းကြည့်တာ၊ လှမ်းအောင်မြင်ဘယ်ဆရာ'

စကားအဆုံး၌ လှမ်းသည် ကျေနပ်စွာ အသာအယာ ရယ်မောလိုက်၏။

'ကောင်းတယ်လှမ်း၊ ဒီစိတ်ဓာတ်မျိုးရှိဘာ ဆရာ သိပ်ချီးမွမ်းတယ်၊ ဩော်....လှမ်း ထိုင်မလား'

လှမ်းက ခေါင်းညိတ်သဖြင့် သူက လှမ်း၏လက်ကလေးကိုဆွဲကာ ထိုင်ခုံပေါ်၌ နေရာချပေးသည်။ စေတနာနှင့် သူက လုပ်ပေးသည် ဖြစ်သော်လည်း လှမ်းမှာ ရင်ဖိုသွားသည်၊ ထို့ကြောင့် ချက်ချင်း စကားမဆိုနိုင်၊ အတန်ကြာငြိမ်နေမိပြီးမှ လှမ်းက စကားဆက်၏။

'ဖြစ်လာရတဲ့ဘဝကို တတ်နိုင်သမျှ အကောင်းဆုံး ဖြစ်အောင် ဖန်တီးရင်ဆိုင်ရဲတဲ့သတ္တိ လှမ်းမှာရှိပါတယ်ဆရာ၊ ဒါပေမယ့် လှမ်းမျက်လုံးတော့ ပြန်မြင်ချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'မြင်ရမှာပေါ့ လွှမ်းရယ်၊ မြင်ရမှာပေါ့'

'လွှမ်းကို မြင်ရမှာပေါ့လို့ ဆရာ ပြောပြောနေတာဟာ လွှမ်းကို အားရှိအောင်ပြောနေတာလား၊ ဒါမှမဟုတ် တကယ်ပဲ ပြန်မြင်နိုင်လို့လား....ဟင်....ဆရာ'

သူက လွှမ်းကို ငေးစိုက်ကြည့်မိသည်။ အိပ်ရာထ မျက်နှာသစ်ပြီးစ မည်သို့မျှ မှုန်မခြယ်ရသေးဘဲလျက် ရွှေဝါရည်ဝင်သော လွှမ်း၏မျက်နှာလေးမှာ သန့်စင်ချောမောနေ၏။ မျက်တောင်ကော့နှင့် မျက်လုံးတို့မှာ မြင်ရင်စဥ်ဆိုလျှင် မည်မျှပမည်မသိ။ ယခုပင် အပြစ်ဆိုစရာမရှိ။ မဖြစ်နိုင်သော ဆုတောင်းနေမိ၏။

ကြုံခဲ့သမျှအားလုံးသည် အိပ်မက်သာဖြစ်လျှင်....၊ လွှမ်း၏ ရီညို့သော မျက်လုံးလေးများမှာလည်း မြင်နေလျှင်။ နော် သူ့ရှေ့မှလွှမ်းသည် သူ့လူနာ မဟုတ်လျှင်။ ပြီးတော့.... သာယာသောနံနက်ခင်း၌ လွှမ်းနှင့်သူသည် ကြင်စဦး ချစ် မောင်နှံဖြစ်လျှင်....။

'ဟော...ဆရာ လွှမ်းမေးတာကို မဖြေနိုင်တော့ဘူး'

သည်တော့မှ သူက ရင်ဟာလှသော တမ်းတသူအဖြစ် လန့်နိုးလာသည်။

'သြော်... လွှမ်းရယ်၊ လွှမ်း ကျေနပ်လောက်တဲ့အဖြေ ပေးဖို့ ဆရာ စဉ်းစားနေလို့ပါ'

'ဘယ်လိုလဲ ဆရာ'



'လွှမ်း မြင်ရမှာပေါ့'

'ဟင်... လာပြန်ပြီ ဆရာကလဲ၊ ဒီမြင်ရမှာပေါ့'

လွှမ်းက ချစ်စဖွယ် ငြူစူစူကလေး ပြောသည်။

'ဟုတ်တယ်လွှမ်းရဲ့...မြင်ရမှာပေါ့၊ မြန်မာပြည်ပြန်ရောက်မှရော၊ အမေရိကန်မှာ နေစဉ်ကရော၊ လွှမ်းလို ဝေဒနာမျိုးကို ခွဲစိတ်ကုသခဲ့တာ လူသုံးဆယ်ကျော်ပြီ၊ အားလုံး အောင်မြင်ခဲ့တယ်'

လွှမ်းမှာ အားတက်သွားပုံ ရသည်။

'လူသုံးဆယ်ကျော်တောင် ဟုတ်လားဆရာ'

'ဟုတ်တယ်လွှမ်း၊ ဒီမှာထက် အမေရိကားမှာ ပိုများတယ်ပေါ့လေ၊ ဟိုတုန်းက အခုလို မျက်စိချွတ်ယွင်းတာထက် ပိုခက်တဲ့ စက္ခုအာရုံ ဗဟိုချက်မဖြစ်တဲ့ ဦးနှောက်နောက်ပိုင်း ဒဏ်ရာရလို့ မျက်လုံးကွယ်တဲ့ ဝေဒနာကိုတောင်.... ဆရာ့ရဲ့ ဆရာ ပါမောက္ခနဲ့အတူ အောင်အောင်မြင်မြင် ခွဲစိတ်ကုခဲ့ဖူးတယ်'

'ဆရာ အမေရိကားမှာ အတော် ကြာခဲ့မှာပေါ့နော်'

'၄ါးနှစ်ကျော်ကျော်ပဲ လွှမ်း၊ မြန်မာအခွန်ထမ်း လူထုရဲ့ ကျေးဇူးကြောင့် နိုင်ငံတော်အစိုးရ ပညာတော်သင်အဖြစ်နဲ့ နယူးယောက်မြို့က [MEDICAL CENTER] ခေါ်တဲ့ ဆေးပညာ ဗဟိုဌာနကြီးမှာ ဆရာသင်ကြားခဲ့ရတယ်'

'ဆရာ ဟိုမှာ ဘော်ဘော် ပျော်လား....ဟင်'

www.burmeseclassic.com

www.burmeseclassic.com

'မပျင်းတာကို ပြောတယ်ဆိုရင်တော့ ဆရာ ပြောခဲ့ပါတယ်'

'ဆရာ ဘာကို ဆိုလိုတာလဲ'

'တို့ပြည်ပြင်ပ္မှာ၊ ရွှေဆီမှာနှင့်၊ ဘာသာမတူ၊ အမှုကွဲခြမ်းမြိုင်တော်ဝှမ်းငယ်၊ အခါမ်းတွေ အပူမမျှ၊ ကြုံရာဘိရှင့်....ဆိုတဲ့ ရှင်မဟာရဋ္ဌသာရရဲ့ ကဗျာကို လွမ်း ရသလား'

လွမ်းက ပြုံးသည်၊

'လွမ်း ဘာပြုံးတာလဲ'

'ဩော်....ဆရာက ဒေါက်တာဖြစ်ပြီး ကဗျာဆန်လွန်းလို့ပါ၊ ဆက်ပါဦး ဆရာ၊ လွမ်း စိတ်ဝင်စားလာပြီ'

'အဲဒီလိုပဲပေါ့၊ ဘယ်မှာရောက်နေနေ မြန်မာဟာ မြန်မာပါပဲ၊ ကိုယ့်ပြည်ကိုယ့်ရွာမှာလိုတော့ ဘယ်ပျော်မလဲ၊ ဟိုမှာက အစစ ဒီမှာနဲ့ တူတာမှမဟုတ်တဲ့'

'ဘာတွေမတူတာလဲ ဆရာ'

'မတူတာတွေကတော့ အမျိုးကိုစုံနေတာပဲ၊ မတူတာဟာ မှန်းစရာတော့ မဟုတ်ဘူး၊ ဒါပေမယ့် တစ်ခါတလေ သိပ်ရယ်ဖို့ ကောင်းတယ်'

'ဘယ်လိုလဲ ဆရာ'

'ဥပမာ....အလှအပနဲ့ ပတ်သက်လို့ပေါ့၊ အကြိုက်ချင်းမတူတဲ့ ပြောင်းပြန်ဖြစ်နေတာတွေ၊ ဆရာ့ မိတ်ဆွေ လန်ဘားထွန်းစိန်ကြီးဆိုတာ ရှိတယ်၊ အသားက မည်းပြီး ပြာနေတယ်၊



အရပ်က ခြောက်ပေကျော်တယ်၊ ပိန်လိုက်တာက အရိုးချည်းပဲ၊ ဒီမှာတုန်းက ကုလားထွန်းစိန်ကြီးဆိုပြီး မိန်းကလေးတွေက ကောင်းကောင်း ခါတယ်၊ ဟိုကျတော့ (Tall, Dark and Handsome ) ကျူရှိုးပမာရှည်သွယ်သောအရပ်၊ မည်းမှောင်အပ်သော အသားနှင့် ချောမောလှပသော လုလင်ကြီး ဆိုပြီး အမေရိကန်မလေးတွေက ဝိုင်းဝိုင်းလည်နေတာပါပဲ'

လွမ်းက ရယ်သည်၊

'ပြီးတော့ ဆရာတို့နဲ့ ခင်တဲ့ သံအမတ်ကြီးရဲ့ တူမ ကလေး အမေ မမယဉ်ဆိုတာ ရှိတယ်၊ မမယဉ် နဖူးက ကျယ်ကျယ်ပြောင်ပြောင်၊ မျက်ရိုးပေါ်က ဖောင်းဖောင်းပုပုံ၊ မေးရိုးက မြင့်မြင့်ကားကား၊ နှာခေါင်းက အလယ်မှာ အရိုးမပေါ်ဘဲ ပြားပြီး ကော့ကော့၊ အဲဒါကို ဟိုက ကိုရွှေချောတွေက အရှေ့တိုင်းရဲ့ High Cheek-Bones and Slanting Eyes အလှအစစ်ဆိုပြီး ချီးမွမ်းလိုက်ကြတာ'

'ဘာကယ်လား ဆရာ'

'ဩော်....ကယ်ပါပြီးတော့ မမယဉ်က ကောင်းကောင်းမကျန်းမာတော့ ခါးတစ်ထွာမဟုတ်ဘူး၊ တစ်ကိုယ်လုံး ပတ်မှတစ်ထွာသောက်ရှိအောင် သိပ်ပိန်တယ်၊ အဲဒါကို ဟိုကမချောလေးတွေက စီလောက်တောင် ကိုယ်ရေစစ်ပြီး လှနေအောင် ဘယ်လို လှကျင့်ခန်းယူထားလို့လဲလို့ မေးကြတယ်'

'ဟာ....ဆရာကလဲ ကြံကြံဖန်ဖန်'

www.burmeseclassic.com

www.burmeseclassic.com



'အမှန်ပြောနေတာ လွှမ်းရဲ့၊ အဲဒါ မမယဉ်ကလဲ အင်မတန် ရွှတ်တတ်နောက်တတ်တယ်၊ ဆရာတို့ဘက်လှည့်၊ ဟင်းနော် ဖော်ကောင်မလုပ်ကြနဲ့ဆိုပြီး ပြန်ဖြေတယ်၊ My method is Meeyat ငါ့ အလှလေ့ကျင့်ခန်းစနစ်ကို မီးယပ်နည်း လို့ ခေါ်တယ်တဲ့၊ ဆရာတို့ ပြန်သာလာခဲ့ရော၊ အဲဒီ မီးယပ်နည်း ကို ရှင်းပြခွင့်မရခဲ့ဘူး'

လွှမ်း သဘောကျလှ၍ မျက်ရည်လေးများစို့အောင် ရယ်သည်။

'ပြီးတော့ ပြောရဦးမယ်၊ သူတို့က မေးကြတယ်၊ မြန်မာ ပြည်မှာ အပျို လူပျို ဘယ်လိုချစ်ကြိုက်ကြသလဲတဲ့၊ ဆရာက ဖြေ ကယ်၊ ပိုးရတယ်လို့၊ ဒီစကားကို သူတို့ သိပ်အဓိပ္ပာယ်မပေါက် ဘူး၊ မနည်းရှင်းပြရတယ်၊ တစ်ခါတလေ မြန်မာပြည်မှာ လူပျို တစ်ဦးဟာ ချစ်သူကို သုံးနှစ်သုံးမိုးပိုးရတယ်၊ ခေတ်ဆန်လှပါ တယ်ဆိုတဲ့တက္ကသိုလ်မှာတောင် သုံးလကျော်လောက်ထိဇွဲရှိမှ နှစ်တတ်တယ်လို့၊ ဒါတောင်မှ မိန်းကလေးနဲ့ လူရှေ့သူရှေ့မှာ စကားပြောကြည့်နူးရရုံမို့ မိန်းကလေးလက်ကို ကိုင်ဖူးတာများ လက်ကလေးကို ကိုင်ခါအစ ကြက်သီးတွေ ဖြန်းခနဲ ထတော့ တယ်၊ ဘာရယ်လို့ သီချင်းတောင်စပ်ရတယ်ပြောတော့ သူတို့ က မေးတယ်၊ ဘာလို့ ကြက်သီးထရတာလဲတဲ့၊ ကဲ....'

လွှမ်းက သိပ်မရယ်။ ခုလေးကတွင် မိမိလက်ကို သူ အမှတ်မထင်ကိုင်စဉ်က ကြက်သီးထခဲ့ရသေးသည်။

ပေါက်ဘာမင်းညိုကသာ ဆက်ပြောနေသည်။



'မေးမှာပေါ့၊ သူတို့ကတော့ အားရင် လက်ဆွဲ နှုတ်ဆက် တတ်တဲ့ လူမျိုးမဟုတ်လား၊ ပြီးတော့ မိန်းကလေးတစ်ဦးက မှတ်ချက်ချသေးတယ်၊ ဒီလိုဆိုရင် မင်းတို့ မြန်မာ အပျိုလူပျို ဘဝဟာ ပျင်းစရာကြီးတဲ့၊ သူတို့ကတော့ ဟုတ်တယ်လေ၊ တနင်္ဂနွေ စနေဆို ဒိတ်လို့ခေါ်တဲ့ အပျို လူပျို တွဲထွက်မှုက ရှိနေတာကိုး၊ မိဘတွေကလဲ အားပေးတယ်၊ ဆရာ ကြားဖူး တာကတော့ အပျိုရယ်လို့ဖြစ်လာလို့မှ ဒိတ်ခေါ်ထုတ်မယ့် လူပျိုမရှိရင် တချို့ မိန်းကလေးများ သေကြောင်းတောင် ကြံကြသတဲ့'

'ဆရာကော အဲဒီလို ဒိတ်ထွက်ခဲ့သေးလား'

'ဒါကတော့ လွှမ်းရယ်'

'ဟော....ကိုယ့်ဘက်ကျတော့ ဆရာ မဖြေနိုင်ဘူး'

'ဖြေနိုင်ပါတယ် လွှမ်းရယ်၊ ဆရာ ထွက်ခဲ့ဖူးပါတယ်၊ ထွက် တယ်ဆိုတာကလဲ ရုပ်ရှင်ကြည့်ကြ၊ ပြတိုက်သွားကြ၊ ဂီတ နားထောင်ကြ၊ တစ်ခါတလေ ကကြတာပေါ့၊ ဒါပါပဲ'

'ဆရာ ဘိုက ကတယ်'

'မြန်မာပြည်မှာ ဆရာ မကပါဘူး၊ မြန်မာ့ယဉ်ကျေးမှုနဲ့ မိလာပဲ၊ ဟိုမှာတော့ ကတယ်လေ၊ ဆရာ မှတ်မိသေးတယ်၊ ဆရာက ဒီလောက် ကတတ်တာမဟုတ်ဘူး၊ ဆရာ ပြန်ခါ တော့ ဘုရင်မ မေရီဆိုတဲ့ သင်္ဘောကြီးပေါ်မှာပေါ့၊ ကမ္ဘာ ကျော် ကချေသည်မတစ်ယောက်နဲ့ ချား....ချား....ချား ဆိုတဲ့ အက ကရတယ်၊ ဆရာက သူ့မမိတော့ စည်းချက်နဲ့ အလိုက်

www.burmeseclassic.com



မြန်မာသိုင်းက သင်းပြီး ကတာ၊ နောက်ဆုံးပေါ် ကကြီး ဆိုပြီး ပွဲတောင်းလိုက်ကြတာ’

လွမ်းက ရယ်ပြန်သည်။

‘ဒါဖြင့် ဆရာ ဟိုမှာ သိပ်ပျော်ခဲ့မှာပေါ့’

‘ဩော်...လွမ်းကို ဆရာ ပြောတယ်မဟုတ်လား၊ မပျင်းတာကို ပျော်တယ်ခေါ်ရင် ဆရာ ပျော်ခဲ့ပါတယ်လို့၊ ဒါပေမယ့် ဆရာ လွမ်းရတဲ့အပိုင်းကိုလဲ လွမ်းက နားထောင်ဦးမှပေါ့’

‘ဆရာ ဘာကိုလွမ်းလဲ’

‘ပုန်းရည်ကြီး၊ ပဲကြီးလှော်နဲ့ လက်ဖက်သုပ်’

‘ဆရာကလဲ အကောင်းမှတ်လို့ နားထောင်နေတာ’

လွမ်းက စစ်စစ်တက် ရယ်မောရင်း ဆိုသည်။

‘တကယ်ပြောတာပါ လွမ်းရယ်၊ အဲဒါတွေကို ဆရာတို့ တကယ်လွမ်းတယ်၊ စာတောင် စပ်ခဲ့ကြသေးတယ်၊ ဘာတဲ့...

အဲ...အဲ....

မချစ်ပြင်ပြင် မေတာမင်
စိမ်းပေမယ့်
မျှစ်ချဉ်ချဉ် အပင်
တင်သိန်းကိုလှ
ထိန်းသိမ်းပြီး ပို့လိုက်ပါ။
တွင်တီးတွတ်တာ
မပြောချင်နေပါ၊
ကြွက်ပြီး ကြွပ်ကာ
ရွှေဝါတစ်ခဲပေပ၊
ပဲကြီးလှော် ပြည်-စိတ်နှင့်
တစ်ပိဿာပုန်းရည်ကြီးကိုဖြင့်
ကြပ်စည်းသည့် လက်ဖက်နှင့်အတူ
ကြည်ဖြူစွာ ထည့်ကာပေး။
အလေးပြည့် မှန်လိုဟား

ကဗျာကျိုး ကဗျာပဲ့ပဲ၊ ရှေ့ဆက်ပြီးတော့ ဆရာ မရတော့ဘူး’

ဤတစ်ကြိမ်တွင်မူ လွမ်းသည် ကိုယ်လေး သိမ့်သိမ့်တုန်အောင် ရယ်၏။

‘ဆရာကလဲ ကြုံကြုံဖန်ဖန်၊ လွမ်းစရာရှားလို့’

‘ဩော်...လွမ်းရယ်၊ ဆရာ့မှာ ဒါပဲ လွမ်းစရာရှိတာကို’

‘တကယ်ပဲလား ဆရာ’

‘တကယ်ပါပဲ လွမ်းရယ်’

လွမ်း၏ သဏ္ဌာန်မှာ ပြန်တည်ကြည်လာ၍ ဆင်ခေါ့ ရန်ရှောင် ဆိုသည်။

‘လွမ်းစရာမရှိရင် ဆရာ့အတွက် ကံကောင်းတာပေါ့’

‘ဒါပေမယ့် ဆရာ အခု ကံမကောင်းတော့ဘူး လွမ်း’

‘ရှင်....’

www.burmeseclassic.com

www.burmeseclassic.com

'ဆရာက အခု အိပ်မက်တစ်ခုမက်နေတယ်၊ အဲဒီ အိပ်မက်ထဲမှာ လွမ်းစရာကို ဆရာ တွေ့နေတယ်၊ ခက်တာက အိပ်မက်ဆိုတာက အစိုးမရဘူးမဟုတ်သား'

လွမ်း၏ မျက်လုံးတို့က မမြင်ပါ။ သို့သော်....မိန်းမသား၏ ပါးနပ်သောဝိညာဉ်က ဤစကားရပ်မှ အနက် အဓိပ္ပာယ်ကို ရေးရေး ရိပ်မိသည်။ လမ်း၏ရင်မှာ ဖိုလှိုက်၍ ကြည်နူးသွားမိသော်လည်း မျက်နှာ၌ ရှက်သွေးရဲရဲ လွှမ်းသည်။

လွမ်းက နေရာမှ ထလိုက်သည်။

'အစိုးမရတာကို ဘာလို့ ဒုက္ခခံပြီး လွမ်းရမှာလဲဆရာရယ်၊ ဒါထက် လွမ်း မနက်စာမစားရသေးဘူး၊ လွမ်းကို အိမ်ထဲ ပြန်ပို့ပေးပါလား....နော်ဆရာ၊ ဪ....ပြီးတော့ ခုနက နှင်းဆီပန်းလေကာ'

ဒေါက်တာမင်းညိုက နှင်းဆီပန်းတစ်ပွင့်ကို လွမ်း၏ လက်တွင်း ထည့်ပေးသည်။

လွမ်းသည် နှင်းဆီပွင့်ကို ရှူရှိုက်နေခိုက် ဒေါက်တာက တခြားတစ်ပွင့်ကို ခေါင်း၌ ယုယစွာ ပန်ပေးသည်။

လွမ်း၏ မမြင်ရသောမျက်လုံးတို့နှင့် ဒေါက်တာ၏ မျက်လုံးများ ခေတ္တဆုံမိသည်။

ဤသည်အားလုံးကို မခေမျှော်လင့်ဘဲ နေစိုးက မြင်တွေ့ခဲ့သည်။ သူက လက်တွင်း၌ အဆင်သင့်ရှိသော ကင်မရာနှင့်



လွမ်းနှင့် ဒေါက်တာ၏ သိမ်မွေ့သောဤရှုခင်းကို အမှတ်မထင် ရိုက်ယူလိုက်မိသည်။

*

ထိုနေ့နံနက် ထမင်းစားပွဲမှာ ခါတိုင်းထက် စိုပြည်သည်။ စားပွဲတစ်ဘက်၌ နေစိုးနှင့် လယ်လယ်တို့ထိုင်၍ တစ်ဘက်၌ ဒေါက်တာမင်းညိုနှင့် လွမ်းက ထိုင်သည်။ ဒေါ်ကြင်ကိုမူ ထိပ်၌ထိုင်ခိုင်းသည်။

နေရာဘကာ ကိုယ့်စွမ်းကိုယ်စားကို အားကိုးချင်သော လွမ်းသည် ထမင်းစားရာ၌ပင် သူ့ပန်းကန်အတွင်းသို့ သူတစ်ပါးက ဟင်းခပ်ထည့်ပေးလျှင် ခါတိုင်း၌ မကြိုက်။ ယနေ့မူ သူ့ပန်းကန်တွင်းသို့ ဒေါက်တာမင်းညိုက ဟင်းဖတ်များ ဆည်ထည့်ပေးသည်ကို ကြည်သာစွာ ငြိမ်နေသည်။

မမြင်ရသော လွမ်းက တစ်ခါတစ်ရံ ဟင်းခွက်နှိုက်ရာ.... ဒေါက်တာမင်းညိုနှင့် လက်ချင်းဆုံမိကြသည်။

ဤသည်ကို လောက၌ ဘာဖြစ်နေနေ၊ ကလေးစိတ် မကုန်သေးသော လယ်လယ်က တခစ်ခစ်ရယ်သည်။ နံနက်က လက်

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုင်ရာမှ ကြက်သီးဖြန်းရသော ဒေါက်တာနှင့် လွှမ်းတို့ တွက်သာ ရယ်ရခက် ငိုရခက် ဖြစ်နေသည်။

ထမင်းစားပြီး၍ ဧည့်ခန်း၌ ထိုင်မိကြလျှင် (လယ်လယ်နှင့် ဒေါ်ကြင်မှာ ကြိုတင်စီစဉ်ထားသည့်အတိုင်း မရှိ)ဒေါက်တာ မင်းညိုက နေစိုးအား မျက်ရိပ်မျက်ခြည် ပြသည်။

နေစိုးက ခြေသံဖော့နင်း၍ အပေါက်ဝဆီသွားသည်။ အပေါက်ဝကမှ ခြေသံနှင့်အတူ ချောင်းဟန့်၏။

ဒေါက်တာမင်းညိုက လွှမ်းအနီး ထိုင်နေရာမှ ထသွားကာ ပင်ကိုသံနှင့် မေးသည်။

'ဘယ်သူ တွေ့ချင်ပါသလဲခင်ဗျာ'

ဒေါက်တာမင်းညိုသည် စစ်ကိုင်း၌ အအေးမိစဉ်ကအတိုင်း အသံဖုက်၍ဖြေသည်။

'ကျွန်တော့် နာမည် မောင်မောင်လွင် ခေါ်ပါတယ်။ ဆရာနဲ့ရော လွှမ်းနဲ့ပါ တွေ့ပါရစေ'

(ဒေါက်တာမင်းညို)

'ကြွ... လာပါခင်ဗျာ ခင်ပါ၊ ထိုင်ပါ၊ လွှမ်း.... ဦးမောင်မောင်လွင်'

လွှမ်းသည် ကျား မှလေးသဏ္ဍာန် မဖန်နှင့် လှုပ်ရှားသွားသည်။

'ဆရာ...ဒီလူကို ကျွန်မ စကားမပြောချင်ဘူး'

(ဒေါက်တာ၊ လွှင့်အသံနှင့်)



'လွှမ်းရယ်...ဆရာ့ကို ခုံသမာဓိထားပြီး ကျွန်တော် ရှင်းပြပါရစေ'

(ဒေါက်တာ၊ ပင်ကိုသံနှင့်)

'လွှမ်း.... သူပြောချင်တာ ပြောပါစေ၊ ဆရာခွင့်ပြုတယ်'

လွှမ်းမှာ ငိုင်ကျသွားသည်။ ဘာမျှတော့ မပြော။

(ဒေါက်တာ၊ လွှင့်အသံနှင့်)

'ဖြစ်ခဲ့သမျှဟာ ကျွန်တော့်အပြစ်ကြီးပဲတားပါ၊ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော် အခုလဲ မနည်းစုံစမ်းပြီး လိုက်ခဲ့ရတာပါ၊ လွှမ်းအတွက် ကျွန်တော် ဘာမဆို ကူညီပါရစေ'

လွှမ်းမှာ မယုံနိုင်လောက်အောင် တုန်ယင်နေသည်။ ကျွသည်ကို ဟန်ဆောင်ရင်း အကဲခတ်နေသော ဒေါက်တာမင်းညိုက ကြေကွဲစွာ မြင်နေရသည်။

'ရှင့်ဆီက အကူအညီ ကျွန်မ ဘာမှမလိုချင်ဘူး၊ ဆရာ... ဒီလူကို ထွက်သွားစမ်းပါစေ၊ မြန်မြန် ထွက်သွားစမ်းပါစေ'

(ဒေါက်တာ၊ ပင်ကိုယ်သံ)

'လွှမ်း....ဆရာအနားမှာရှိပါတယ်၊ ဒေါသဆိုတာကို ချုပ်မှပေါ့၊ သူပြောချင်တာ ပြောပါစေဦး'

လွှမ်းမှာ ငြိမ်ကျသွားပြန်သည်။

(ဒေါက်တာ၊ လွှင့်အသံနှင့်။)

'လွှမ်း ကျွန်တော့်ကို ခွင့်မလွှတ်နိုင်တာကို ခွင့်လွှတ်ပါလို့ ကျွန်တော် မတိုက်တွန်းလိုပါဘူး။ ဒါပေမယ့်....လက်တွေ့

www.burmeseclassic.com

www.burmeseclassic.com



သဘော ကတော့ လှမ်းဟာ မျက်လုံးပြန်မြင်ရမယ်၊ ဆရာ့စေတနာကို ကျွန်တော် နားလည်ပါတယ်၊ ဒါပေမယ့် ကုန်ကျစရိတ် အထွေထွေကို ကျွန်တော် တာဝန်ယူပါရစေ'

(ဒေါက်တာ၊ ပင်ကိုသံ)

'မိတ်ဆွေရဲ့ စေတနာကို ကျွန်တော် ချီးကျူးပါတယ်၊ ကျွန်တော့်အတွက် ငွေရေးကြေးရေးဟာ အဓိကမဟုတ်ပါဘူး၊ ကာယကံရှင် လှမ်း ဆုံးဖြတ်ပါစေ၊...လှမ်း'

'ဆရာ သူ့အကူအညီကို ယူမလို့လား'

(ဒေါက်တာ၊ပင်ကိုသံ)

'ဆရာ ငွေရေးကြေးရေးကို ဂရုမစိုက်ဘူး၊ ဒါပေမယ့် သူ့စေတနာကို ဆရာ မတားမြစ်သင့်ဘူး'

'သူ့စေတနာကို လှမ်းမယုံဘူး'

(ဒေါက်တာ၊ ဇွင့်အသံနှင့်။)

'ယုံပါလှမ်းရယ်၊ ကျွန်တော် စကား ကုန်ကုန် ပြောမယ်၊ မတော်တဆ လှမ်းမျက်လုံး ကုမရတာတောင်မှ လှမ်းကို တစ်သက်လုံး စောင့်ရှောက်ဖို့ ကျွန်တော် တာဝန်ယူပါတယ်'

'ရှင်...ဘာလူပါးစကား ပြောတာလဲ'

ပြောပြောဆိုဆို လှမ်းသည် စမ်းမိစမ်းရာ ဆေးလိပ်ပြာခွက်နှင့် အသံလာရာသို့ လှမ်းပေါက်လိုက်သည်။

ဒေါက်တာမင်းညိုက နေရာပြောင်း၍ စကားများကို ပြောနေသည် ဖြစ်သော်လည်း ဤမျှ မြန်သော အဖြစ်ကိုမူ မမျှော်



လင့်၊ ဆေးလိပ်ခွက်သည် သူ့နဖူးအား ထိမှန်ကာ သွေးပေါက်ပေါက် ကျစေ၏။

အခန်းဝမှ နေစိုးသည် ပါးစပ်အဟောင်းသားနှင့် ကြည့်နေ၏။

ဒေါက်တာသည် ကြိုးစား၍ အခြေအနေကို ထိန်းသည်။ မိမိ၏ ပင်ကိုသံနှင့် လှမ်းကိုလည်း လှမ်းပြောသည်။ ယုတ္တိရှိအောင်လည်း မောင်မောင်လွင်ကိုလည်း ပြောဟန်ပြုသည်။

'လှမ်း...ဘယ့်နှယ် လုပ်လိုက်တာလဲ ဟင်၊ ကဲ...ဦးမောင်မောင်လွင်၊ ဝမ်းနည်းပါတယ်၊ ခင်ဗျားလောက် ကံဆိုးတဲ့လူ ဒီလောကမှာ မရှိဘူး၊ ပြန်ပါတော့ဗျာ'

သည်တော့မှ နေစိုးက ခြေသံပြုသည်။

ဒေါက်တာ၏ မျက်နှာမှာ ပြင်းထန်သော စိတ်ထိခိုက်မှုကို ဖော်ပြနေသည်။ သူသည် နဖူးမှ စီးကျလာသော သွေးများကို ဂရုမပြုဘဲ လှမ်းနားကပ်သွားသည်။

လှမ်းမှာလည်း မိမိကိုယ်မိမိ ဘာပြုမိသည်ကို မသိဟန်ရှိနေသည်။ ခြေသံကြောင့် လှမ်းက အရင်စကားဆိုသည်။

'ဆရာလား'

'ဟုတ်တယ် လှမ်း၊ ဆရာပါ'

'လှမ်းကို ခွင့်လွှတ်ပါ ဆရာရယ်၊ ဆရာ့ခေါင်းမှာ လှမ်း ဒိုင်းမိသွားပြန်ပြီ'

'ဒါတွေ ပြောမနေပါနဲ့ လှမ်းရယ်၊ လှမ်းကို ဆရာ ခွင့်လွှတ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ'

'လှမ်း'

'လှမ်းကို ကယ်တင်ပေးပါ ဆရာ'

'မပြောပါ လှမ်း'

'လှမ်းကို ဆရာ မကူချင်နေပါ၊ ဒီကောင့်ဆီကတော့ ဘာအကူအညီမှ မယူပါနဲ့'

'စိတ်အေးပါ လှမ်းရယ်၊ လှမ်း စိတ်ချမ်းသာအောင် ဆရာ အစွမ်းကုန် ဆောင်ရွက်ပေးပါ့မယ်'

လှမ်းကလည်း ဆွေးမြည့်စွာ ဆိုသည်။

'မျက်စိနှစ်ကွင်း အလင်းရရေးဟာ ဘယ်လောက် အဖိုးရှိတယ်ဆိုတာ လှမ်း နားလည်ပါတယ်၊ ဆရာတို့လို ဆရာဝန်ကြီးတွေရဲ့ ကုသမှုအတွက် လူတွေဟာ ငွေကို ရေလိုသုံးရတယ်ဆိုတာလဲ လှမ်း သိပါတယ်'

'ဒါတွေ မပြောပါနဲ့တော့ လှမ်းရယ်'

'ပြောရမယ် ဆရာ၊ လှမ်း မသိသားဆိုးရွားနေတာ မဟုတ်ပါဘူး၊ ဒါပေမယ့် လှမ်း မျက်စိပြန်မြင်ချင်တယ်၊ ဆိပ်ကို မြင်ချင်တယ်၊ လှမ်းမှာ ပိုက်ဆံမရှိပါဘူး ဆရာရယ်၊ လှမ်း မြင်ရင် ဆရာ့အိမ်မှာ တစ်သက်လုံး အစေခံမလေး ဘဝနဲ့ နေပါ့မယ်၊ သူ့ဆီကတော့ ဘာအကူအညီမှ မယူပါနဲ့ ဆရာ'

'တော်ပါတော့ လှမ်းရယ်၊ လှနာကို ကိုယ်ကျိုး စွန့်ပြီး ကုသပါမယ် ဆိုတဲ့ သစ္စာကို ဆရာနဲ့တကွ ဆရာဝန်မှန်သမျှ မြေပြင်မှာ



ဆရာဝန်တိုင်းဟာ ဆိုထားရပါတယ်၊ လှမ်းကို ဆရာ ကုပါမယ်၊ သူ့ဆီက ဘာအကူအညီမှလဲ မယူပါဘူး၊ သူ့နာမည်ကို တောင် နောင် လှမ်း မကြားစေရပါဘူး၊ ဆရာ ကတိပေးပါတယ်'

လှမ်းကို ဝေါကြောင်က လာခေါ်သွားသည်။ ဤ ရိုးသားသော မိန်းမကြီးမှာ ဘာဖြစ်၍ ဘာဖြစ်နေသည်ကို မသိ။

လယ်လယ်က ဒေါက်တာ၏ ဒဏ်ရာကို နေစိုးနှင့်အတူ ဆေးကြော ပြုစုပေးသည်။

'ဘယ့်နှယ်လဲ ဆရာ' နေစိုးက မေးသည်။

'ကျွန်တော် ထင်တဲ့အတိုင်းမပါပဲ ကိုနေစိုး၊ လှမ်းရဲ့ အမုန်းဟာ ရောဂါအမုန်း'

'ဆရာရယ်...မမလှ ဆရာ့ကိုလဲ ခင်မင်နေပြီ မဟုတ်လား၊ လယ်လယ်တော့ အမှန်ကိုဖွင့်ပြောလိုက်ရင် ပြီးသွားမယ် ထင်တာပဲ'

ဒေါက်တာသည် တုန်လှုပ်သွားသည်။ လယ်လယ်၏ လက်ကလေးကို ဆုပ်ကာ တောင်းပန်မိသည်။

'မပြောပါနဲ့ ညီမရယ်၊ မပြောပါနဲ့၊ ပြောရင် ဘာဖြစ်သွားမလဲ သိလား'

နေစိုးနှင့် လယ်လယ်က သူ့အား အဖြေတောင်းဟန် ကြည့်သည်။ သူက လေးနက်စွာ သတိပေးရသည်။

'ပြောရင် လှမ်း အသက်တိုသွားလိမ့်မယ်'

www.burmeseclassic.com

# (၅)

လူနာတစ်ဦးပေါ်တွင် ပုဂ္ဂလိက သံယောဇဉ် အားမိလျှင် မည်သို့ဖြစ်မည်နည်း။ ထိုဆရာဝန်သည် ကမ္ဘာပေါ်တွင် ကံအဆိုးဆုံး လူတစ်ဦး ဖြစ်လိမ့်မည်။

ဒေါက်တာ မင်းညိုသည် သက်ဆိုင်ရာ ဆရာဝန်များထံမှ လှမ်းနှင့်ပတ်သက်သော အထွေထွေ ဆေးစစ်ချက် အသီးသီးကို စုဆောင်း၍ လေ့လာနေစဉ် စောမောင်အား မိမိပြောခဲ့သော စကားရပ်များကို ပြန်အမှတ်ရနေသည်။

စောစောကတွင် မိမိကုသ၍ ဝေဒနာပျောက်ကင်းခဲ့သော လူနာတစ်ဦး လာသွားခဲ့သည်။ ဒေါက်တာမင်းညိုသည် မိမိ၏ ကျေးဇူးကြောင့် ပျောက်ကင်းခဲ့သော လူနာများကို သက်



ဆောင်ပဏ္ဏာနှင့် အိမ်သာခြင်းအား ကျပ်တည်းစွာ တားမြစ်ထားသည်။ ဆရာဝန်တို့ လောဘရမ္မက်အကျ၍ ပျက်စီးဆုံး၍ သဒ္ဓါလွန်၍ ဖျက်ဆီးတတ်သော လူနာများလည်း ပါသည်။ စောစောက လူနာမှာမူ ဆင်းရဲသော မီးရထား စက်ခေါင်း အလုပ်သမားတစ်ဦးဖြစ်သည်။ သူပုန်မိုင်းဗုံးဒဏ်ကြောင့် မျက်လုံးကန်းခဲ့ရသူဖြစ်သည်။ ဒေါက်တာမင်းညို၏ ခွဲစိတ်ကုသမှုကြောင့် မျက်လုံး ပြန်မြင်ခဲ့ရသူလည်းဖြစ်သည်။ ဤလူငယ်မှာ မိမိတို့ သွေး၊ ချွေးဖြင့် မ,တည်ထားသော ဤနိုင်ငံ၌ ဆရာဝန်တို့သည်လည်း မိမိကဲ့သို့ ပြည်သူ့လခစား အမှုထမ်းများဖြစ်သည်ကို မသိသူသိသည်မှာ ဒေါက်တာသည် သူ့ကျေးဇူးရှင်တည်း။

သူ့မှာ လက်ဆောင်တော့ အထွေအထူးမပါ။ ဗုဒ္ဓဘာသာ ထုံးစံအတိုင်း ကျေးဇူးရှင်ကို လာ၍ ဦးချသည်။

ထိုသို့ပြန်တော့ ဒေါက်တာမှာ စိတ်ချမ်းသာရသည်။ မည်သို့ပင်ဖြစ်စေ ဆရာဝန်တို့မည်သည် မိမိကြောင့် ပျောက်ကင်းခဲ့သော ဝေဒနာရှင်၏ ရွှင်လန်းမှုကိုမြင်လျှင် နှလုံးကြည်နူးရစမြဲဖြစ်သည်။

သို့ရာတွင် လှမ်းပျောက်ကင်းလျှင်မူ လှမ်းပျောက်ကင်းလျှင် နွေဦးဖြိုးသာယာသော အိပ်မက်တစ်ရပ် ဆုံးခန်းတိုင်ပျက်တော့မည်ကို ဒေါက်တာက ကြိုတင်သိထားသည်။

ချစ်မိပြီဖြစ်၍ လှမ်းကို သူများထက်ပို၍ မြင်ချေလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လှမ်းပြန့်မြင်လျှင်မူ စောစောကလှုယ်နှင့် ပတ်သက်၍ နှလုံးကြည်နူးမှုကို သူ ရပါဦးတော့မည်လော။ အဖြေကို ဒေါက်တာ သိပြီးဖြစ်သည်။

ခါတိုင်းမူ သမာဓိတည်သမျှ တာဝစဉ်ရှင်ကြည်လေသော သူတို့၏ဆရာ ယခု မှိုင်းမှုန်တွေဝေ ဝေးနေခြင်းအား လက်ထောက်များက အကဲခတ်မိကြသည်။

'ဒေါက်တာ မြင့်လွင်နဲ့ ဒေါက်တာ သိန်းမောင်၊ နောက်ဗုဒ္ဓဟူးမှာ အရေးကြီးတဲ့ လူနာတစ်ဦးကို ခွဲစိတ်ရမယ်၊ အားလုံး အဆင်သင့်ဖြစ်စေလိုတယ်'

'ဟုတ်ကဲ့ဆရာ၊ အားလုံးအဆင်သင့်ပါပဲ'

ဒေါက်တာလေး နှစ်ဦးက ရှိသေစွာပြန်ဖြေကြသည်။ မည်သူ့ကို ခွဲစိတ်ရမည်မှန်း သူတို့နှစ်ဦးက သိပြီးဖြစ်သည်။ လူနာအကြောင်း ဒေါက်တာမင်းညိုက ဆက်၍ ပြောမည်လောဟု သူတို့က နားစောင့်နေကြသော်လည်း ဒေါက်တာမင်းညိုက အခြားစကားကိုဆက်သည်။

'ဒါထက်....ခင်ဗျားတို့ ပညာတော်သင် သွားဖို့ကိစ္စ... ပညာရေးသိမ္မးဆီက စာရပြီ၊ ဒေါက်တာ သိန်းမောင်က ကျွန်တော်တက်ခဲ့တဲ့ မယ်ဒီကာယ်စင်တာ၊ နယူးယောက် မှာ ရတယ်၊ ဒေါက်တာမြင့်လွင်က ဂျွန်ဟော့ကင်း (စ်) ဆေးတက္ကသိုလ်မှာ ရထယ်'

ဒေါက်တာလေးနှစ်ဦးက တစ်ဦးကိုတစ်ဦး ဝမ်းမြောက်စွာ ကြည့်လိုက်ကြ၏။



'ဒီတော့ ခင်ဗျားတို့ကို ကျွန်တော်ဆရာအနေနဲ့ရော မိတ်ဆွေအနေနဲ့ရော ပြောချင်တယ်၊ ကြိုးစားကြပါ၊ လွယ်တော့ မလွယ်ဘူး၊ စန့်မှန်းတာထက် ဆယ်ဆ ပိုပင်ပန်းလိမ့်မယ်၊ ဒါပေမယ့် ခင်ဗျားတို့ အောင်မြင်လာရင် တိုင်းပြည်အတွက် အဖိုးမဖြတ်နိုင်တဲ့ဆုလာဘ်ပဲ၊ အခုအချိန်အထိ ဒီမှာ ကျွန်တော်တစ်ယောက်တည်းပဲ ရှိသေးတယ်၊ တိုင်းပြည်အတွက် မလုံလောက်သေးဘူး၊ အဲ....ကျွန်တော့်အတွက်လဲ မကောင်းဘူး'

ဒေါက်တာလေးနှစ်ဦးက သူ့စကားကို နာယူမည် ဖြစ်ကြောင်းဖြေကြသည်၊ သို့ရာတွင် သူနောက်ဆုံး စကား ကိုမူ နားမလည်ကြ။

ဒေါက်တာမင်းညိုသည် အိမ်ပြန်ခဲ့သည်၊ အိမ်ပြန်ရတော့လည်း ဘာကြောင့်မှန်းမသိ၊ ရင်က ခုန်၍ စိတ်မှာ ရွှင်နေ၏။

ဒေါက်တာက အိမ်ရှေ့ကားဆိုက်မိ၍ ခြံတွင်းသို့ လှမ်းကြည့်လိုက်ရာ နှင်းဆီပင်များကြား၌ လှမ်းကို တွေ့ရသည်၊

ဒေါက်တာ ဆင်းလျှောက်လာစဉ် လှမ်းကလည်း သူ့ရှိရာဘက် လှည့်၍ ပြုံးချိုသောမျက်နှာလေးနှင့် စောင့်နေ၏။

'လှမ်း'

'ဆရာ'

'လှမ်းတစ်ယောက်တည်းလား၊ ကျန်တဲ့လူတွေကော'

'လယ်လယ်တို့တော့ ရုပ်ရှင်သွားကြည့်ကြတယ်၊ ဒေါ်ကြြင်တော့ အမေမေါ်မှာပါ၊ လှမ်းသာ....'

www.burmeseclassic.com



လွမ်း၏မျက်နှာ၌ ဆွေးရောင်လျှမ်းသွားသည်။ စကားမှာလည်း ရပ်သွား၏။

'ဆိုပါဦးလေ၊ လွမ်းသာ ဘာဖြစ်လဲ'

လွမ်းမှာ ပြန်လည်တည်ငြိမ်သွားသည်။ ထို့နောက် ရှက်ပြုံးလေးပြုံးရင်း ညင်သာစွာ ဆိုသည်။

'ဩော်....လွမ်းသာ ဒီအချိန်လောက်ဆိုရင် ဆရာပြန်လာတော့မယ်ဆိုပြီး ခြံထဲဆင်းစောင့်နေတာ၊ ဒါပေမယ့် အန်းတဲ့ ဘဝများနှယ်မနော် ဆရာ၊ လွမ်းက ဆရာတော့ ဒီဘက်ကလာမှာပဲဆို မှန်းပြီးနေတာ၊ ဆရာ့ကားသံကြားမှ လွမ်း မှန်းရဟာ လွဲနေမှန်း သိရတယ်'

ဒေါက်တာမောင်ညို၏ ရင်မှာလည်း အနည်းငယ်ဆို့သွားသည်။ အားငယ်သော ကျွမ်းဝင်နေသည်မှာ မိမိအပေါ် သံယောဇဉ် တွယ်နေလေပြီ ဖြစ်ကြောင်း ကောင်းကောင်းသိသည်။

'စိတ်မကောင်းစရာတွေ ပြောမနေနဲ့လွမ်း၊ လာ ထိုင်၊ လွမ်းကို ဝမ်းသာစရာ ဆရာ ပြောစရာရှိတယ်'

တစ်ခါတုန်းကလိုပင် သူက လွမ်း၏လက်ကလေးများကို ဆွဲကာ ခုံတန်းရှည်ပေါ် ထိုင်ခိုင်းသည်။

'လွမ်း ဘာဝမ်းသာရမှာလဲ ဆရာ'

'လွမ်းရဲ့အထွေထွေ ဆေးစစ်ချက်တွေ အကုန်ရပြီ၊ အားလုံး ဟန်ကျတယ်'



လွမ်း၏ မျက်နှာလေးမှာ ရွှင်ပျသွားသည်။

'ဒါဖြင့် လွမ်းမျက်လုံး ခွဲရတော့မှာပေါ့နော်'

'ဟုတ်တယ်၊ မွေးအပတ်ထဲမှာ ခွဲရမယ်'

'ခွဲပြီးရင် လွမ်း ပြန်မြင်ရမယ်နော်'

'အို....မြင်ရမှာပေါ့'

'ဆရာ'

'လွမ်း'

'လွမ်းအတွက် ဆရာ သိပ်ပင်ပန်းနေလား'

'အို.... မပင်ပန်းပါဘူး လွမ်းရယ်'

'ပင်ပန်းပါတယ် ဆရာရယ်၊ လွမ်း သိပါတယ်၊ ဆရာ့ ကျေးဇူးကိုလဲ လွမ်း ဘယ်လိုပြန်ဆပ်ရမလဲ မသိဘူး'

'ဒီလောက်တော့ပဲလဲ ကျေးဇူးတင်စရာ မရှိပါဘူးလေ၊ တကယ်ဆိုတော့ ဆရာကတောင် လွမ်းကို ကျေးဇူးတင်ရဦးမယ်'

'အို...ဘာပြုလို့'

'ဘာပြုလို့ဆိုတာ နောက်တော့ ဆရာရှင်းပြမယ်၊ အခုတော့ ဆရာနဲ့ လွမ်း လေညှင်းခံ ထွက်ကြရအောင်'

'အို...မဟုတ်တာ ဆရာရယ်'

'ဘာဖြစ်လို့ မဟုတ်ရမလဲ'

'အကျီးဆော့ အကန်းမော့ ဖြစ်နေပါဦးမယ် ဆရာရယ် ပြီးတော့....'

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းက စကားမဆက်။

'ပြီးတော့ ဘာဖြစ်လဲ လွှမ်း'

လွှမ်းက ပြုံးမဲ့မဲ့ဆို၏။

'ပြီးတော့ လွှမ်းလို ဒုက္ခိတတစ်ယောက်နဲ့ တွဲပြီးသွားရတာ ဆရာ့အတွက် ကျက်သရေမရှိပါဘူး ဆရာရယ်'

သူက ဖျတ်ခနဲ လွှမ်း၏လက်ကလေးများကို ဆုပ်ကိုင် ဖျစ်ညှစ်မိသည်။

'ဆရာ့ကို ဒီလိုမပြောပါနဲ့ လွှမ်းရယ်၊ တတ်နိုင်ရင်လေ လွှမ်းလို ဒုက္ခိတတွေကို ဆရာ တစ်သက်လုံး ပြုစုသွားချင်တယ်'

လွှမ်း၏ မမြင်ရသော မျက်လုံးကြီးများက သူ့အား နူးညံ့စွာ မော့ကြည့်သည်။ သူ့မျက်လုံးမှ ကရုဏာရောင်ကိုမူ လွှမ်း မြင်မည်မဟုတ်။

'ကဲ....ထ....လွှမ်း အဝတ်အစားလဲချေ'

'အို....လွှမ်း အဝတ်အစားလဲဖို့ မလိုပါဘူး'

'ကဲ....ဒါဖြင့်သွားကြမယ်'

ဤသို့ဆိုပြန်သော် ရှုနိုးကန် ငြင်းဆန်ရန် လွှမ်း၌ အားမရှိ။



လူရှင်းသော အင်းလျားကန် တစ်နေရာ သစ်ပင်ရိပ်၌ လွှမ်းနှင့် ဒေါက်တာမင်းညိုက ရပ်လိုက်ကြသည်။

မြူကြောင့် နေညနေမှာ ပြာနေကာ ဇလအေးသည် ညှင်းညှင်းညံ့ညံ့ တိုက်ခတ်နေ၏။ ရွက်အိုစွန့်၍ ရွက်ညွန့်သစ်ရာတော အစ်ခိုမှ ဥသြည်၏ တေးသံချိုသည် မှန်မှန်ထွက်ပေါ်နေ၏။

'အေးချမ်း သာယာလိုက်တာနော် ဆရာ၊ လွှမ်း မမြင်ပေမယ့် လေရဲ့ထိတွေ့မှုကို ခံစားရတယ်၊ ပြီးတော့ ရေနံ့ကိုလဲ လွှမ်းရတယ်၊ လွှမ်းတို့ အခု ဘယ်မှာလဲ ဆရာ'

ဒေါက်တာမင်းညိုက ကျောက်ခဲလေးများကို ဆုပ်ယူကုန်းကောက်၍ ရေပြင်ဆီသို့ တစ်လုံး အမှတ်မထင်ပစ်ပေါက်ရင်း.... 'အင်းလျား တစ်ခနေရာမှာပေါ့ လွှမ်းရယ်....' ဟု ဖြေသည်။

ဒေါက်တာမင်းညို ပစ်ပေါက်လိုက်သော ခဲလုံးသည် ရေပြင်နှင့် ထိတွေ့သည်တွင် သာယာသော အသံကို မြည်စေသည်။

လွှမ်းသည် ငြိမ်၍ နားစွင့်ထောင်သည် ခဏ၌ ဖျတ်လတ်လာပြီး ဒေါက်တာ၏လက်မောင်းကို လှုပ်၍ဆိုသည်။

'ပစ်ပါဦး ဆရာ၊ ပစ်ပါဦး'

ဒေါက်တာမင်းညိုက ရုတ်တရက် နားမလည်။

'ဘာပြောတယ် လွှမ်း'

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းသည် မဖြေ။ လက်ကလေးက ဟိုစမ်း သည်စမ်းနှင့် ဒေါက်တာမင်းညို၏ လက်တွင်းမှ ကျောက်ခဲလေးများကို ထိတွေ့သွားသည်။

လွှမ်းက ကျောက်ခဲလုံးလေး တစ်လုံးကိုယူ၍ ပစ်ပေါက်လိုက်သည်။ ရေပြင်ထဲ၌ ခဲကျသံပေါ်သလို လွှမ်း၏မျက်နှာ၌လည်း ကျေနပ်နှစ်သိမ့်မှု အပြုံးလေး ပေါ်လာသည်။

လွှမ်းက နောက်ထပ် ကျောက်ခဲလေးတစ်လုံးကို စမ်းပြန်ရာ သဘောပေါက်မိပြီဖြစ်သော ဒေါက်တာမင်းညိုက လွှမ်း၏ လက်တွင်းသို့ ကျောက်ခဲတစ်လုံး ထည့်ပေးရင်း ဆိုသည်။

'နေဦးလွှမ်း၊ ဆရာနဲ့အတူပစ်ရအောင်၊ ကဲ....လာ၊ ဝမ်းတူး–သရီး'

ခဲလုံးလေးနှစ်လုံးက ရှေ့ဆင့်နောက်ဆင့် ရေပြင်ပေါ်သို့ အသံမြည်စေလျက် ကျသွားသည်။

လွှမ်းက ခစ်ခစ်ခွက် ရယ်သည်။ ကားဖွယ် အထူးအဆန်းကို မေးသပ်တွေ့ရှိသွားသော ကလေးမလာ ရယ်သည်။ ဒေါက်တာ မင်းညိုမှာလည်း ကြည်နူးဝမ်းသာ ဖြစ်မိကာ ရယ်၏။

'ဆရာ လွှမ်းကို ရေစပ်ပို့ပေးစမ်းပါ၊ ရေကို လွှမ်းလက်နဲ့ စမ်းကိုင်နိုင်တဲ့ အနေနားရောက်အောင် ပို့ပေးစမ်းပါ'

ဒေါက်တာက မိမိလက်တစ်ဖက်ဖြင့် လွှမ်း၏လက်ကလေးတစ်ဖက်ကို တွဲ၍ အခြားလက်တစ်ဖက်ဖြင့် လွှမ်း၏ခါးလေး



ကို ပွေ့ကိုင်ထိန်းလျက် ကန်ရေစပ်ဆီသို့ လွှမ်းကိုခေါ်ဆောင်နေရာချပေးသည်။

လွှမ်းက ရေပြင်ကို လက်ကလေးများနှင့် မြူးမြူး ရွှင်ရွှင်စမ်းသည်။ ထို့နောက် လက်ခုပ်ဖြင့် ရေကို မျက်နှာနှင့် တည့်တည့်အထိ မ,ယူ၍ ဖြည်းဖြည်းချင်း လွှတ်ချသည်။ အဆက်မပြတ်သော ရေသံလေးများ ပေါ်လာသည်။ ရင်ထုမနာ တစ်ဝက်၊ ဝမ်းသာကြည်နူးခြင်း တစ်ဝက်နှင့် ဒေါက်တာမင်းညိုသည် လွှမ်း လုပ်သမျှကို ဘေးမှ ထိုင်ကြည့်နေ၏။

နေညိုချိန်ဝယ် ကန်စောင်းမှ လေချူမှာ အေးလှ၏။ တောတန်းတို့ဆီမှ ညသံသည်လည်း အဆက်မပြတ် ပေါ်ထွက်လာနေ၏။

လွှမ်းက သူ့လက်မောင်းတစ်ဖက် စမ်းကိုင်ရင်းခေါ်သည်။

'ဆရာ....'

'လွှမ်း....'

'ဆရာပြောတာ မှန်တယ်၊ လွှမ်း ကန်ကိုမမြင်ပေမယ့် ကန်ကို တွေ့ရတယ်၊ ရေကိုမမြင်ရပေမယ့် ရေကိုမြင်ရတယ်၊ ဆရာပြောသလိုပဲ မိခင်ကမ္ဘာမြေက ရင်သွေးလူသားတွေ အပေါ်မှာ သိပ်ထာဝန်ကျေတာပဲ နော်'

'မှန်ပါတယ် လွှမ်းရယ်၊ မိခင်ကမ္ဘာမြေက ရင်သွေးလူသားတွေအပေါ်မှာ သိပ်ကြင်နာပြီး သိပ်တာဝန်ကျေလှပါတယ်၊ ဒါကြောင့်လဲ သောက မရှိစေဝလို့ ဆိုတဲ့ မိ

www.burmeseclassic.com



ဆယ့်တစ်မီး သဘောတွေကို ဆရာတို့ လွှမ်းတို့ ရင်ဆိုင်ရရင် မိခင် ကမ္ဘာမြေမှာ အပြစ်မရှိပါဘူး၊ အဝိဇ္ဇာလို့ ခေါ်တဲ့ လွှမ်းတို့ ဆရာတို့ရဲ့ အမုန်းတွေ၊ အမှားတွေ၊ အယူသီးမှုတွေ၊ ခွင့်မလွှတ်နိုင်တာတွေ၊ ဒါတွေဟာသာ တရားခံပဲ လွှမ်းရဲ့

လွှမ်းက ငိုင်ငိုင်ကလေး နားထောင်နေသည်။ လွှမ်း၏ နား တွင် အဝေးမှ ဥသြငှက်၏ ဆွေးဆွေးမြည့်မြည့်အသံကို ကြား နေရသည်။ ဘာကြောင့်မသိ၊ ဒေါက်တာမင်းညို၏ စကားရပ် များနှင့် အသံမှာလည်း ဆွေးဆွေးမြည့်မြည့်ရှိလှသည်ဟု လွှမ်း ထင်သည်။ လွှမ်း၏ရင်မှာ မဖော်ပြနိုင်သော လှုပ်ရှားမှုဘစ်ရပ် ကို ခံစားနေရ၏။

လွှမ်းသည် မမြင်ရသော မျက်လုံးများနှင့် ဒေါက်တာ မင်းညိုအား ဇွတ်တွေကြည့်၍ မေးသည်။

‘ဆရာ ဘာတွေပြောနေတာလဲ ဟင်’

‘ဆရာ အမှန်တွေပြောနေတယ် လွှမ်း’

လွှမ်း၏ လက်ကလေးနှစ်ဖက်သည် ဒေါက်တာမင်းညို၏ လက်မောင်းများဆီ အမှတ်မထင် ကိုင်လာသည်။

‘မျက်စိ မမြင်တဲ့ လွှမ်း အတွက်တော့ တစ်လောက လုံးဟာ ပဟေဠိလိုပါပဲ ဆရာရယ်၊ လွှမ်းအပေါ် ကြင်နာလို့ လွှမ်း ကြည့်ညိုရတဲ့ ဆရာ့ရုပ်ရည်ဟာ ဘယ်လိုဆိုတာ လွှမ်း မသိဘူး၊ ဒီလိုပဲ လွှမ်းကို အခု ဆရာ ဘာတွေပြောနေတယ် ဆိုတာလဲ လွှမ်း မသိဘူး၊ လွှမ်း သိတာတစ်ခုပဲ ရှိတယ်’



‘လွှမ်း ဘာကိုသိသလဲ’

‘လွှမ်း ဘာကိုသိတယ်ဆိုတာ လွှမ်း ဘယ်လိုပြောရမှန်း တောင် မသိပါဘူး ဆရာရယ်၊ ဥပမာ လွှမ်း နေကိုမမြင်ရဘူး၊ ဒါပေမယ့် နေလှိုင်းဂယက်သံတွေကို လွှမ်း ကြားရတယ်၊ ဒီလိုပဲ ဆရာ့ကို လွှမ်း မမြင်ဘူး၊ ဒါပေမယ့် ဆရာ့ရဲ့ ကရုဏာနဲ့ မေတ္တာလှိုင်းကို လွှမ်း ခံစားလို့ရတယ်’

ဒေါက်တာသည် ဝမ်းပန်းတနည်းနှင့် လွှမ်း၏ မျက်နှာ လေးကို ငေးကြည့်မိသည်။ ကရုဏာသက်ဖွယ်သော လွှမ်း၏ မျက်နှာလေးတွင် ဖုံးကွယ်နိုင်သော သမုဒ္ဒယသစ္စာကို မြင်ရ ပေပြီ။ တမ်းတရပေမဗ္ဗ် ထစ်နေ့ဝယ် လွှမ်းလေရမည့် သမုဒ္ဒယ သစ္စာနှယ်။

‘ဆရာ’

သူက မထူးမိ။

‘ဆရာ’

‘လွှမ်း’

‘လွှမ်း ခေါ်တာကို ဘာလို့ မထူးတာလဲဟင် ဆရာ’

လွှမ်း၏အသံလေးမှာ တုန်ယင်ကြေကွဲနေ၏။

‘ပြီးတော့ လွှမ်းကို ဘာလို့ စကားတော မပြောတော့ တာလဲ ဟင်’

သူက လွှမ်း၏ ကိုယ်လေးအား မထိန်းချုပ်နိုင်တော့ဘဲ ပွေ့ဖက်လိုက်မိသည်၊ အလိုက်သင့် ကောက်ကော့လေးပါလာ

www.burmeseclassic.com

www.burmeseclassic.com



သော လှမ်း၏ ရင်ကို မိမိ၏ရင်နှင့်ဆပ်လျက် ပါးချင်းနီးကပ် ပွတ်သပ်မိစဉ် ဒေါက်တာသည် အသံမထွက်အောင် ရှိုက်မိသည်၊ လှမ်းသာမြင်ရမူ ဝဲပြည့်နေသော မျက်ရည်များကို ဒေါက်တာ၏မျက်လုံးများ၌ တွေ့ရပေမည်။

'လှမ်းကို ဆရာ စကားတွေပြောဖို့ လိုသေးလား လှမ်းရယ်'

မှန်သည်၊ မလို၊ လှမ်းအနေနှင့်လည်း ဘာပြောရမည် မသိ၊ ပြောလည်း မပြောတတ်၊ ပြောလည်း မပြောနိုင်၊

ချစ်သူနှစ်ဦးတို့ ဏမ်းစောင်းမှ ပြန်ချိန်တွင် မိုးကုပ်စက်ဝိုင်း ဆီ၌ ဝင်ခဲ့ပြီဖြစ်သော နေသည် ရောင်ခြည်တန်းများကိုမူ ခြွင်းချန်ထားရစ်သေးသည်၊

ဒေါက်တာမင်းညိုက လှမ်း၏ ခါးစေးမှ ယုယစွာ သိုင်းပွေ့ဖက်ခေါ် ဦးဆောင် လျှောက်ရင်း အေးလေးညှင်သာ ဆိုသည်။

'လှမ်းမမြင်ပေမယ့် ထင်ကြည့်နိုင်ထယ်ကွယ်၊ အမှောင်ရိပ်တွေတော့ ချဉ်းဝင်စပြုပြီလေ၊ ဒါပေမယ့် ဟိုး.... မိုးကုပ်စက်ဝိုင်းဆီမှာ ဆင်းရောင်ခြည်တွေက လျှံနေတယ်၊ ဒီလိုပဲလေ၊ အမှောင် စိုးမိုးတာမို့ အလင်းရှောင်ကို မမျှော်ကိုးတော့ဘူးဆိုရင် ဂင်္ဂါဝါဠုံ သဲစုအမျှ ပွင့်ကုန်ကြတဲ့ ဗုဒ္ဓရှင်တော်တွေရဲ့ မေ့ရောင်ခြည်တွေဟာ ဒီလောကမှာ ဝေစည်ဖရော



အကြောင်း မရှိပေဘူး၊ အမှောင်ဟာ တဒင်္ဂ၊ အလင်းဟာ နိဗ္ဗာန်တွေ လှမ်းရဲ့'

*　　*　　*

နောက်ကပ်လိုက်ပါလာသော ရက်များအတွင်း၌ ကြုံတွေ့ရသမျှမှာ ဒေါက်တာမင်းညိုအတွက် တစ်နေ့နံနက်၌ တောင့်တမိခဲ့သည်ကို ယာယီပိုင်ဆိုင်ရသော အိပ်မက်ပမာ ဖြစ်ခဲ့ရပါလေသည်။

နှစ်ကိုယ်ပိုင်တမှု၍ ချစ်ကြပြီဆိုပြန်တော့လည်း ပျော်ကြရသည်။ လှမ်းရယ်တော့ သူ့ရှင်ရ၏။ လှမ်းရှင်ဖို့ပင် သူ့ဘဝသည် အနက်အဓိပ္ပာယ်တင်ခဲ့လေပြီမို့ လှမ်းမငြိုငြင်ရန် သူတွင် ထာဝစဉ် ကြိုးစားနေရ၏။ ယာယီအိပ်မက်ပင်ဖြစ်သော်လည်း မက်သမျှယာယီအချိန်ပိုင်းတွင် သာယာသော ဘုံဘဝလေးမှာ စိတ်တိုင်းကျ စိုပြည်မှုရရန် သူ့တွင် ဖန်တီးနေခဲ့ရ၏။ အစိုးမရသော အနာဂတ်ကို ကြိုတင်သိထားပြီမို့ သူ့တွင် အခြားနည်းလမ်းမရှိ။

သို့နှင့် တနင်္ဂနွေ တစ်နံနက်ဝယ် တစ်ခါတုန်းကလိုပင် လှမ်းသည် နှင်းဆီပင်များအနီးတွင် ရပ်နေသည်။ တစ်ခါတုန်း

www.burmeseclassic.com

www.burmeseclassic.com



ကလိုပင် သူက လွှမ်းနှာ၀၀ယ် နှင်းဆီတစ်ပွင့်ကို လာကပ်ထားသည်။ ဤအကြိမ်တွင်မူ လွှမ်းသည် နှစ်နှစ်ခြိုက်ခြိုက်လေး ပြုံးလိုက်၍ သူ့လက်များကို ပိုင်ပိုင်ဆုပ်ကိုင်သည်။ ဘာရယ်လို့ အထူးအထွေ သဘောကျစရာ မရှိသော်လည်း နှစ်ဦးသားမှာ လိုက်လိုက်လှဲလှဲ ရယ်မောကာ ယှဉ်တွဲမှီလျက် အိမ်တွင်းသို့ ဝင်ခဲ့ကြသည်။

အိမ်တွင်း၌ မြူးရွှင်နေသူတို့ကလည်း ရှိသေးသည်။

'သနားဖွယ်-တစ်ပါးရယ်-မယားသည်.... ဩော် သနားဖွယ်၊ တစ်ပါးရယ်-မယားသည်....'

အခန်းတွင်းဆီမှ နေစိုး၏သီချင်းနှင့် ပါးစပ်ဆိုင်းတီးသံထွက်လာ၏။ မရှေးမနှောင်းပင် သူတို့ပါ ပေါ်လာ၏။

နေစိုးက လယ်လယ်ကို လက်မောင်းရင်း နှစ်ဖက်အောက်မှ ပင့်ဖြင့် သိုင်းမ,လျက် ရုပ်သေးကြိုးဆွဲဟန် ပြုသည်။ လယ်လယ်က ရုပ်သေးမင်းသမီးလေးလို ကြော့ကြော့မော့မော့လေး ကသည်။

'သနားဖွယ်....တစ်ပါးရယ်၊ မယားသည် လယ်ရေ'

'မောင်ရေ....မောင်ရေ'

'လယ်ရေ....ချောင်းရေ....မြောင်းရေ'

နေစိုးက ဖောက်လိုက်သဖြင့် လယ်လယ်က အကရုပ်ကာ လင်တော်မောင်၏ ရင်ဘတ်ကို ထုသည်။ ဘသားချောက ဤသည်ကိုပင် တဟဲဟဲ သဘောကျနေ၏။



'နေပါဦး၊ ဒီစုံတွဲက ဒီနေ့ မြူးလှချည်လား' ဟု ဒေါက်တာ မင်းညိုက မေးသည်။

'အလကား ဒေါက်တာ၊ လယ်က ဒီနေ့ မြို့ထဲလျှောက်သည်ချင်တယ်ဆိုတာ၊ ရုပ်သေးက, ကမှတဲ့၊ ဟင်း....'

နေစိုးက တဟဲဟဲ ရယ်ရင်းမှ 'ဩော်....လယ်ရယ်၊ ခဏလေး ရုပ်သေးဖြစ်ရတာများ မကျေမနပ် ဖြစ်နေလိုက်ထား၊ မောင်တို့ ယောကျ်ားဆိုတာထ အမိတို့ မိန်းမတွေလက်မှာ တစ်သက်လုံး ကြိုးဆွဲရာ ကနေရတဲ့လူတွေပေါ'ဟု အထွန့်တက်သည်။

ဤသည်ကို ဒေါက်တာမင်းညိုက 'ကြိုးဆွဲမယ့်သူရှိတာ ကံကောင်းသေးတာပေါ့ ကိုနေစိုးရယ်၊ ကျုန်တော်တို့ဘော့ ကြိုးဆွဲချင်လျက်နဲ့ ဆွဲမယ့်လူမရှိလို့ လွတ်နေသော သတို့သားကြီး ဖြစ်နေရတယ်' ဟု ဝင်နောက်၏။

နေစိုးက ရယ်ရမောလိုက်ရင်း 'ဒီနေ့တော့ ခင်ဗျားပဲ လူနာစောင့်ကြည့်ရစ်တော့၊ ကျုန်တော်တို့ ထွက်လိုက်ကြဦးမယ်' ဟုဆိုသည်။ ထိုနောက် လယ်လယ်ဘက်လှည့်ကာ 'ကဲ....ရေချိုးမှာနဲ့ မှုန်ခြယ်မှာနဲ့ အချိန်မရှိဘူး၊ ပြန်ကြစို့' ဟု ပြောလျက် သူ့သီချင်းသူ ပြန်ဆက်၍ လယ်လယ်နှင့် အိမ်တွင်းဝင်သွားသည်။

ဒေါက်တာမင်းညိုက လွှမ်းအား စားပွဲ ပုလေး ဘေးရှိ ကုလားထိုင်တစ်လုံးတွင် နေရာချထားပေးပြီး စီးကရက်တစ်လိပ် မီးညှိသော၏။ ငြိမ်နေရာမှ လွှမ်းက မကျေမနပ်သံလေးနှင့် ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ ခုနင်က ပြောသွားတဲ့အထဲမှာ လှမ်း လက်မခံနိုင်
စကား ပါတယ်'

'ဘာလဲ လှမ်း'

'ကြိုးဆွဲတယ်ဆိုတာလေ၊ လှမ်းကတော့ ဆရာ့ကို ကြိုးမ
ဝံ့ပါဘူး၊ ဆွဲလဲမဆွဲချင်ပါဘူး၊ တတ်နိုင်ရင် ဆရာ့ကို လှင်း
မှာ လည်ဆွဲပမာလို ဆွဲထားချင်တယ်'

သူက တစ်ချက် ငိုင်သွားမိပြီးမှ မေးသည်။

'ဆရာ့ကို ဘာလို့ ဒီလောက်တောင် ချစ်ရတာလဲ....လှ
ရယ်'

'ဆရာ့ကို ဘာလို့ လှမ်းချစ်ရတယ်ဆိုတာဟာ မေး
မဟုတ်ပါဘူး မောင်ရယ်၊ မေးခြင်းမေးရင် လှမ်းကသာ မေ
ရမယ့် ဘဝမှာပါရှင်၊ လှမ်းကို ဘာလို့ ဆရာ ချစ်ရတာ

'လှမ်းကို ဘာလို့ ဆရာချစ်ရတယ်ဆိုတာ ပြောပြ စမ်း
ပါတယ်လှမ်းရယ်၊ ဒါပေမယ့် လောကဝေါဟာရတွေက နည်
လွန်းတော့ လှမ်းနားလည်အောင် ရှင်းပြဖို့ ဆရာ စကား
ရှာမတွေ့ဘူး'

သူ့စကားကို ရင်နှလုံးသားနှင့်ခံစားရသူ . လှမ်းမှာ
တစ်ရက် ပြန်မဖြေနိုင်။ ဖြေသောအခါတွင်သည်း အသံလေး
မေတ္တာနှင့် ပြည့်နေ၏။

'ဆရာ့အချစ်ကို လှမ်း မပြိုင်ဝံ့တော့ပါဘူး၊ ချစ်တယ်
တာကလဲလေ ပြိုင်လို့ ရတာမျိုး ဟုတ်ကဲ့လား မသိဘူး၊ လှ
သိတာတွေကိုလဲ တစ်ခါက လှမ်း ဝန်ခံခဲ့သလိုပဲ၊ လှမ်း အ



လို့ပြောရမှန်းမသိဘူး၊ လှမ်းသိသမျှကတော့ ဆရာ့ကို လှမ်း
ချစ်တာဟာ ချစ်တယ်ဆိုတာထက် ပိုတယ်၊ ဘယ်လိုပိုတယ်
ဆိုတာလဲ မပြောပြတတ်ဘူး'

သူ့မှာ ငိုင်ရ-မှိုင်ရပြန်ပါ၏။ လှမ်း၏ ချစ်တယ်ဆိုသံက
သူ၏လိပ်ပြာကို ခြောက်လှန့်သည်၊ လှမ်း၏အချစ်ကို ပိုင်ဆိုင်
ရသည့် သူ့ဘဝမှာ အခြေအနေအရ ညှိမျှ သန့်ပါသနည်း။

သူက စိတ်တိုးတိုးချလိုက်သည်။ ဖြင့်လိုရာဖြစ်စေတော့။
ဒုက္ခိတ အားနွဲ့သူကို လှည့်စား၍ မနေလိုတော့။

'လှမ်း က ဆရာ့ကို သိပ်ချစ်တာဆိုတော့ ဆရာသိပ်ဝမ်းသာ
မိသလို ဝမ်းလဲနည်းမိတယ်၊ လှမ်းတစ်ခါက ပြောခဲ့သလို
လှမ်းအတွက် တစ်လောကလုံးဟာ ပဟေဠိဖြစ်နေလျက်နဲ့
ဆရာ့ကိုတော့ ဘာကြောင့် ယုံရလဲ....ဟင်'

ရှင်နေသော လှမ်း၏မျက်နှာလေးမှာ ညှိုးသွားလျက် သူ့
အား ရူးစမ်းသယောင် မမြင်ရသော မျက်လုံးများက ကြည့်
သည်။

'ဆရာ လှမ်းကို ဘာတွေပြောနေပြန်ပြီလဲ'

'လှမ်း စဉ်းစားဖို့ကို ဆရာပြောနေတာပါ။ ဥပမာ လှမ်း
ဟာ ဆရာ့ကို မမြင်ဖူးသေးဘူး၊ ကွန်ကွန်ပြောမယ်၊ စင်စစ်
တော့ လှမ်းဟာ ဆရာဘယ်သူဆိုတာ တကယ်မသိသေးဘူး၊

လှမ်း သိဖို့ လိုသေးလား ဆရာရယ်'

www.burmeseclassic.com

www.burmeseclassic.com

'လိုတယ်လူးမ်၊ လှမ်းဟာ အခု ဆရာ့ကို သိပ်ချစ်နေပေမယ့်
လှမ်းမျက်လုံး ပြန်မြင်လာတဲ့အခါမှာ ဆရာဟာ လှမ်းအတွက်
မှန်းစရာအကောင်းဆုံး လူတစ်ယောက်ဖြစ်နေရင် ဘယ်နှယ်
လုပ်မလဲ'

'ဆရာ ဘာဆိုလိုတာလဲ'

သူ့နှုတ်ခမ်းများက လှုပ်သွားသည်။ သို့ရာတွင် တကယ်
ဆိုတော့လည်း အသံကမထွက်ရက်၊

'ဥပမာ လှမ်းရယ်၊ ဆရာဟာ တခြားလူ မဟုတ်ဘဲ မောင်
မောင်လှိုင် ဖြစ်နေရင်....'

သူ့စကားမဆုံးလိုက်ရ၊ စားပွဲပေါ်မှ ပန်းအိုးကို လှမ်း၏
လက်နှင့်ထိခိုက်မိသဖြင့် ကျကွဲသံက စူးစူးရှရှ ပေါ်ထွက်လာ
သည်။လှမ်းမှာလည်း စိတ်မှတ်မဲ့ ကယောင်ချောက်ချားဖြင့်
နှင့် နေရာမှ ထလျက်သား ရှိနေသည်။

သူ အံ့အားသင့်ငေးကြည့်နေခိုက် လှမ်းက နေရာမှတဖြည်း
ဖြည်း ရွေ့သည်။ လှမ်းမျက်နှာမှာ ဖြူရော်နေကာ မျက်လုံး
များမှာ ထိတ်လန့်တကြား ပြူးကျယ်နေသည်။

'လှမ်း....'

လှမ်းက နောက်ဆုတ်နောက်ဆုတ်နှင့် နံရံဆီ ရွေ့သွားနေ
သည်။ လှမ်း၏ တစ်ကိုယ်လုံးမှာ တုန်ယင်လျက် မမျှော်လင့်
သော ထိတ်လန့်မှုကြောင့် မိမိကိုယ်ကို အစိုးရပုံ မပေါ်။

'လှမ်း....'

လှမ်းက မထူး။တစ္ဆေသရဲနှင့် ရင်ဆိုင်ရသူပမာ နောက်
ဆုတ်လျက်သာ ခွာနေသည်။



ဤအခါကျမှ သူက သတိရသည်။ လှမ်း၏ စိတ္တဇ အတိမ်
အနက်နှင့် မိမိအမူအရာ၏ အလေးအနက်ကို ချက်ချင်းရိပ်မိ
သည်။ ဆရာဝန်၏ တုန်ခ်နုပ္ပတ္တိဉာဏ်ကလည်း ရုတ်ခြည်းပြန်ဝင်
လာသည်။

သူက ရယ်သည်။ ပေါ့ပေါ့ဆဆသဘောကျဟန်နှင့် ရယ်
သည်၊

'ဟား ဟား ဟား....အမယ်လေး လှမ်းရာ၊ ဒီလောက် ဖြစ်
ရလား၊ ဟား ဟား....ဆရာ ကျီစားတာနဲ့ ဒီလောက် ဖြစ်ရ
လား'

လှမ်းက ရပ်သွားသည်။ တုန်ယင်မှုကာမူ မပျောက်။ သူက
ဆက်လက် ဟန်ဆောင် ရယ်မောကာ လှမ်းထံ ချဉ်းကပ်၍
လှမ်းလက်မောင်းမှကိုင်လျက် နှစ်ယောက်ထိုင် ဆိုဖာဆီ တွဲ
ခေါ်သည်။

'ဖြစ်ရလေ....လှမ်း ရယ်လေ၊ ဒီနာမည်ကို ဒီလောက်
တောင် မကြားချင်ဘူးလား'

လှမ်းက ယခုမှ လှုပ်ရှားလာသည်။

'ဆရာ လှမ်းကို ဘာလို့ ဒီလို ကျီစားရသလဲ'

'ဪ....လှမ်းရယ်၊ ကျီစားခြင်း မမှတ်ဘာဟာ ချစ်ခြင်းရဲ့
မင်္ဂလာတစ်ရပ်ပဲ မဟုတ်လား'

သူက ရယ်မောရင်း ဖြေသည်။

လှမ်းက သက်ပြင်းချသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဒီနာမည်ကို လွှမ်း မကြားပါရစေနဲ့ ဆရာရယ်၊ လွှမ်း ဘာဖြစ်တယ် မသိဘူး။ဒီနာမည်ကြားရင် လွှမ်းကိုယ်လွှမ်း အစိုး မရဘူး၊ လွှမ်းအသက်ရှုလို့လဲ မရဘူး၊ စိတ်ထဲမှာလဲ သိပ် မှောင်သွားတယ်'

လွှမ်းသည် ခေတ္တငြိမ်သွားပြီး ရုတ်တရက် မေးသည်။

'ဆရာ မောင်မောင်လွင် မဟုတ်ဘူးနော်'

'ဩော်....လွှမ်းရယ်၊ ဆရာ့နာမည် မင်းညိုပါ'

လွှမ်းက အမျိုးအမည် မသိသော အပြုံးလေးကို ပြုံးသည်။

'ဆရာဟာ ဘာကြောင့် မောင်မောင်လွင်နဲ့ ပတ်သက်တာ ကို တစ်ကြောင်းမဟုတ် တစ်ကြောင်း အစဖော်နေရသလဲ'

သူက ထိတ်လန့်သွားသည်။လွှမ်းရင်၌ မသင်္ကာစိတ်သည် ပျောက်ပါလေရဲ့လား၊ လွှမ်း ဆက်ပြောသော စကားကမူ သူ့နားဝယ် မိုးကြိုးပမာ ကျလာသည်။

'လွှမ်း မျက်လုံး ပြန်မြင်လာလို့ ဆရာဟာ မောင်မောင် လွင် ဆိုရင် လွှမ်းမျက်လုံးတွေကို လွှမ်းပြန်ဖောက်ပစ်လိုက်မယ်'

သူ့မှာ ဇက်ကျိုးကျသွားသည်၊ စိတ္တဇယှဉ်သော အမုန်း။ ဒါကို ဆရာဝန်မို့ သူသိသည်။ သို့ရာတွင် ဤမျှ ပြင်းထန်မည် ကို သူ မသိ။

ထိုစဉ် လွှမ်းထံမှ သာသာယာယာ ရယ်မောသံလေးကို ကြားရသည်။ လွှမ်း၏ ဖြူနုသော လက်ကလေးများက သူ့ မျက်နှာကို ပွေ့ယူ စမ်းသပ်ကိုင်လာသည်–



'လွှမ်းဟာ အရူးပဲ၊ သိလား ဆရာ၊ ဟောဒီရုပ် ဟောဒီ ရည်ဟာ သူနဲ့ ဘာမှမဆိုင်ဘူး၊ သူလို လူယုတ်မာဟာ ဆရာလို သူတော်ကောင်း ဘယ်လိုမှမဖြစ်နိုင်ဘူး၊ အို....ဒါကို လွှမ်း သိသားပဲ'

လွှမ်းက ညင်ညင်သာသာ ရယ်သည်။ လွှမ်း ရယ်သလို လိုက်လျောရပေမယ့် သူ့ရင်မှာမူ မချမ်းသာလေတော့။



ဥဩသံချိုသော နွေညနေညိုညို၏ ထိုကန်စောင်းတွင် ပင်တည်း။

နောက်တစ်နေ့ဆိုလျှင် လွှမ်း၏ မျက်လုံးကို ခွဲစိတ်ကုသ ပေးရတော့မည်။ ဒါကို သူသိသလို လွှမ်းလည်း သိသည်။အသိ ချင်းမှာ ထိုမျှသာ တူညီလေတော့သည်တကား။

လွှမ်းက သူ့ရင်ခွင်ကို ကလေးငယ်တစ်ဦး၏ လုံခြုံနွေးထိမ့် မှုဖြင့် မှီလှဲထိုင်ရင်း ငြိမ်နေသည်။ သူ့နှာဝတွင်လွှမ်း၏ဆံ ကိုယ်သင်းနံ့လေးများက ကြိုင်နေ လှိုင်နေ၏။

'လွှမ်း ပျော်လား'

www.burmeseclassic.com

www.burmeseclassic.com

'ပျော်တာပေါ့ ဆရာရယ်၊ ဆရာကော ဟင်'

'ပျော်တာပေါ့ လွှမ်းရယ်၊ လွှမ်းနဲ့ အခုလိုနေရတဲ့ အချိန်တွေဟာ ဆရာ့ဘဝမှာ အပျော်ဆုံး အခါတွေပဲ'

'လွှမ်းနဲ့ အခုလို နေရတဲ့ အချိန်တွေဟာ ဆရာ့ ဘဝမှာ အပျော်ဆုံးအခါတွေဆိုတော့ မျက်စိမမြင်တဲ့ လွှမ်းဟာ ဆရာ့အတွက် ဘယ်လောက်များ အနှောက်အယှက်ဖြစ်မှာပဲ ... အနုက်အစိပ္ပာယ်သဘောရှိလို့လဲ ဟင် ဆရာ'

'ရှိတာပေါ့ လွှမ်းရယ် ရှိတာပေါ့၊ တကယ်ဆိုတော့လဲ ဆရာ အနှစ်နှစ်အလလက တောင့်တခဲ့တဲ့ ဆန္ဒတွေဟာ လွှမ်းနဲ့တွေမှ ပြည့်ဝခဲ့ရတယ်'

'အဲဒီဆန္ဒတွေဟာ ဘာတွေလဲဟင်'

'အဲဒီဆန္ဒတွေကို လွှမ်းနားလည်ဖို့က ဆရာ့ရဲ့ ဘဝနောက်ကြောင်းကို လွှမ်းကောင်းကောင်းသိဖို့လိုတယ်'

လွှမ်းက အာရုံစူးစိုက်နားထောင်ဟန် ငြိမ်နေသည်။ သူကသာ ရှတ်တရက် စကားမဆက်။ ဤနောက်ကြောင်းတို့ကို သူ မေ့ပစ်ချင်သည်။ နာကြည်းဖွယ်သော ငယ်စဉ် အတွေ့အကြုံများကို အသိအမှတ်မပြုဘဲ ဇွတ်မေ့ပစ်ခြင်းသည် စိတ္တဇအဆောက်အအုံကို ကောင်းကျိုးမပေးမှန်း သူ သိပါ၏။ တစ်ဖန် မေ့သည်ဖြစ်စေ မမေ့သည်ဖြစ်စေ ဤအတွေ့အကြုံ အမှတ်သညာများက သူ့ဘဝ၏ကောင်းကျိုးဆိုးကျိုးကို ပဲ့နှင်းခြယ်လှယ်နေမှန်းကိုလည်း သူ သိသည်။ ဤအကြောင်းတို့ကို လွှမ်းကိုမှ ဘာကြောင့် ဖွင့်ပြောလိုမိသည်အားမှု မိမိကိုယ်ကို မရိပ်စားမိ၊



'စိတ်ပညာရှင်တွေက လူတွေရဲ့ သန္တာန်က 'မသိစိတ်' (Unconcious Mind)ဆိုတဲ့ သဘောကို အဆိုပြုကြတယ်၊ မသိစိတ်မှာ ဖုံးလွှမ်း မြုပ်နှစ်နေကြတာက ဆရာတို့ လွှမ်းတို့ရဲ့ ငယ်စဉ်တောင်ကျေး ကလေးဘဝက နင့်နင့်နာနာခံစားခဲ့ကြရတာတွေပဲ၊ ဘယ်လိုပဲ ဖုံးလွှမ်းနှစ်မြှုပ်နေပေမယ့် အဲဒီ ခံစားမှုတွေဟာ ဘဝတစ်လျှောက် အရိပ်ပမာပါလို့ ဆရာတို့ ဘဝတွေကို ခြယ်လှယ်ကြိုးဆွဲလေ့ရှိတယ်၊ ဆရာဟာ စာတွေ ဘယ်လောက် တတ်ထားပေမယ့် တတ်တာဟာ တစ်ကဏ္ဍပဲ၊ ဒီ မသိစိတ်က ခံစားမှုတွေရဲ့ ကြိုးဆွဲမှုကိုတော့ မလွန်ဆန်နိုင်ခဲ့ဘူး'

သူက ညည်းညည်းညူညူဆိုရှ် ခေတ္တနားသည်။ ငြိမ် နားထောင်နေသော လွှမ်းသည် တစ်ကြိမ်၌ သတိပြုမိသကဲ့သို့ပင် သူ့အသံမှ ဆွေးမြည့်မှုကို ထပ်မံ သတိပြုမိပြန်၏။

'ဆရာဟာ ဆရာဝန်ကြီးတစ်ဦးဖြစ်ပေမယ့် ဆရာ့ ရင်မှာ ထာဝရတမ်းတမှုတွေ၊ စိုးရိမ်မှုတွေ၊ ကြောင့်ကြမှုတွေ ရှိနေခဲ့တယ်၊ အဆင်မပြေတဲ့ ကလေးဘဝက ရခဲ့တဲ့ စိတ္တဇဒဏ်ချက်တွေပဲ၊ အကြောင်းကတော့ ဆရာ့မေမေဟာ လွှမ်းလိုပဲ မျက်စိမမြင်တဲ့ ဒုက္ခိတ တစ်ဦးပဲ'

လွှမ်းမှာ ဖျတ်ခနဲ တုန်လှုပ်သွားသည်။ နှုတ်မှလည်း 'အို' ဟု ကရုဏာ အာမေဋိတ်စကားလုံး လွှတ်ထွက်သွားသည်။

'မေမေဟာ ဆရာ့ကို မွေးဖွားမြင်ပြီးစမှာ မျက်လုံးကွယ်သွားရသတဲ့၊ နောက် အတော်ကြာမှ ခေတ္တပြန်မြင်တယ်၊ ဆရာကောလိပ်ရောက်ခါနီးမှာ တစ်ကြိမ်လုံးဝပြန်ကွယ်သွားပြန်ဘယ်၊ လူတွေက ဆရာ့ကို ခိုက်တဲ့ဂြိုဟ်ကောင်တဲ့'

www.burmeseclassic.com



သူက နာကြည်းစွာ ရယ်သည်၊

'ဂြိုဟ်ကောင်.... ဂြိုဟ်ကောင်၊ ဒီစကားဟာ ဆရာ့နားထဲမှာ စွဲနေတယ်၊ အသည်းထဲမှာ နစ်နေတယ်။ ပိုပြီးစိတ်ထိခိုက်တာက ဒီလူတွေရဲ့ စွပ်စွဲချက်ကို ချေပဖို့ မေမေ့ရောဂါကို ဆရာကိုယ်တိုင် ကုပြမယ်လို့ ခဲထားပေမယ့် သဲထဲရေသွန်သလိုပါပဲ၊ မေမေ့ကို ဆရာမကုခဲ့ရဘူး၊ ဆရာဘွဲ့မရခင်မှာ မေမေဆုံးသွားခဲ့တယ်'

'အို....ဖြစ်ရလေ ဆရာရယ်'

'မဟုတ်တာကိုလဲ သိပါတယ်၊ မမှန်တာကိုလဲ သိပါတယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ ဆရာ့လိပ်ပြာဟာ မသန့်ဘူး သူတို့စွပ်စွဲသလို ဟုတ်မလားဆိုပြီး စိတ်မှာ ချောက်ချားနေတယ်၊ ရင်မှာ စိုးရိမ်နေတယ်'

သူက ခေတ္တစကားဖြတ် ရပ်နားလိုက်သည်၊ ထိုနောက်မှ ဖြည်းလေးစွာ တစ်လုံးချင်းဆက်ပြောသည်၊

'ဒီအခြေအနေနဲ့ ဆရာ လွှမ်းကို ကြုံတွေ့ခဲ့ရတယ်၊ လွှမ်းဟာ ဆရာ့အတွက် လွှမ်းမည်ကာမဟုတ်ဘူး လွှမ်းဟာ ဆရာ့အတွက် စိတ္တဇအဓိပ္ပာယ်လေးနက်လှတယ်၊ မြင်ရုံနဲ့လဲ ဘာကြောင့်မသိဘူး၊ ဆရာ လွှမ်းကို သိပ်ချစ်မိတယ်၊ ရိုးရိုးအချစ်မဟုတ်ဘူး လွှမ်းငယ်၊ ပိုင်ရမယ် မသေချာခင်ကတည်းက ဆုံးရှုံးမှာကို ကြောက်နေမိတဲ့ စိုးရိမ်ချစ်' ✻

ဤနေရာတွင်မူ လွှမ်းက သူ့လက်မောင်းအား ဖျစ်ညှစ်မိသည်။



'လွှမ်းကို ပြုစုကုသခွင့်ရတော့ မိခင်ဂိုဏ်းဝင် မိန်းမသားတစ်ဦးကို ပြုစုကုသခွင့်ရတာမို့ ဆရာ စိတ်ချမ်းသာခဲ့ရတယ်၊ ပြီးတော့လဲလေ...ငယ်စဉ်ကတည်းက ဆရာဟာ လူသားတိုင်းရရှိအပ်တဲ့ မိခင်ရဲ့ တုံ့လှယ်သောမေတ္တာဓာတ်ကို မရခဲ့ပါဘူး၊ ဒါကြောင့်မို့လို့လဲ လွှမ်းနဲ့ မတွေ့ခင်အထိ ဆရာ့ဘဝဟာ မေတ္တာမိုးခေါင်တဲ့ ပျိုးပင်ပမာပါ ကိုမ်းခြယ်၊ လွှမ်းဆီက တုံ့လှယ်သော မေတ္တာကို ရပြန်တော့ ဆရာ့ဘဝဟာ ပိုလန်းခဲ့ရပြန်တယ်'

လွှမ်း၏ လက်ကလေးများက သူ့မျက်နှာကို ယုယစွာပွေ့ယူသည်။

'မျက်စိနှစ်ကွင်း အလင်းမရတဲ့ လွှမ်းဟာ ဆရာ့အတွက် ဒီလောကတောင် အဓိပ္ပာယ်ရှိမှန်းသိလို့ လွှမ်းဂုဏ်ယူမိပါတယ်ရှင်၊ မောင့်ကိုလဲ ကျေးဇူးတင်မိတယ်ရှင်၊ လွှမ်းအခု ပိုပြီးမျက်လုံးမြင်မှလေ ဆရာ့ကို အတိုးချပြီး ပြုစုရဦးမယ် ဆရာ'

'လွှမ်း....'

'နက်ဖြန်ဆို လွှမ်းမျက်လုံး စကုရတော့မယ်နော်'

'ဟုတ်ပါတယ် လွှမ်းရယ်'

'နောက်တစ်လကြာရင် လွှမ်း....လွှမ်း.... ကောင်းကောင်းပြန်မြင်ရမယ် နော်....ဆရာ'

'မြင်ရမှာပေါ့ လွှမ်းရယ်၊ လွှမ်းမြင်ရတော့မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းက ရှင်ရှင်မြူးမြူးနှင့် သူ့အား ကလေးငယ်ပမာ ပွေ့ဖက်ရှာသည်။

'လွှမ်း ဝမ်းသာလိုက်တာ ဆရာရယ်၊ ဆရာကော ဝမ်းမသာဘူးလား....ဟင်'

သူက မျှော်လင့်ချက်ဖြင့် တောက်ပ ဝင်းကြည်နေသည့် လွှမ်း၏ မျက်နှာလေးကို ယူကျုံးမရကြည့်ရင်း အသံကိုထိန်း၍ ဖြေရသည်။

'ဝမ်းသာတာပေါ့ မိန်းလွှရယ်၊ လွှမ်းအတွက် ဆရာဝမ်းသာတာပေါ့'

မှန်သည်။ လွှမ်းအတွက်မှ သူ့အတွက်တော့မှု မဟုတ်။

ဤစကား၏ အဓိပ္ပာယ်ကို လွှမ်းသိမည် မဟုတ်သကဲ့သို့ သူ့မျက်လုံးများမှ စီးကျနေသော မျက်ရည်တို့ကိုလည်း လွှမ်း မမြင်....။

လွှမ်းကိုတွဲလျက် ခေါ်ဆောင်လာခဲ့စဉ် သူက ပြောနေကျစကားကိုပင် ဆိုရသည်။

'နက်ဖြန်ကစလို့ တစ်လကျော်ရင် လွှမ်းမျက်လုံးတွေ ပြန်မြင်ရတော့မယ်၊ ဒီအခါမှာ အမှောင်ဖုံးတဲ့ လောကပဟေဠိဟာလဲ ပျယ်လွင့်သွားပါလိမ့်မယ်၊ ဒါကြောင့်မို့လို့လဲ ဆရာ ခဏခဏပြောခဲ့တယ် မဟုတ်လား၊ အမှောင်ဟာ တဒင်္ဂအလင်းဟာ နိဗ္ဗာန်မလို့လွှမ်းရဲ့'

( ၆ )

လွှမ်းကို မစွည်းစုံသော အေးရုံကြီး၌ပင်ခွဲစိတ်ရသည်။

လေ့ကျွမ်းရာ ကျင်လည်သည်မို့ ခွဲစိတ်မှုမှာ သူ့အတွက် အထူး ခက်ခဲလှသည်တော့ မဟုတ်။ သို့ရာတွင် သိမ်မွေ့သော ခန္ဓာကိုယ် အစိတ်အပိုင်းဖြစ်၍ တတ်နိုင်သမျှ ချွတ်ယွင်းမှုမရှိအောင် ဂရုစိုက်ရသည်။

မခွဲစိတ်မီက ဒေါက်တာမင်းညိုမှာ စိတ်လှုပ်ရှားမှုရှိသော်လည်း နောက်ဆုံးအချိန်၌မူ ပင်ကို သမာဓိနှင့် တည်ငြိမ်မှုများက ဝင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေ့ဆေးကြောင့် သတိလစ်နေသော လွမ်းမှာ သူ့အတွက် ဆရာဝန်ကို အသက်ပုံအပ်ထားသော လူနာတစ်ဦးအဖြစ်သာ မြင်သည်။ ဤအမြင်သာ သူ့ရင်၌ ထာဝစဉ်ရှိလျှင် ကောင်းလေစွာတကား....ကောင်းလေစွတကား။

အားလုံးပြီးစီး၍ မျက်လုံးကို ဆေးသည့်ပေးပြီးနောက် အပြင်၌ စိုးရိမ်တကြီး စောင့်နေကြသူ နေစိုးတို့ အသိုက်အား အကျိုးအကြောင်း ထွက်ပြောရသည်။

'ဆရာ့ကျေးဇူးကြီးပါတယ်' ဟု နေစိုးက လှိုက်လှိုက်လှဲလှဲ ဆိုသည်။ လယ်လယ်ကမူ စကားမဆိုနိုင် ဝမ်းသာမှုမျက်ရည်တို့ လည်စို့နေ၏။

'ကျွန်တော့်တာဝန်ရဲ့ အဓိကအပိုင်း တစ်ပိုင်းတော့ ပြီးပြီပေါ့လေ၊ ဒီအထိ ဝိုင်းဝန်းကူညီကြတဲ့ ကိုနေစိုးတို့ကို ကျွန်တော်ကလဲ ပြန်ကျေးဇူးတင်ရဦးမယ်၊ ဒါပေမယ့် ကျွန်တော့်တို့ လုပ်ငန်း မဆုံးသေးဘူး'

ဒေါက်တာက လေးနက်စွာ သတိပေးသည်။

လွမ်းကို ဆေးရုံကြီး၌ ရက်သတ္တတစ်ပတ်ထားသည်။ ခွဲစိတ်မှုဒဏ်မှ ကောင်းကောင်း နာလန်ထချိန်တွင် ဒေါက်တာက အိမ်သို့ ပြန်လည်ယူခဲ့သည်။ အိမ်မှာဆိုတော့ သူကိုယ်တိုင် ကိုယ်ဖိရင်ဖိ ပြုစုရသည်။ လွမ်းဖွယ် အိပ်မက်ဆုံးခန်း ပိုင်း၌ သူက လွမ်းအနားမှ တတ်နိုင်လျှင် တစ်ဖဝါးမှမခွာလို။ လွမ်းကလည်း သူ့ကို အနီး၌ ထာဝစဉ်ရှိနေစေလိုသည်။

အပြင်လောက မြေပြင်၌ ပင်ပျိုတို့သည် လည်းကောင်း ပင်အိုတို့သည် လည်းကောင်း အစိမ်းရောင်တို့ ရင့်မောင်း၍



ဟောင်းရွက်ဝါတို့ တစ်စစ ကြွေကျ ပျယ်လွင့်ကုန်လေပြီ။

ရှည်လျားသော နွေ၏ နောက်ပိုင်းညများမှာ အထူးဆိတ်ငြိမ် သာယာလှသည်။ သာယာသော ညများသည် နွေ၏ နိဂုံးတေးကို သီဆိုသူ ဥသြငှက်ကြောင့် လွမ်းဖွယ်လည်းရှိလှ၏။

တိမ်ရိပ်မှုန်သော ညကာလများတွင် လွမ်းနှင့်သူက ခြံထဲ၌ လည်ချင်းတွဲမှီ လျှောက်ကြသည်။ ဥသြနှင့် ပြိုင်၍ ချစ်တေးတေးလည်း သီရသည်။ ရှေ့ပြေးမိုးနံ့ကို သယ်ယူလာသော မုတ်သုန်ဦးနှင့်အတူ အသည်းနှလုံး၏ မဆုံးနိုင်သော တီးတိုးစကားတွေကိုလည်း နှစ်ကိုယ်ကြား ဆိုကြရသည်။

မျှော်လင့်ချက်ဇရှုမှု ကိုပြေး၍ အနာဂတ်အရေးအတွက် စိတ်ကူးယဉ်ယဉ်နှင့် မသိရှာသူ လွမ်းခမျာ ရှင်လေသည့် နည်းတူ ဒေါက်တာမင်းညိုမှာလည်း အဘိဓမ္မာ လင်္ကာဆန်သော လွမ်းရိပ်လွမ်းသည့် တည်ငြိမ်မှုနှင့် မချိပြုံးကို ဖုံးကွယ်နိုင်ခဲ့သည်။

တစ်နည်းဆိုသော် ဒေါက်တာမင်းညိုအတွက် ချစ်သူနှင့် တဒင်္ဂ နေရစေ၊ ထိုတဒင်္ဂသည်ပင် တစ်ဘဝဟု မှတ်ယူနေရ၏။

လွမ်း၏မျက်လုံးထက်မှ ဆေးပတ်တီးများကို အချိန်ပိုင်း အလိုက် တစ်လွှာချင်း ခွာရသည်။ ဤအခါများတွင်မူ ဒေါက်တာသည် သူ့အသည်းပြင် တစ်လွှာချင်း ခွာစရသည်သို့ ဝမ်းသာလျက်က ဝမ်းနည်းရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခြား ဖြေဖျော်မှုများကို ပျင်းရိငြီးငွေ့လာသောအခါ လွမ်းကို ဒေါက်တာက ဝတ္ထုများဖတ်ပြ၍ အပျင်းပြေစေရ၏။ ကြည်နူးဖွယ် စိတ်ကူးယဉ်ဝတ္ထုများကို ယူ၍ ဖတ်ပေးမသော်လည်း လွမ်းကမကြိုက်၊ လွမ်းသည် သူ့နာမည်နှင့် လိုက်အောင် အလွမ်းဝတ္ထုများကိုသာ ကြိုက်သည်။

ဒေါက်တာက ဟဲယားထရီး 'ဆံပင်ရုက္ခ' ခေါ် ပုံပြင်ကို ဖတ်ပြသည်။ ငှက်ဆိုးမိစ္ဆာ ကျိန်စာမိသဖြင့် ဆံကေလုံး ဦးသျှောင် တက်ဘက်ခြေပြာင်ရှေသော မိဖုရားတစ်ပါး၏ ကမ္ဘာကျော် ဇာတ်သိမ်းဖြစ်သည်။ ရွက်ဝါတစ်ရွက်ကြွေလျှင် မိဖုရား၏ ရွှေရောင် ဆံတစ်ပင်သည် ကျွတ်ရ၏။ ပင်ယှဉ်ဝယ် ရွက်ကုန်လျှင် နန်းခွင်လုံး ထိပ်တင်၏ သိင်္ဂီကေမျှင်သည်း တစ်ပင်မျှ ကျန်လေတော့မည်မဟုတ်။

ကြေကွဲဖွယ် ဤဇာတ်လမ်းနှင့် မဆီမဆိုင်စွာ လွမ်းက ရယ်သည်။ ထို့နောက် မေးသည်။

'ဆရာ အပြင်က သစ်ပင်တွေမှာ ရွက်ဝါတွေ ကုန်လုပြီလား'

'ကုန်လုပြီ လွမ်းရယ်၊ ဘာပြုလို့လဲ'

'ရွက်ဝါကုန်ရင် လွမ်းမျက်လုံးပေါ်က ဆေးပတ်တီးတွေလဲ ကုန်တော့ လွမ်းမျက်လုံးပြန်မြင်ရတော့မှာ မဟုတ်လား'

လွမ်းက ဆက်၍ရယ်သည်။



မင်းလှရာဇကျော်ထင်၏ စန္ဒကိန္နရီပျို့ကို ဖတ်ပြလျှင်မူ လွမ်းသည် ငြိမ်ငြိမ်လေးနားထောင်နေတတ်သည်။

'မန္တာနုဒီ၊ စံရာမြို့ဟု၊ ရေသိတာကြည်၊ ပြာညိုခြည်ဖြင့်၊ ခိုရည်မခမ္မောင်၊ ဟိုသည့်ဘောင်မှ၊ အမြှောင်စီးသွယ်၊ မိုးခါးရွှယ်လျက်၊ မောင်မယ်နှမ သက်ခဲ့ကြ၍၊ မြူအရောင်လင်း၊ မြေသန့်ရှင်းဝယ် ပုံ့သင်းကြိုင်ပျံ၊ ဖူးခေါင်လှ၊ မြောင်ကကမ်းတုံ၊ မယ်လှမ်းတုံနှင့်၊ ပန်းပုံပန်းဝင်း၊ ပန်းဘမ္မာကို၊ နန်းလွှတ်စံ့ရွှေ၊ ယန္တ်သန့်ခြွေ၍'

ဤစာပန်းချီကို လွမ်းက အလွတ်ရနေသည်။

'ချစ်ရည်မပြယ်၊ ရွှေသည့်မယ်နှင့်၊ ကြည်မွှယ်မရဲ သည်ဝယ်ဆွဲ၍၊ မခွဲဘူးပါ၊ သည်တစ်ခါဝယ်၊ ယောင်သာစစ်၊ သဲလွလွဦး၊ ကွဲရတော့မည်'

ဤစာပိုဒ်ရောက်လျှင်မူ လွမ်းက သူ့ယက်ကိုလှုပ်၍ ရပ်နိုင်းတတ်သည်။ လွမ်းက အလွမ်းကြိုက်ပေမင့် ဤမျှအလွမ်းကိုမူ သည်းမခံနိုင်။

ဤသို့လျှင် ရက်တွေကုန်ခဲ့သည်။

အလွှာလွှာနှင့် လွမ်း၏မျက်လုံးထက်မှ ဆေးပတ်တီးများလည်း ကွာခဲ့၏။

နောက်ဆုံးလွှာကို ခွာရမည့်ရက် မတိုင်မီ တစ်ညွှ ဒေါက်တာသည် လွမ်းကို စောစောအိပ်နားစေသည်။ မိမိမှာမူ ခြံထဲဆင်း၍ ညကို မအိပ်ဘဲ ကုန်လွန်ပစ်ရသည်။

www.burmeseclassic.com



မှုန်ဝါးသော လရောင်၌ မြန်မာကုက္ကိုပင်ယံဝယ် ကြွေလုဆဲ နောက်ဆုံးကျန် ရွှေရွက်ဝါကိုမြင်ရ၏။

ပုံပြင်မှာသို့ နောက်ဆုံး ကြွေရွက်နှင့်အတူ မျက်ရည်ကျသက်ရသူမှာ မိမိသာလျှင်တကား။

✱

လှမ်း၏ ဆေးပတ်တီး နောက်ဆုံးလွှာကို နံနက်စောစောဦးကြိုတင်စီစဉ်ထားသည့်အတိုင်း ဆရာမလေးတစ်ဦးက လာခွာပေးသည်။

လူခြောက်ဦးရှိသော အခန်းမှာ အပ်ကျသံကြားလောက်အောင်ပင် ငြိမ်သက်နေ၏။

နေစိုးသည်လည်းကောင်း၊ လယ်လယ်သည်လည်းကောင်း၊ ဒေါ်ကြင်သည်လည်းကောင်းအသက်ကိုမရှူမိဘဲ ပတ်တီးကိုတဖြည်းဖြည်း ဖြေနေသည့် ဆရာမလေး၏ လက်များကိုသာငေးစိုက်ကြည့်နေကြသည်။

မိနစ်ပိုင်းမျှ အချိန်သည် အတိုင်းမသိ ရှည်လျားသည်ထင်နေကြရ၏။



မလှမ်းမကမ်းမှ ဒေါက်တာ မင်းညိုကကည်း မတုန်မလှုပ်ရပ်နေသည်။ လူမှာ မတုန်လှုပ်သော်လည်း သူ့ရင်၌မူ လှိုင်းဘောင်ဘင်ခတ်နေ၏။ ပတ်တီးဆုံးခါနီးမှ အသံကိုထိန်း၍သတိပေးရသည်၊

'လှမ်း မျက်လုံးကို ချက်ချင်းမဖွင့်နဲ့နော်၊ ပိတ်ထားဦး၊ ဆရာက ဖွင့်ဆိုမှဖွင့် ကြားလား'

'လှမ်း ကြားတယ်ဆရာ'

ပတ်တီး ဆုံးသွားသည်။ တုန်တုန်ယင်ယင်နှင့် လှမ်းသည်မျက်လုံးကိုပိတ်လျက် ရပ်နေ၏၊ ခဏတွင်မူ လှမ်းမှာ မိမိ၏ရင်နှလုံး အခုန်ရပ်သွားသည် ထင်မိ၏၊

ထာဝစဉ် မှောင်မည်းသော လှမ်းအာရုံ၌ မျက်ခွံကို ခွင်း၍ဝင်လာသော နီဝါဝါ ရောင်ခြည်များကို မြင်ရသည်။

'လှမ်း....မျက်လုံးဖွင့်တော့၊ ဖြည်းဖြည်းသေးဖွင့်၊ တအားမဖွင့်နဲ့ဦးနော်'

လှမ်းက မျက်လုံးကို ဖြည်းဖြည်းဖွင့်ကြည့်သည်။ စူးရှကျိန်းစပ်သော ဝေဒနာကိုခံစားရ၍ မျက်လုံးကို ပြန်ပိတ်မိ၏။ ဖြူနီစိမ်းဝါ ရောင်မျိုးအဖြာဖြာတို့သည် ကြယ်ရောင်လျှပ်ရောင်ပမာ လှမ်း၏ မျက်လုံးများတွင် ပေါ်ထင်လာ၏။ ခေါင်းမှာလည်း အနည်းငယ် မူးရီလာသည်။ သို့သော် ခဏတွင်ပင် အားလုံး ရှင်းလင်းသွားသည်။

လှမ်းက မျက်လုံးကို အသာပြန်ဖွင့်သည်။ ဤအကြိမ်မူဖွေးစင်ကြည်လင်သော လင်းရောင်ခြည်ကို မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



လွှမ်း၏ပါးစပ်ကလေးက ဟသွားသည်။ လက်ကလေးများကလည်း ရင်ဘတ်ပေါ် မှောက်သွားသည်။

အလင်းရောင်.... ညှိုးရှည်လျားသော ရက်များအတွင်း ကင်းခဲ့ရသည့် အလင်းရောင်၊ ညှိုးရှည်လျားသော ရက်များအတွင်း တမ်းတခဲ့ရသည့် အလင်းရောင်။

လွှမ်းသည် ကိုယ့်ကိုယ်ကို မယုံမိ။ ရှေ့နား အရိပ်ပမာ မှုန်ဝါးဝါး အရာများကိုသာ ကြောင်ကြောင် စိုက်ကြည့်နေမိသည်။

ခဏချင်းမှာပင် အတိုင်းမသိသော ဝမ်းမြောက်မှုပီတိက လွှမ်းတစ်ကိုယ်လုံးကို လွှမ်းခြုံလိုက်သည်။

လွှမ်းသည် ဝမ်းသာလွန်း၍ ပြုံးသည်။ သို့သော်.... လေမွန်းသူမှာ အသက်ရှုကျပ်၍ ပြုံးမရ။ နောက် တစ်ခဏအကြာ၌ ကျပ်တည်းမှုများ ပွင့်ထွက်သွားကာ ပေါက်ကွဲသည့်အလား လွှမ်းက ဝမ်းသာအားရ အော်သည်။

'လွှမ်း မြင်ပြီဆရာ၊ လွှမ်း မြင်ရပြီ၊ အို...လွှမ်း....လွှမ်း.... လွှမ်း မြင်ရပြီ'

ကျောက်ရုပ်လို ငြိမ်နေရာမှ လယ်လယ်က သူ့အစ်မထံ ပြေးဖက်မည်ပြုရာ သတိကောင်းသောခနစိုးက ဆွဲထားရသေးသည်။

'ဆရာ...ဆရာကောဟင်'

'ဆရာ ဒီမှာပါလွှမ်း၊ ရှေ့မတိုးနဲ့နော်၊ နေရာတွင်ရပ်နေ ကြစမ်းလား လွှမ်း'



ဒေါက်တာခင်ညိုမှာ လွှမ်းထံမှ ဆယ်ပေအကွာ၌ ရပ်နေ၏။ ပြင်းထန်သော စိတ်ထိခိုက်မှုကြောင့် ဒေါက်တာ၏ မျက်နှာမှာ အိုမင်းကျနေသည်။

လွှမ်းက ဒေါက်တာကို မသဲမကွဲမြင်ရသည်။ လွှမ်း၏ မျက်လုံးများမှာ အဝေးအနီးချိန်သားမကိုက်ရသေးသော ကင်မရာကဲ့သို့ ငါးပေကျော်မှ အရာဝတ္ထုများကို ပီပီသသ မမြင်နိုင်သေး။ ဤသည်ကို ဒေါက်တာသိသည်။ သိ၍ပင် လွှမ်းကို ရှေ့မတိုးစေလို၊ တိုး၍လည်း မဖြစ်။

'ဆရာ..., ဆရာ့ကို လွှမ်း ကောင်းကောင်း မမြင်ရဘူး၊ ဆရာ့ကို လွှမ်း မြင်ချင်တယ်'

လွှမ်းက ပြောပြောဆိုဆို ရှေ့တိုးသဖြင့် သူက ထိတ်လန့်တကြား တားမြစ်သည်။

'လွှမ်း ရှေ့မတိုးနဲ့လေ၊ ဆရာ့ကို မြင်ရမှာပေါ့၊ နောက်တော့ မြင်ရမှာပေါ့'

ဘေးမှ မြင်တွေ့ရသူများအဖို့မူ သူတို့နှစ်ဦး၏ အဖြစ်မှာ ရင်ကွဲဖွယ်ဖြစ်သည်။

တစ်ဦးက ရှေ့တိုးသည်၊ တစ်ဦးက နောက်ဆုတ်သည်။ နောက်ဆုတ်ရင်းလည်း နှုတ်မှ တားရသည်။

'လွှမ်း ရှေ့မတိုးနဲ့၊ လွှမ်းမျက်လုံးတွေ ပြန်ပျက်သွားလိမ့်မယ်'

လွှမ်းက မရပ်၊ သူ့အသံက ကရုဏာဒေါသ ရောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'လှမ်း၊ ဆရာ့စကား နားမထောင်တော့ဘူးလား၊ လှမ်း နေရာမှာ ရပ်နေစမ်းပါ'

ဤသို့ဆိုပြန်တော့ လှမ်းသည် ရပ်သွားသည်။ မျှော်လင့်ချက်နှင့် ဝင်းကြည်မနေသော မျက်နှာလေးမှာလည်း ချက်ချင်း ညှိုးကျသွား၏။

ဒေါက်တာ၏ နှဖူး၌လည်း ချွေးများစို့နေသည်။ ဖိုလှိုက်နေသောရင်ကြောင့် သူ့အတွက် စိတ်ကို မည်မျှချုပ်တီးထားရမှန်း သိသာနေ၏။ မျက်လုံးများမှ စီးကျနေသော မျက်ရည်များကိုမူ သူ့ဘာသာ သတိပြုမိဟန်မတူ။

'လှမ်း ဆရာပြောတာကို သေသေချာချာ နားထောင်စမ်း၊ အခု လှမ်းမျက်လုံးတွေဟာ ငါးပေထက်ကျော်ရင် ဘာကိုမှ သဲသဲကွဲကွဲ မမြင်နိုင်သေးဘူး၊ မြင်နိုင်တာတွေကိုလဲ ဘာကိုမှ စူးစူးစိုက်စိုက် မကြည့်ရသေးဘူး၊ ခွဲစိတ်ထားရတဲ့ လှမ်း မျက်လုံးတွေဟာ စူးစိုက်မှုဒဏ်ကို မခံနိုင်သေးဘူး၊ ဆရာ ပြောတာ နားလည်လား'

လှမ်းက တွေတွေလေး ငိုင်နေသည်။ ခဏကြာမှ လေးပင်စွာဖြေ၏။

'ဆရာပြောတာကို လှမ်း နားထောင်နေပါတယ်'

'ဆရာ လှမ်းအနားကပ်ရင် လှမ်း ဆရာ့စကား နားမထောင်တော့ဘဲ မျက်လုံးကိုအားပြုပြီး ပင်ပန်းအောင် အသုံးပြုလိမ့်မယ်၊ ဒါကို ဆရာ ခွင့်မပြုနိုင်ဘူး၊ ပြီးတော့ လှမ်း မျက်လုံးတွေဟာ အလင်းရောင်ကို ကြာကြာ ရင်ဆိုင်လို့ မဖြစ်သေးဘူး'



ဒေါက်တာသည် ဆရာမဘက် လှည့်လိုက်၏။

'ဆရာမ...အချိန်စေ့ပြီ၊ လှမ်းမျက်လုံးကို ပတ်တီးသစ် ပြန်စည်းပေးပါ'

ဆရာမလေးက ဒေါက်တာအား တစ်ချက်ပြန်ကြည့်သည်။ နောက် ဘာမျှ ပြန်မပြောတော့ဘဲ အမိန့်ကို နာခံသည်။

လှမ်း မျက်လုံးထက် ပတ်တီး ထပ်စည်းပြီးကာမှ သူက လှမ်းနားကပ်၍ ပခုံးလေးကို ယုယစွာကိုင်ကာ ချော့မော့သည်။

'ဘာပဲဖြစ်ဖြစ် လှမ်းမျက်လုံး ပြန်မြင်ရပါပြီကွယ်၊ ဒါပေမယ့် ဒီနေ့တော့ အနားယူစမ်းပါ၊ လှမ်းမျက်လုံးကိုလဲ အနားပေးပါ၊ လှမ်းစိတ်ကိုလဲ အနားပေးပါ၊ ကိုယ်ကိုလဲ အနားပေးပါ၊ လှမ်းဟာ ဒီထက် ကြာတဲ့ အချိန်တွေကိုတောင် သည်းညည်းခံ စောင့်စားနိုင်ခဲ့သေးတာ၊ အခု စောင့်ရမှာက ခဏလေးပါ၊ နက်ဖြန်ဆိုရင်လေ လှမ်း သဘောရှိ၊ ဆရာ အကုန်ခွင့်ပြုမယ်၊ ကဲ...ဆရာမ လှမ်း နားပါစေ၊ ဒေါ်ကြင်နဲ့ လယ်လယ်လဲ ဆရာမကို ကူကြပါ'

လှမ်းက ခေတ္တမျှ မကျေမနပ်ဟန်ပြသည်။ သို့ရာတွင် သူ့စကားများက ယုတ္တိရှိနေသဖြင့် ဘာမျှမပြောတော့။ ဆရာမ လယ်လယ်၊ ဒေါ်ကြင်နှင့်အတူ အပေါ်ထပ်သို့ တက်လိုက်ပါသွားသည်။

လှမ်းတို့ ပျောက်ကွယ်သွားလျှင် ဒေါက်တာသည် နေစိုးဘက်သို့ လှည့်လိုက်၍ 'ကဲ....ကိုနေစိုး၊ ကျွန်တော့် အခန်းထဲ

www.burmeseclassic.com



လို က်ခဲ့ပါ၊ အဲဒါရေးကြီးတာတွေ ပြောစရာရှိလို့’ဟု ခေါ်ရင်း ရှေ့ဆောင်ထွက်သွားသည်၊

အခန်းတွင်း ရောက်သောအခါ ဒေါက်တာသည် တင်းထားသမျှ လျှော့ပစ်လိုက်ကာ ခုတင်ပေါ်၌ အရုပ်ကြိုးပြတ် ထိုင်ချသည်။

ကုလားထိုင် တစ်လုံးတွင် အသာဝင်ထိုင်ရင်း နေစိုးက အခန်းကို အကဲခတ်ကြည့်မိ၏။

အခန်းတွင်း၌ ပစ္စည်းအချို့မှာ ခရီးထွက်ဖော့ ပြည့်မှန် ထုပ်ပိုး ပြင်ဆင်ပြီးလျက် ရှိနေသည်၊

‘ဆရာ ဘယ်သွားမလို့လဲ’

သူက လက်ဝါးပြင်ထက် မျက်နှာ အပ်ကာ ခေါင်းငုံ့ထားရာမှ နေစိုးကို မော့ကြည့်သည်၊

သူ့ အသွင်က သိသိသာသာ ပင်ပန်း နွမ်းနယ်နေသည်၊

‘တစ်နေရာကိုပေါ့ဗျာ၊ ဘယ်ကို ဆိုတာတော့ ကျွန်တော် မဆုံးဖြတ်ရသေးဘူး၊ ဒီမှာ ကျွန်တော် ဆက်နေလို့ မဖြစ်တော့ဘူး’

‘အို…ဘယ်ဟုတ်မလဲ ဆရာ၊ သွားချင်သွားရင် ကျွန်တော်တို့သာ သွားရမှာပေါ့’

သူက ခေါင်းခါသည်။

‘ကျွန်တော့်ကို ဒီအိမ်ရှင် ဆိုတာနဲ့ ခင်ဗျားတို့ပေါ် ကျေးဇူးရှိတဲ့လူ ဆိုတာ မေ့ပစ်လိုက်စမ်းပါ၊ ကျွန်တော်ဟာ လူနာတစ်ဦးကို ကုသနေဆဲ ဆရာဝန်တစ်ဦးသာ ဖြစ်တယ်’

‘ဒါပေမယ့် ဆရာ…’



‘ကိုနေစိုး ဘာပြောမယ် ဆိုတာ ကျွန်တော် သိတယ်၊ တာဝန်သိတတ်တဲ့ ယောကျ်ားတစ်ဦးအနေနဲ့ ခင်ဗျားရင်ထဲ ဘယ်လိုဖြစ်နေမယ်ဆိုတာလဲ ကျွန်တော် နားလည်တယ်၊ ဒါပေမယ့် အစကနဦးက ခင်ဗျားနဲ့ ကျွန်တော် ဆွေးနွေးသဘောတူခဲ့တာတွေလဲ သတိရပါဦး’

နေစိုးမှာလည်း ငိုင်သွားရသည်။

‘စင်စစ်တော့ ကျွန်တော်ဟာ ဒီဇာတ် တစ်ခုလုံးကို စခဲ့တဲ့ ဇာတ်ဆရာပဲ၊ ဒီတော့ ကျွန်တော့် ဇာတ်ကို ကျွန်တော် ဆုံးအောင် ခင်းပါရစေ’

‘မှန်ပါတယ် ဆရာ၊ ဒါပေမယ့် ဆရာဟာ တာဝန်ရှိတာ ထက် ပိုပြီး အနစ်နာခံနေရတယ်၊ ဒါဟာ ကျွန်တော်တို့ဘက် က မတရား အခွင့်အရေး ယူလွန်းရာ ကျနေတယ်’

‘ဒီလို မဟုတ်ပါဘူး ကိုနေစိုး၊ ခင်ဗျားတို့ ကျွန်တော်တို့ အားလုံးဟာ လွမ်းရဲ့ ကောင်းကျိုးအတွက် တာဝန်ယူနေကြ တာပဲ မဟုတ်လား’

‘မှန်တယ်၊ လွမ်းရဲ့ ကောင်းကျိုးအတွက် ကျွန်တော်တို့ တာဝန်ယူနေကြတယ်၊ အဲဒီ တာဝန်ယူမှုဟာ ဆရာ့အတွက် ဆိုးကျိုး သက်ရောက်လာရတာတော့ ကျွန်တော် လက်မခံနိုင်ဘူး’

‘ကျွန်တော့်အတွက် ဆိုးကျိုးတွေ မရောက်လာသေးပါဘူး ကိုနေစိုးရယ်၊ မရောက်လာပါစေနဲ့လို့လဲ ကျွန်တော် ဆုတောင်း တယ်’

www.burmeseclassic.com



သူက နေရာမှထ၍ ပြတင်းဝသို့ ရပ်သည်။ မှန်ပါ၏၊ ဆိုးကျိုးတို့ မရောက်လာပါစေနှင့်။

နေစိုးက သူ့နားထသွား၍ 'ဆရာ' ဟု ခေါ်သည်။ သူက လှည့်ကြည့်၏။

'လွှမ်းလဲ မျက်လုံးမြင်ပါပြီ ဆရာ၊ ဆရာ့တာဝန်လဲ ကျေပါပြီ၊ လွှမ်းအနေနဲ့ ခွင့်လဲ လွှတ်နိုင်ကောင်းပါပြီ၊ကျွန်တော်တို့ အမှန်ကို ဖွင့်ပြောလိုက်ကြပါစို့'

သူက ခေါင်းကို လေးပင်စွာခါ၏၊ဆရာဝန်နှင့် စိတ်ပညာရှင်တို့သာ နားလည်သော ပြဿနာ တစ်ရပ်ကို နေစိုးအား မည်သို့ နားလည်အောင် ရှင်းပြရပါမည်နည်း။

'မဖြစ်ပါဘူး ကိုနေစိုး၊ မဖြစ်ပါဘူး၊ ဖြစ်နိုင်ရင် ဒီထိအောင် အချိန်တွေ ကျွန်တော် မစောင့်ခဲ့ပါဘူး'

'ဘာလို့ မဖြစ်နိုင်ရမှာလဲ ဆရာ'

သူက သက်ပြင်းရှိုက်သည်။

'ဒါကိုပဲ ဒီနေ့ ခင်ဗျားကို ရှင်းပြမလို့၊ လွှမ်း ခံစားနေရတဲ့ စိတ္တဇနဲ့ယှဉ်တဲ့အမုန်းကို ကျွန်တော် အကြမ်းဖျင်း ပြောခဲ့ပြီးပြီ၊ အသေးစိတ် အခု ကျွန်တော် ပြောပြမယ်'

သူက ခေတ္တ စဉ်းစားသည်။ ကိုယ်တိုင်မှာ စိတ်ပညာပါမောက္ခ မဟုတ်၍ ရှင်းရမည်မှာ မလွယ်လှ။

'စိတ္တဇနဲ့ယှဉ်တဲ့အမုန်းလို့ ခေါ်ရပေမယ့် ဒီအမုန်းမှာ စိုးရိမ်မှု၊ ကြောက်လန့်မှုတွေလဲ ရောယှက် ဖုံးလွှမ်းနေတယ်၊ လူမှန်ရင်တော့ သာမန်အမုန်းတွေ၊ စိုးရိမ်မှုတွေ၊ ကြောက်လန့်မှုတွေဟာ ရှိတာပေါ့၊ ဒါပေမယ့် အဲဒီ သာမန်စိတ်စေတသိက်သဘောတွေနဲ့ အခု ကျွန်တော် ပြောနေတာနဲ့က မတူဘူး'

'ဘယ်လို မတူတာလဲ ဆရာ'

'မတူတာတွေကို သရုပ်ခွဲပြရရင် ကျမ်းတစ်စောင်ဖွဲ့ရသလို ဖြစ်နေမယ်၊ အတိုချုပ်ကတော့ သာမန် ချစ်ခြင်း မုန်းခြင်း၊ စိုးရိမ်ခြင်း၊ ကြောက်လန့်ခြင်းတွေဟာ ယေဘုယျအားဖြင့် အသိဉာဏ်ပညာ၊ ကြောင်းကျိုးဆက်သွယ် တွေးခေါ်မှုတွေနဲ့ ပြောင်းလဲပြုပြင်ပစ်လို့ ရတယ်၊ စိတ္တဇရောဂါယှဉ်တဲ့ အမုန်းတွေ၊ စိုးရိမ်မှုတွေ၊ ကြောက်လန့်မှုတွေကျတော့ ဒီလိုပြောင်းလဲပြုပြင်ပစ်လို့မရဘူး၊ ဆိုလိုတာက လွှမ်းကို သာမန် ပြဿနာရှင်းသလို ရှင်းပြနေရုံနဲ့ ဖြစ်ချင်တာတွေဟာ ဖြစ်မလာနိုင်ဘူး၊ အသီးတစ်ရာ အညှာတစ်ခု ဆိုတာလို သူ့နည်းနဲ့သူ ရှိတယ်၊ ဒါကြောင့်လဲ ဆိုင်ကိုအနားလစ်ဆစ် ခေါ်တဲ့ ခွဲခြမ်းစိတ်ဖြာကုသရေးစိတ်ပညာတို့၊ဆိုင်ခယားထရီ ခေါ်တဲ့ စိတ်ပိုင်းဆိုင်ရာဆေးပညာတို့ဟာ ဒီကမ္ဘာမှာ ရှိနေရတာပဲ'

'ကျွန်တော်လဲ ဒီအကြောင်းတွေကို စာအုပ်ထဲမှာ ဖတ်ဖူးပါတယ်၊ ဒါပေမယ့် မမလွှမ်းရဲ့ စိတ်ဝေဒနာဟာ ဒီလောက်ပဲ ပြင်းထန်သလား'

'ဒီလောက်ပဲ ပြင်းထန်ပါတယ်၊ သူ ခံစားကြုံတွေ့ခဲ့ရတဲ့ ဒဏ်ကိုလဲ ကြည့်ဦးလေ၊ ပြီးတော့ တစ်နေ့က ကျွန်တော် စမ်းသပ်ကြည့်ပြီးပြီ၊ ကျွန်တော်ဟာ မောင်မောင်လွင်ပဲဆိုတာ အရိပ်အမြွက်ပြောရုံရှိသေးတယ်၊ လွှမ်းဟာ သတိလက်လွှတ်ပြီး ကယောင်ချောက်ချားဖြစ်သွားလို့ ကျွန်တော် ကျိုးစားတာပါ

www.burmeseclassic.com



ဆို ပြန်လှည့်စားခဲ့ရတယ်၊ ဒါတောင်ပြောသေးတယ်၊ ကျွန်တော်ဟာ မောင်မောင်လွင်ဆိုရင် ပြန်မြင်လာတဲ့ သူ့ မျက်လုံးတွေကို ဖောက်ပစ်လိုက်မယ်တဲ့'

နေစိုးက အကြံရကျပ်ဟန် ခေါင်းခါ၍ 'ဒါဖြင့် ကျွန်တော်တို့ အခု ဘာလုပ်ကြမလဲ' ဟု မေးသည်။

'လောလောဆယ်တော့ လွှမ်းဟာ ကျွန်တော့်ကို တွေ့လို့မဖြစ်ဘူး၊ မျက်လုံးပြန်မြင်စ ဝမ်းသာနေတဲ့ လွှမ်းဟာ မျက်လုံးဒဏ်ရာနဲ့ ထိတ်လန့်ကြေကွဲနေတဲ့ လွှမ်းနဲ့ စိတ်တုန်လှုပ်မငြိမ်မသက် ဖြစ်နေရာမှာတော့ အတူတူပဲ၊ ဒီအခြေအနေမှာ စိတ်ထိခိုက်စရာထပ်ကြုံရင် ဖြစ်ချင်တာဖြစ်သွားနိုင်တယ်၊ ဒီတော့ ကျွန်တော် ရှောင်နေရမယ်၊ ရှောင်နေတယ်ဆိုပေမယ့် မောင်မောင်လွင်အဖြစ်နဲ့တော့ လာတွေ့ပါဦးမယ်လေ၊ လွှမ်းဟာ မျက်လုံးမြင်ပေမယ့် ဆက်လက်ကုသပြုစုစရာ ရှိသေးတာမို့ ဆရာမကို ထားခဲ့မယ်၊ ဒီအိမ်မှာပဲ ဆက်နေပါဦး'

'ဆရာ ဘယ်သွားသလဲလို့ လွှမ်းမေးရင်တော့ ကျွန်တော်ဘယ်လို ဖြေရမလဲ'

'ပထမတော့ အရေးကြီးတဲ့ တာဝန်နဲ့ တစ်ရပ်ကြောင့် မန္တလေးဆေးရုံကြီးကို ခဏသွားတယ် ပြောပါ၊ လွှမ်းသက်သာလာတဲ့အခါမှာတော့ ဟောဒီစာကိုပေးပါ၊ ခင်ဗျားလဲ ဖတ်ကြည့်နိုင်ပါတယ်၊ ကျွန်တော့်မှာ မပြတ်စဲသေးတဲ့ ကွဲကွာနေသူ သားကြီးမယားကြီးရှိတယ်လို့ ရေးထားတယ်'

သူက စားပွဲပေါ်မှ စာတစ်အိတ်ကိုယူ၍ နေစိုး လက်သို့ အပ်၏။ စာအိတ်နှင့်အတူ ခါတော်ပုံကြီးတစ်ပုံကိုလည်းပေးသည်။



'လွှမ်း မျက်လုံးမြင်လို့ ကျွန်တော့်ခါတော်ပုံတောင် မတွေ့ဘူးဆိုရင် ယုတ္တိမရှိဘူး၊ ဒါဟာ နိုင်ငံခြားမှာ မပြန်ဘဲ နေကျန်ရစ်တဲ့ ကျွန်တော့်မိတ်ဆွေရဲ့ပုံပဲ၊ သူ့ဆီကို လွှမ်းခွင့်တောင်းပြီးပြီ၊ ဒါကို ကျွန်တော့်ပုံလို့ ပြောပါ'

'လွှမ်းက အသေးရှုကြီးသွားပြီး စံစမ်းတော့ကော ဆရာ'

'ကျွန်တော် ခွင့်ရက်ရှည်ယူထားပါတယ်၊ သက်ဆိုင်ရာတွေကိုလဲ လွှမ်း ဘယ်လိုမှ စုံစမ်းလို့ မရအောင် ကျွန်တော် စီစဉ်ထားခဲ့ပါတယ်'

နေစိုးက သက်ပြင်းချိုက်သည်။

'ဆရာ ကောင်းမယ်ထင်လို့ စီစဉ်တာကို ကျွန်တော်မငြင်းသာပါဘူး၊ ဒါပေမယ့် ကျွန်တော် စိတ်မချမ်းသာနိုင်တော့ဘူး ဆရာ'

'စိတ်မချမ်းမသာ မဖြစ်ပါနဲ့ဗျာ၊ စေတနာသာလျှင် ကံဆိုတဲ့စကားကို ကျွန်တော် ယုံတယ်၊ ကောင်းသောစေတနာ ပေါ်မူတည်တဲ့ ကောင်းသော ကံအလျောက် တစ်နေ့မှာတော့ ကောင်းကျိုးတွေဟာ ရောက်လာမှာပါ၊ အဲဒီနေ့ မတိုင်ခင်မှာတော့ လွှမ်းရော ကျွန်တော်ရော ထိုက်သင့်သမျှတော့ စိတ်ဆင်းရဲကြရဦးမယ်'

သူက ညှိုးမှိုင်းသည့်အပြုံးကို ပြုံးရင်း ဆိုသည်။

နေစိုးက သူ့အား စေ့စေ့ကြည့်သည်၊ ယောကျ်ားမို့ ဟန်ဆောင်ထားသော်လည်း ဒေါက်တာ့ရင်၌ မည်မျှ ခံစားနေရခြင်းကို နေစိုး ရိပ်မိ၏။

သူကသာ အေးချမ်းစွာ ဆက်မှာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအသေသအတွင်းမှာ ကျွန်တော့်ခွင့်ပြုချက်မရဘဲ လွမ်းထို ဘာမှ အမှန်တွေမသိပါစေနဲ့၊ အချိန်တန်တော့ ကျွန်တော် ကြည့်ဆုံးဖြတ်ပေးပါမယ်၊ ဟုတ်ပလား"

နေစိုးက နှုတ်နှင့်မဖြေနိုင်။ ရင်မှာ ဆို့နေသဖြင့် ခေါင်းသာ ညိတ်ပြရ၏။

သူက နေစိုး၏လက်ကို ဆုပ်ကိုင် လှုပ်ယမ်း၍ နှုတ်ဆက်သည်။ ထိုစဉ် ဒေါက်တာ၏မျက်လုံးများ၌ လျှံနေသော မျက်ရည်များကို နေစိုး တွေ့ရလေသည်တကား။

ထိုနေ့ နေ့လယ်၌ ဒေါက်တာက အိမ်မှ ခွာသည်။

လက်ပြနှုတ်ဆက်သော ဒေါက်တာအား မတုံ့ပြန်နိုင်ဘဲ လယ်လယ်က နေစိုး၏ ရင်ခွင်တွင် မျက်နှာအပ်၍ ငိုသည်။

အပေါ်ထပ် စက်ခန်းဆောင်တွင် ဘာကိုမျှမသိသူ လွမ်းတစ်ယောက်မှု စိတ်အေးချမ်းသာ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေရှာ၏။

(၂)

ပေါင်းဆုံသော် ရယ်ရ၍ ကွဲကွာသော် ငိုရ၏။ ဤသည်မှာ ကပ်ကိုမ္ဘာ၏အစမှ ကပ်ကမ္ဘာ၏ အဆုံးတိုင် ခိုင်မြဲလေသော လူသားတို့အတွက် မရှိုးနိုင်သော သစ္စာတည်း။

ငိုခြင်းရယ်ခြင်းနှင့် ပေါင်းဆုံကွဲကွာခြင်းတို့ကို အသိအမှတ်မပြုလေသော အချိန်သည်သာ မတုန်မလှုပ် မှန်ကန် မြဲမြံစွာ ရွေ့လျား ပြောင်းလဲခဲ့သည်။

လွမ်းထံမှ စွန့်ခွာပြေးလာစဉ်မှာ ညှိုရှက်ဝံ့ မစင်သေးသည့် တန်ခူးကြေမူး ကဆုန်ဦး။ ယခုမူ မုတ်သုန်မောင် ခစီးကျူး၏ သမယမို တိမ်ရိုင်းတို့ကလည်း မှုန်လှသည်၊ လောကသည်လည်း မှိုင်းလှလေသည်တကား။

www.burmeseclassic.com



ဒေါက်တာမင်းညိုက မိမိရှေ့ရှိ စားပွဲထက်မှ အရက် ဖန်ခွက်ကို မှုန်းတီးရွှံရှာစွာ ကြည့်နေသည်။ အရက်ကို မုန်းသည်၊ အရက်နှင့် လောကမှ ရှောင်ပုန်းရသည်ကိုလည်း ရှက်သည်၊ သို့သော် ယခုမူ သိလျက်နှင့် ဝိပါက်ကြမ္မာ ငင်ပြီတည်း၊

လူပြတ်သော ရှစ်မိုင်မှ ဤဟိုတယ်မျိုးကို ဝင်ရန်မှာ ဟိုရှေးအခါက စိတ်ကူးမျှ မထည့်ဖူး။ ယခုမူ ပုထုဇဉ်နောမို့ ဥမ္မာတကောာ ရပြီ။

လွမ်းကို ရှောင်ခွာထွက်လာစဉ်က မိမိ၏ သံယောဇဉ်ကို မိမိ ဤမျှ အလေးအနက် မတွက်မိ။ ချစ်ခြင်းဆိုသည်မှာလည်း ကွဲကွာခြင်းနှင့်ဆုံမှ သရုပ်သကန် အကုန်ကို အဟုန်ပြည့်နှင့် ဖော်လေ့ရှိသည်လား မပြောတတ်။

လွမ်းနှင့် ကွာဝေးခဲ့ခြင်းနှင့် မြေဝယ် ဆေးပြီ ဖြစ်သော မိခင်နှင့် ကွေကွင်းရခြင်းတို့မှာ ရင်တွင်း၌ ပူဆာလောင်ကျွမ်းရာ၌ တူမျှသည်ကိုမူ ဒေါက်တာသည် အသိအမှတ် ပြုမိသည်။

အဆုံးတော့ မုန်းသောအရက်နှင့် ရက်စွာပင် လောကမှ ရှောင်ပုန်းရသည်။

ကာမကိလေ ရောဂါတွေသော သမုဒယလောကီ ဤမြေမဟီဗွေဝယ် ဝေဒနာရှင် လူသားဆရာဝန်အား အဘယ်သမားလျှင် လမ်းညွှန်ပြုသ ကုစွမ်း ကယ်မနိုင်မည်နည်း။

ညဉ့်အတော်နက်မှ ဒေါက်တာသည် အရက်ခွက်ကို ပြောင်အောင် မော့ကာ ဟိုတယ်မှ ပြန်ခဲ့သည်။



သူက ယခု အင်းစိန်ရွာမရှိ ဦးလေးအိမ်၌ လာနေသည်။ ဦးလေးမှာ တက္ကသိုလ်မှ ပင်စင်စား ယထာဘူတ ကထိက တစ်ဦး ဖြစ်၏၊ ကမ္မဋ္ဌာန်းဝိပဿနာ အဘိဓမ္မာတို့နှင့် ဆိတ်ငြိမ်သော ခြံတွင်း၌ အေးအေးဆေးစွာ နေသူ ဖြစ်သည်။

တစ်ဦးတည်းသော တူကို ဦးလေးက ချစ်သမျှ ယုံကြည်သည်။ ဘွဲ့ကြီးဂုဏ်ကြီး ရာထူးကြီးနှင့်ဖြစ်၍လည်း အစစ စိတ်ချထားသည်။ တစ်နိုင်ငံသမျှ လောကလူမှုရေးရာများမှ အဆက်ဖြတ်ရန် ကြိုးစားသူ ဖြစ်သောကြောင့်လည်း မိမိတူ ဘာဖြစ်လာသည်ကို မမေး။

ယနေ့ည ဒေါက်တာ ပြန်ရောက်ချိန်၌ ဦးလေး၏ အခန်းမှာ မီးရောင် ရှိသေးသည်။

ဒေါက်တာမင်းညို အိပ်ရာထက် လှဲမိချိန်၌ ဦးလေး၏ တည်ငြိမ်သော မေတ္တာသုတ် ရွတ်သံကို ကြားရသည်။

ယစ်ရှေရည် ခေါင်း၌ ဝေ့လျက်က ဒေါက်တာသည် အေးမြသော မေတ္တာသန္တစင်နှင့် ပူလောင်သော သမုဒယ သံယောဇဉ် သဘောကို နှိုင်းချိန် သုံးသပ်မိသည်။

ခေါင်းအုံးနှင့် မျက်နှာအပ်၍ ကလေးပမာ ကျိတ်မျက်ရည်ကျမိစဉ် ကျက်မှတ်ခဲ့ဖူးသော ဦးပုံးချို၏ စာကိုလည်း အေးဆေးမြည့်မြည့် သတိရမိသည်။

'ဘဝါဘဝေ အဆက်ဆက်က၊
နှစ်ဖြာရေစက် ပြုသမျှမကွာ၊

www.burmeseclassic.com



အာဝါသဝေ မပျက်သမျှ....၊
ပါလေချက် သမုဒယတဏှာ၊
ယခုဘဝမှာ မနီးရင်လေး၊
ကြီးမောင့် ဒုက္ခာ၊

✱

'ဆရာ့အသက်ကို ပုံလို့ ကုန်ကုန် ချစ်ရတဲ့ လွမ်း၊ ကျွန်မှစ်ကျင်း အလင်းမရစဉ်က တစ်လောကလုံးဟာ ပဟေဠိ ဖြစ်နေရပါတယ် ဆိုတဲ့ လွမ်းဟာ မြင်နိုင်စွမ်းတဲ့ အခါကျမှ ပုဏ္ဏသစ်ကို ရင်ဆိုင်ရရင် ဆရာ့အပေါ် ခွင့်လွှတ်နိုင်ပါစေလို့ ကြိုတင် တောင်းပန်ချင်တယ် လွမ်းရယ်....။

ဘုံမာယာဇာချဲ့ ကြမ္မာညှို့သည် ယာယီ ထွင်လေရက်တယ်လို့ပဲ လွမ်းနဲ့ဆရာ ကြုံခဲ့ရသမျှအတွက် ကံကိုသာ ပုံလို့ အပြစ်တင်ချင်တယ်။

ယောကျ်ားမို့ မာယာများပြီး လှည့်စားလိုအားရမှု လွမ်းကိုထားရစ်တာတော့ မဟုတ်ပါဘူးကွယ် ဒါကိုတော့ ယုံစေလိုတယ်။



စင်စစ်တော့ ဆရာ့ ဘဝဟာ မလွတ်လှပ်ဘူး၊ အဆင်မပြေတဲ့ အိမ်ထောင်ရှင်တစ်ဦးသာ ဖြစ်တယ်။ ဒီလောက်ဆို လွမ်း နားလည်လိမ့်မယ် ထင်တယ်။

မေတ္တာမိုးခန်းတဲ့ ဘဝမှာ လွမ်းကို တွေ့ရတာမို့ ဆရာ့ သဒ္ဓါနယ် ကျုံ့ရတဲ့ အတွက်တော့ ဒီတစ်သက် နောင်တရလို့ ဆုံးမှာမဟုတ်ဘူး၊ ဒါပေမယ့် လွမ်းရဲ့ သန့်စင်သော ဘဝပန်းကို တာဝစဉ် မညှိုးနွမ်းစေလိုတဲ့ စေတနာတော့ ဆရာ့မှာ ရှိတယ်၊ ဒီစေတနာကို တန်ဖိုးထားလို့ ခွင့်လွှတ်သော ချစ်ခြင်းကို လွမ်း ယုံရင် ကြုံရာဘဝမှာ လွမ်းတစ်ယောက် ပျော်ရွှင်နိုင်ပါစေလို့ ဆရာ ဆုတောင်းခဲ့တယ်။

လွမ်းရဲ့...မင်းညို'

လွမ်းသည် ဒေါက်တာမင်းညို၏ စာကို ဖတ်ရင်း မျက်ရည် ပေါက်ပေါက် ကျမိသည်

ဤရက်များအတွင်း မယုံတစ်ဝက် ယုံတစ်ဝက် နှင့် မန္တလေးသို့ သွားသည် ဆိုသော ဒေါက်တာမင်းညိုကို လွမ်းမှာ မျှော်လင့် စောင့်စားနေခဲ့ရသည်၊

မျှော်လင့်နေသော လွမ်းအတွက် အဖြေမှာ ခနစိုးထံမှသော ဤစာပင် ဖြစ်သည်၊

လွမ်းက ရွှေ့ဦး ကျောက်ရုပ်သို့ ငြိမ်နေသော ခနစိုးအား တည့်တည့်ကြည့်ရင်း မချိတင်ကဲ မေးသည်၊

www.burmeseclassic.com

www.burmeseclassic.com



'အစက ဆရာ့မှာ ဒီလို သားကြီး မယားကြီးရှိမှန်း မင်း မသိဘူးလား ဟင်'

နေစိုးက ထိတ်လန့်တကြား မေးကြည့်သည်။

'ကျွန်တော် ဘယ်လိုလုပ်သိမလဲ မမလွှမ်း၊ သူနဲ့ ကျွန်တော် ကွဲသွားကြတာကလဲ ကြာပြီမဟုတ်လား၊ သူမိန်းမရပြီး မိန်းမနဲ့ ကွဲနေတယ်ဆိုတာလဲ ဟိုနေ့က သူ ထွက်သွားခါနီး ပြောပြမှ ကျွန်တော် သိတာ'

လွှမ်းသည် ဘာမှ မပြောတော့။ အံကိုကြိတ်ကာ နေရာမှ ထ၍ ပြတင်းဝ၌ သွားရပ်သည်။

အပြင်ဘက်၌ မိုးတို့သည် ပြိုလို မည်းနေ၏။ လွှမ်း၏ ရင်ထဲ၌လည်း ဝသန်မိုးသို့ ပြည့်ဖြိုးနေသည်။

နေစိုးက လွှမ်းအနီးသို့ ကပ်ကာ မရဲတရဲနှင့် ဖျောင်းဖျ ဆိုသည်။

'ဖြစ်ပျက်ခဲ့သမျှကို မေ့လိုက်ပါ မမလွှမ်းရယ်၊ ဖြစ်သမျှ အကြောင်း အကောင်းဆိုတာလို မမလွှမ်းမျက်လုံး ပြန်မြင်ရ တာကိုပဲ ကျွန်တော်တို့ ဝမ်းသာကြရမယ်၊ ဒီတော့ ကျွန်တော် တို့ စစ်ကိုင်းကိုပဲ ပြန်ကြရအောင်'

လွှမ်းက ချာခနဲ လှည့်ကြည့်သည်။ လွှမ်း၏ပါးပြင်၌ မျက် ရည်များ စီးကျနေ၏။ သို့ရာတွင် လွှမ်း၏မျက်နှာလေးက ခန့် ညားတည်ငြိမ်နေသည်။

'မမလွှမ်း စစ်ကိုင်းကို မပြန်ဘူး၊ ဒီကပဲ စောင့်မယ်၊ ဆရာ့ ကို စောင့်နေမယ်'

'ခင်ဗျာ'



'မင်း မမလွှမ်းကို နားမလည်ဘူး။ ဆရာ့ကို မမလွှမ်း ချစ် တယ်၊ မမလွှမ်းကိုလဲ ဆရာ ချစ်တယ်၊ ဒါကို မမလွှမ်း သိ တယ်'

လွှမ်း၏ အသံလေးများက တုန်ယင်လာသည်။

'သားကြီးမယားကြီးရှိလို့ အငယ်အနှောင်း အဖြစ်နဲ့ ချစ် ရလဲ မမလွှမ်း ဂရုမစိုက်ဘူး၊ ကုန်ကုန်ပြောမယ်၊ ဆရာနဲ့ အတူ နေရရင် အစေခံအဖြစ်နဲ့ပဲဖြစ်ဖြစ် ဒီအိမ်မှာ တစ်သက်လုံး နေမယ်'

နေစိုးမှာ ပါးစပ်အဟောင်းသားနှင့် လွှမ်းကို ကြည့်နေမိ သည်။ သူ့မရီးသည် ရူးသွပ်သွားခဲ့လေပြီလော။

'ဒီတော့ စစ်ကိုင်းကို မမလွှမ်း မပြန်ဘူး၊ ဆရာပြန်လာလို့ ဆရာ့မျက်နှာကို မမလွှမ်း မြင်ရရင် ကျေနပ်ပြီ'

ထိုအချိန်တွင် လွှမ်းမြင်ချင်လှသော ဒေါက်တာမင်းညိုက အိမ်ရှေ့ရောက်နေသည်။ သူက သူ့ထံ ချဉ်းကပ်လာသော တပည့်ကျော် ဦးဘိုးထူးအား လက်ညှိုးပြ၍ သတိပေးသည်။ ဤအခါကျမှ သတိရဟန်နှင့် ဦးဘိုးထူးသည် ခေါင်းတခါခါ နှင့် နောက်ဖေးဘက်သို့ ထွက်သွားသည်။

နေစိုးက ငိုင်နေသော်လည်း လွှမ်းက ခြေသံကိုကြားသည်။ မျှော်လင့်ချက်တကြီးနှင့် လွှမ်းသည် အိမ်ရှေ့သို့ ပြေးထွက် လာသည်။ အိမ်ဝ၌ရပ်နေသူကို မြင်ရသည်နှင့်တစ်ပြိုင်နက် လွှမ်းမှာ တစ္ဆေသရဲကို တွေ့လိုက်ရသကဲ့သို့ ထိတ်လန့်ချောက် ချား ရပ်မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ကျောက်ရုပ်ပမာ ငိုင်ကြည့်နေမိသည်။ အမျိုးအမည် မခွဲခြားနိုင်သော အပြုံးကို ပြုံးမိစဉ် မျက်ရည်များကလည်း ဝဲလာသည်။

သူက လွှမ်းကို ပြေးဖက်လိုက်ချင်သည်။ ပါးချင်းအပ်၍ တတ်နိုင်လျှင် ငိုလိုက်ချင်သည်။ သို့ရာတွင် သွေးဆုတ်ဖြူရော်သော လွှမ်း၏အသွင်က ဒေါက်တာအား သတိဝင်စေသည်။

သူက မောင်မောင်လွှတ်အသံနှင့် စတောင်စကားဆိုသည်။

'လွှမ်း မျက်လုံး ပြန်မြင်ရပြီနော်၊ ကျွန်တော် ဝမ်းသာလိုက်တာခင်ဗျာ'

ဤတွင် လွှမ်းမှာ လှုပ်ရှားလာသည်။ ဖြူရော်သောမျက်နှာ၌ သွေးရောင်လျှမ်းလာကာ မျက်လုံးများ၌လည်း ဒေါသနှင့်အမုန်းရောင်တို့ တစ်မုဟုတ်ချင်း လွှမ်းလာသည်။

'ရှင်....ရှင်....ဘာလာလုပ်တာလဲ'

သူက နှိမ့်ချစွာ ပြုံးသည်။

'လွှမ်း မျက်လုံးပြန်မြင်ပြီလို့ စုံစမ်းသိရလို့ ကျွန်တော်လာတွေ့တာပါ'

'ရှင် ကျွန်မကို ဘာမှလာတွေ့စရာ မလိုဘူး'

'လွှမ်းဘက် ပြောမယ်ဆိုရင် ပြောနိုင်ပါတယ်၊ ဒါပေမယ့် လွှမ်းရယ် ကျွန်တော် လွှမ်းကို နှောင့်ယှက်နေတာ မဟုတ်ပါဘူး၊ လွှမ်းဆီက ခွင့်လွှတ်မှုကို ရယူဖို့ တောင်းပန်ဖို့ လာရသူပါ'

'ရှင် ကျွန်မကို တောင်းပန်ဖို့လာတယ်ဆိုရင် ပြန်ပေတော့၊ ရှင့်ကို ကျွန်မတစ်သက် ခွင့်မလွှတ်ဘူး'



သူက ခေါင်းကိုငုံ့ကျသွားသည်။ သို့ရာတွင် ခေါင်းကို ပြန်မော့ကာ ကြိုးစားပြုံး၍ အေးချမ်းစွာ ဆက်ပြောသည်။

'လွှမ်း ဘာကြောင့် ကျွန်တော့်ကို ဒီလောက်မုန်းရတာလဲ၊ လွှမ်းကို ကျွန်တော် အပြစ်တင်နေတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ပြောပါရစေ၊ လွှမ်းအကျိုး နစ်နာပါစေလို့ ဘယ်တုန်းကမှ ကျွန်တော်စေတနာမရှိခဲ့ပါဘူး'

'ရှင့်မှာ စေတနာရှိတာမရှိတာ ကျွန်မနားမလည်ဘူး၊ ကျွန်မနားလည်တာက ရှင့်မျက်နှာကို မကြည့်ချင်ဘူး'

သူက စိတ်ထိခိုက်ခြင်းကြီးစွာနှင့် လွှမ်းကို တွေကြည့်နေသည်။ ဘာဆက်ပြောရမည်ကို စကားရှာမရ။ သူ မျှော်မှန်းချက်တစ်ရပ် ဆိုးရွားခဲ့ပြီကိုသာ သိနားလည်နေသည်။

သူငိုင်နေခိုက် လွှမ်းကသာ ဆက်ပြော၏။

'ကျွန်မ မျက်လုံးပြန်မြင်တာ ဝမ်းသာသမျှ ရှင့်ရုပ်ကိုမြင်ရတော့ ဝမ်းနည်းမိတယ်....သိလား'

လွှမ်း၏ အသံမှာ ကြာလေမာလေ ဖြစ်လာသည်။

'ဒီတော့ ရှင် ကျွန်မရှေ့က ကျေးဇူးပြုပြီး အမြန်ဆုံးထွက်သွားစမ်းပါ'

သူက မျက်စိပိတ်၍ နားထောင်နေသည်။ ခဏ၌မူ လွှမ်းအား တည်ငြိမ်စွာပြန်ကြည့်၍ ခန့်ညားစွာဆိုသည်။

'ထွက်သွားဆိုရင် သွားပါ့မယ်၊ ဒါပေမယ့် ကျွန်တော် ပြောချင်တာတော့ ဆုံးအောင် ပြောပါရစေ'

သူ့စကားကို ဆုံးအောင် နားမထောင်ဘဲ လွှမ်းသည် လှုပ်ရှားလာသည်။ လွှမ်း၏ မျက်လုံးများက အိမ်ဝ ဒေါသ

www.burmeseclassic.com



ပေါ်မှ ပန်းခြင်းတွင်းရှိ ကတ်ကြေးတစ်လက်ကို မြင်သည်။ လှမ်းက ကတ်ကြေးကိုယူ၍ မိမိ၏ မျက်လုံးများဆီ ချိန်လိုက်သည်။

'ရှင် ဒီနေရာက ထွက်သွားမလား၊ ဒါမှမဟုတ် ကျွန်မ မျက်လုံးတွေ ကျွန်မ ဖောက်ပစ်လိုက်ရမလား၊'

ဒေါက်တာမှာ ကျဉ်စက်အတ္တိခံရသူပမာ သက်သက်ခါ တုန်လှုပ်သွားသည်။ အတိုင်းမသိသော ကြေကွဲခြင်းဖြင့် လှမ်းကို မယုံကြည်နိုင်စွာ ခေတ္တ စိုက်ငေးကြည့်နေသည်။

ထိုအခိုက်တွင် နေစိုးက ထွက်လာကာ လှမ်း၏လက်များကို ချုပ်ထားလိုက်သည်။ သူက စောစောကတည်းက မလှမ်း မကမ်းမှ အကဲခတ်နေခြင်း ဖြစ်သည်။

ဒေါက်တာက သူတို့အား လက်ဝါးကာ တားသည်။

'ကောင်းပါပြီဗျာ၊ ကျွန်တော်သွားပါမယ်၊ဆရာဦးမင်းညို ခက်ခက်ခဲခဲကုသထားရတဲ့ ဒီမျက်လုံးတွေကိုကျွန်တော့်အတွက် တော့ ထပ်မပျက်စီးပါစေနဲ့'

သူက နေစိုးအား အဓိပ္ပာယ်ပါပါ တစ်ချက်လှမ်းကြည့်သည်။ နေစိုးကလည်း နားလည်လိုက်သည်။

'ကျွန်တော် သွားပါမယ် လှမ်းရယ်၊ စိတ်ချပါ၊ လှမ်း မမြင်ချင်တဲ့ ကျွန်တော့်မျက်နှာကို လှမ်း ဒီတစ်သက်မတွေ့စေရပါဘူး'

အပြင်ဘက်၌ မိုးမှာ သဲသဲမဲမဲ ရွာချနေသည်။

သူက လှမ်းကို တစ်ချက် ဆွေးဆွေးမြည့်မြည့် ကြည့်လျက် ချာခနဲလှည့်ကာ မိုးရေထဲသို့ ပြေးထွက်သွား၏။



ဘာကြောင့်မသိ၊ လှမ်းက ညှော်ခန်းဆိုဖာတစ်ခုပေါ်တွင် မှောက်နှာမှောက်၍ ရှိုက်ကြီးတငင် ငိုကြွေးသည်။

နေစိုးက လှမ်းကိုတစ်လှည့် မိုးရေထဲ၌ ခေါင်းငိုက်စိုက်နှင့် ပျောက်ကွယ်သွားသူအားတစ်လှည့် ကြည့်မိသည်။

ဤမှတ်သုံးဦးမိုးသည် ဆက်ကာ ရွာသည်လေတော့မည်ကဲ့သို့ သူတို့နှစ်ဦး၏ မျက်ရည်ဇာတ်လမ်းသည် ဘယ်ခါ၌ ဆုံးလေအံ့နည်း။

*

လှမ်းထံမှ ပြန်ခဲ့ပြီးနောက်မှ ဒေါက်တာ၏ အခြေအနေသည် ပိုမိုဆိုးခဲ့၏။

နေ့နှင့် ညများကို အရက်ပုလင်းကြား ခေါင်းထား၍ ကုန်လွန်နေစေသော သူ့ကို မည်သူမျှ ဆရာဝန်ကြီးတစ်ဦး ဟူ၍ ယုံနိုင်လေမည် မဟုတ်။

ဆရာဝန်တစ်ဦးအနေနှင့် သူ တတ်ခဲ့သော ပညာတို့သည် လည်းကောင်း၊ သူ ဖတ်ခဲ့သော စာတို့သည် လည်းကောင်း၊ လူငယ်တို့ကို သူ ဆုံးမခဲ့သော တရားတို့သည် လည်းကောင်း သူ့ကိုမူ မကယ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှ ဆိုးဆိုးရွားရွားဖြစ်ရသည်။ မိမိကိုယ်ကိုလည်း မိမိ နားမလည်။

သို့ရာတွင် သူ့ကို နားလည်သူတစ်ဦးကာမူ ရှိသေးသည်။

တစ်ညတွင် ဟိုတယ်မှပြန်ရောက်ချိန်၌ အခန်းတွင်း၌ သူ့ ဦးလေးကို ရင်ဆိုင်ရ၏။

သူက စားပွဲပေါ်ရှိ အရက်ပုလင်းကိုတစ်လှည့်၊ ဦးလေး၏ လက်တွင်းမှ စိပ်ပုတီးကိုတစ်လှည့် ကြည့်ရင်း အနေရအထိုင်ရ ခက်နေသည်။

ဦးလေးကသာ တည်ငြိမ်စွာ စကားဆိုသည်။

'မင်း ဘာဖြစ်ခဲ့တယ်ဆိုတာ မောင်ဘိုးထူး လာပြောလို့ ငါ အကုန်သိပြီးပြီ၊ စိတ်ပညာကို သင်ကြားပို့ချခဲ့တဲ့ ဆရာတစ် ဦးအနေနဲ့ မင်းနဲ့ မင်းကလေးမရဲ့ ဒုက္ခကို ငါ နားလည်တယ်၊ မင်းလုပ်ခဲ့တာတွေ အကုန်လုံးမှန်တယ်၊ ဒါပေမယ့် မင်း အခု လုပ်နေတာတွေက မှားလှတယ်'

'ကျွန်တော် မှားတာကို ကျွန်တော် သိတယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ ကျွန်တော် ဘာလုပ်ရမလဲ'

'မင်း ဘာလုပ်ရမယ်ဆိုတာ ငါမပြောတတ်ဘူး၊ ဒါပေမယ့် တစ်ခုတော့ ငါ သတိပေးမယ်'

ဤသည်မှာ သူ့ဦးလေး၏ သဘာဝဖြစ်သည်။ သူငယ်စဉ် ကတည်းမှ စ၍ ဘာကိုမျှလုပ်ရမည်ဟု မပြဌာန်းတတ်။ ကိုယ့် လမ်း ကိုယ်ရှာတတ်အောင် အသိဉာဏ်ဖွင့်ပေးရုံသာ ရှိသည်။

သူ ငြိမ်နားစွင့်နေခိုက် ဦးလေးကသာ လေးနက်စွာ ဆက် ပြော၏။



'မင်းဟာ မင်းကလေးမမှာရှိနေတဲ့ စိတ်ရောဂါကိုတော့ သိတယ်၊ ဒါပေမယ့် မင်းကိုယ်နှိုက်မှာရှိနေတဲ့ စိတ်ရောဂါ ကိုတော့ မင်း မသိဘူး'

ဤတွင်မူ သူသည် သက်သက်ခါ တုန်လှုပ်သွားသည်။ စကား ရှုတ်တရက် မပြန်နိုင်ဘဲ ပါးစပ် အဟောင်းသားနှင့် ဦးလေးဖြစ်သူကို ပြန်ကြည့်နေမိ၏။

'မင်းအတွက် ဒီကလေးမဟာ သာမန်လူနာ မဟုတ်ဘဲ မင်းရဲ့ မိခင်ကိုယ်ပွား(**Mother Surrogate**)ဖြစ်နေတယ် ဟုတ်စ'

ဒါကိုတော့ သူ ဝန်ခံသည်။

'အေး...ဒါကို မင်းသိတယ်၊ ဒါပေမယ့် မင်း သိလျက်နဲ့ မသိတဲ့အချက်ကိုတော့ ငါပြောရမယ်'

သူက ဦးလေးကို ထိတ်လန့်တကြား မော့ကြည့်သည်။ သူ့မှာ တုန်ယင်၍ရင်မှာခုန်လာ၏။ သူ့ဦးလေး ဘာပြောမည် ကိုလည်း မကြားလို။

'မင်းဟာ မင်းကြောင့် မင်းမိခင်မျက်လုံးကွယ်ရတယ် ဆိုတဲ့ သက်ာယံမှား ဒွိဟပွားတဲ့စိတ် ရှိနေတယ်။ ဒီစိတ်ကြောင့်ပဲ မင်းဟာ မင်းကိုယ်မင်း အပြစ်ရှိတယ်လို့ ယူဆပြီး ကိုယ့်ကိုယ်ကို ဒဏ်ခတ်ဖို့ အမြဲကြိုးစားနေတယ်'

ဤတစ်ကြိမ်တွင်မူ သူက နေရာမှ ဝုန်းခနဲ ထမိသည်။ အသက်ရှူမှာ ဆို့ကျပ်နေကာ ရင်မှာလည်း လှိုင်းထနေ၏။

www.burmeseclassic.com

www.burmeseclassic.com



'အခုခဲ့တော့ မင်းဟာ အခွင့်အရေးရသွားတယ်၊ အခု မင်း လုပ်နေတာဟာ စိတ္တဇနည်းနဲ့ မင်းကိုယ်မင်း အပြစ်ဒဏ်ခတ်နေတာ'

သူက နားကိုပိတ်လိုက်သည်။ ထို့နောက် ကလေးငယ်ပမာ အော်ဟစ်ငြင်းဆိုသည်။

'အဲဒါတွေ မဟုတ်ဘူး....မဟုတ်ဘူး၊ ဦးလေး ပြောနေတာ တွေ တစ်ခုမှ မဟုတ်ဘူး'

သူသည် ရုတ်တရက် စိတ်လွတ်ထွက်သွားပြီးမှ သတိကို ပင်ပန်းစွာ ပြန်ထိန်းရသည်။ တုန်ယင်သော လက်များကအရက် ခွက်ဆီ ရောက်သွား၏။

သူ့ဦးလေးသည် နေရာမှ ထ၏။

'အေး....မရှိတာထက် မသိတာ ခက်တယ်၊ မသိတာတွေ အားလုံးမှာ ကိုယ့်ကိုယ်ကို မသိတာအဆိုးဆုံး။ (KNOW THY SEL )ကိုယ့်ကိုယ်ကို သိအောင် ကြိုးစားပါ'

သူ့ဦးလေး ထွက်သွားချိန်တွင် သူက တုန်ယင် ချောက် ချားမှု မပြေဘဲ အရက်ကို မော့်ချလိုက်သည်။

'မင်းကိုယ်ကို မင်းအပြစ်ဒဏ်ခတ်နေတာ'

ဤစကားရပ်များက သူ့နားတွင် ပဲ့တင်ထပ်နေသည်။

သူသည် အသံမထွက်အောင် ရှိုက်ရင်း ငိုကြွေးသည်။

ခဏ္ဍမျှ မခံမရပ်နိုင်အောင် ဒေါသထွက်လာသည်။ တစ် လောကလုံးမှာလည်း ကျဉ်းမြောင်းလာသည်။ ဤအခန်းမှာ လည်း လှဲပြို၍ သူ့အပေါ် ပိလာအံ့ဟု ထင်သည်။



ထွက်ပြေးချင်သည်၊ ဘယ်ကိုဟူ၍တော့ မသိ။ ဒီလောကမှ ထွက်ပြေးချင်သည်။

ချက်ချင်းပင် သူ့အမူအရာမှာ သွက်လက် ဖျတ်လတ် လာ၏။

သူက ပစ္စည်းများကို အမြန်ဆုံး သိမ်းဆည်းသည်၊ ထို့ နောက် မည်သူမျှ သတိမပြုမိဘဲ အိမ်အောက်သို့ ဆင်းလာခဲ့ သည်။

သူက အိမ်ကြီးကို တစ်ချက်ပြန်ကြည့်၏။

ထို့နောက် ဒယီးဒယိုင်နှင့် မှောင်ထဲ၌ ထွက်ခွာ ပျောက် ကွယ် သွားလေသတည်း။

www.burmeseclassic.com

## ( ၈ )

အပြင်ဘက်၌ ကဆုန်မိုး ရွာသွန်းပြီးစဥ် နေခြည်လက်နေသဖြင့် လောကသည် ကြည်လင်သာယာနေ၏။

လွမ်းသည် နှင်းဆီပန်းခိုင်များကို ဘုရားတင်ရင်း မရိုးနိုင်သောဆုကို တောင်းသည်။

ဘုရားခန်းမှ ငုံ့ကြည့်လျှင် အိမ်အောက် ခြံတွင်းမှ နှင်းဆီပန်းပင်များကို မြင်ရ၏။

နှင်းဆီပန်းတို့က ယုယကြင်နာသော သူ့ဆရာကို ပို၍ အမှတ်ရစေသည်။

မိုးဦးဖျန်း၍ လန်းရှင်နေသော ပန်းနှင့် သစ်ပင်တို့ကို ငေးကြည့်မိစဥ် လွမ်းမှာ ဝမ်းသာဝမ်းနည်း ဖြစ်နေမိ၏။



မိခင် ကမ္ဘာမြေ၏ အလင်းအမှောင် အရောင်အသွေးနှင့် တင့်တယ်လေသော သဘာဝကို ပြန်မြင်ရ၍ လွမ်းအတွက် မဖော်ပြနိုင်အောင် ချမ်းမြသည့် ရှင်လန်းသာယာမှုကို ခံစားရ၏။ ဤရှင်လန်းသာယာမှုမှာ သူ၏ ချစ်လှစွာသော ဆရာသာ အနီး၌ ရှိဘိမူကား ပို၍မို၍ စုံပြည့်ပေလိမ့်မည်။

ဒေါက်တာမင်းညိုကို အယ်အချိန်၌ ပြန်လည်ဆုံတွေ့ရမည်ဟု လွမ်းမသိ၊ လွမ်းသိသည်မှာ ဤအိမ်၌ အရှည်ဆက်နေ၍ မဖြစ်တော့ခြင်းပင်တည်း။

စိတ်လိုက်မာန်ပါနှင့်ရှိစဥ်က ဒေါက်တာ မပြန်လာမချင်း ဤအိမ်မှစောင့်မည်ဟု ပြောမိသော်လည်း ဇင်စစ်လက်တွေ့၌ မသင့်တော်၊ တစ်ပါးသူ၏အိမ်၌ ဤမျှအခွင့်အရေး ယူမနေခဲ့ခြင်းသည်ပင် လွန်လှချေပြီ။ ယခုမူ ပိုင်ရှင် ဒေါက်တာ ကိုယ်၌က မိမိကို စွန့်ခွာခဲ့ပြေးခဲ့လေပြီ မဟုတ်ပါလော၊

အစသော် ဒေါက်တာမင်းညို၏ ဆင်ခြေကိုမယုံမိ၊ သို့ရာတွင် အိမ်ရှိအစေခံအားလုံးကလည်း တစ်သံတည်းထွက်သည်။ ဆေးရုံကြီးမှ လက်ထောက် ဆရာဝန်ကလေးများထံ သွားရောက် စုံစမ်းစဥ်ကလည်း ဤအတိုင်းဆိုကြသည်။

ဒေါက်တာ၌ သဘောချင်း မတိုက်ဆိုင်၍ ခွဲခွာနေသော်လည်း တရားဝင် ပြတ်ပြတ်စဲစဲမဟုတ်သေးသည့် မယားကြီးနှင့် သားတစ်ဦးရှိသည်၊ ဤအချက်ကိုမူ အားလုံးက တညီတညွတ်တည်း ဆိုကြသည်။

မိမိအဖြစ်မှာ စေ့စေ့တွေးလျှင် ရှက်ဖွယ်ပင် ကောင်းနေသည်၊ ရှက်လည်း ရှက်ပါ၏၊ သို့သော် ဒေါက်တာကိုမူ စိတ်

www.burmeseclassic.com

မနာနိုင်၊ အခွင့်အရေးရလျှက် မိမိအား အငယ်အနှောင်းဖြစ်မည်စိုးရိမ်သဖြင့် ရှောင်ခွာထွက်သွားခြင်းအတွက်ပင် ကြည်ညိုစိတ် ပွား၍မိသေးသည်။

မည်သို့ပင်ဖြစ်စေ ဤအိမ်၌ဆက်နေခြင်းမှာ လုံးဝ မသင့်တော်တော့၊ ကံအားလျော်စွာပင် နေစိုးမှာ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘက်၌လက်ထောက်မန်နေဂျာရာထူးရသဖြင့် ရှာရေးမှာ ပူစရာမလိုတော့။ ယခု လဆန်း၌ နေစိုး အလုပ်ဝင်ချိန်တွင် အိမ်ရှာကြံ၍ လယ်လယ်ကို ထားခဲ့မည်။ မိမိမှာမူ စစ်ကိုင်းသို့ ပြန်တော့မည်။

မြစ်ကမ်းရေရိပ်၊ တရားနှင့် ဆိတ်ငြိမ်အေးချမ်းသော စစ်ကိုင်း၊ ဤဌာနီသာလျှင် မကြည်သော မိမိ၏ ရင်နှလုံးကို အေးချမ်းစေနိုင်သည်။

ဤအတွေးဖြင့် လွှမ်းသည် အိမ်တွင်းသို့ဝင်ခဲ့သည်၊ မျက်ရည်စများ ကျလျှက်နှင့် လွှမ်းသည် အိမ်တွင်း စားပွဲပေါ်ရှိ ဒေါက်တာမင်းညို၏ ဓာတ်ပုံဟု သူသိထားရသည့် ဓာတ်ပုံရှေ့၌ ရပ်မိသည်။ ဤဓာတ်ပုံကိုပင် ကြည့်၍ အခါခါ စကားပြောခဲ့ရသည်မှာလည်း မရေတွက်နိုင်တော့။

ထိုအခိုက် အိမ်အောက်ထပ်မှ ကားတစ်စီး ဆိုက်သံ ကြားရသည်။ မမျှော်လင့်နိုင်တော့ဟု စိတ်တုံးတုံးချထားသော်လည်း မျှော်လင့်စိတ်မှာမူ စင်စစ် မကုန်သေး။

လွှမ်းက အိမ်အောက်ထပ်သို့ အပြေးကလေး ဆင်းလာခဲ့သည်။



တံခါးဝ၌ရပ်နေသူမှာမူ မိမိတစ်ကြိမ်မျှ သိဖူးသူမဟုတ်၊ အသက် ငါးဆယ်ကျော်ခန့် ထွားထွားကျိုင်းကျိုင်း လူကြီးတစ်ဦး။

လူကြီးက လွှမ်းကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ထို့နောက် နေလောင်ထားသောမျက်နှာ၌ နှစ်သိမ့်သောပြုံးရိပ်ပေါ်လာ၍ မေးသည်။

'ငါတို့မကြီးက ဦးဘိုးထွန်းသမီး မဟုတ်လား'

'မှန်ပါတယ်ရှင်၊ ဘာကိစ္စပါလဲ'

အဘိုးကြီးက လွှမ်း၏အမေးကို မဖြေဘဲ ရင်းရင်းနှီးနှီး ဆက်စုံစမ်းနေပြန်သည်။

'လွှမ်းလား....လယ်လယ်လား'

'လွှမ်းပါရှင်၊ ကျွန်မတို့ကို ဦးလေး သိပါသလား'

အဘိုးကြီးသည် ကျေနပ် အားရစွာပြုံးပြန်၏။

'အိမ်း....သိသကွာ၊ မင်းတို့ကတော့ ဦးကိုသိမှာ မဟုတ်ဘူး။ ကဲ....ဦးတော့ ဝင်ထိုင်ပြီဟေ့'

အဘိုးကြီးသည် ပြောပြောဆိုဆိုနှင့် ရင်းရင်းနှီးနှီးပင် အိမ်တွင်း၌ ဝင်ထိုင်ရာ လွှမ်းမှာ အံ့ဩလွန်း၍ ဘာဆိုရမှန်းမသိ။

လယ်လယ်နှင့်နေစိုးတို့လည်း အခန်းတွင်းသို့ ဝင်လာကာ အဘိုးကြီးအား ဖဲကဲခင်ရှုကြည့်ရင်း ထိုင်ကြသည်။

'အဲ....ဒါက အငယ် လယ်လယ်ပဲဖြစ်ရမယ်၊ ဟုတ်လား၊ မောင်ရင်ကတော့ အဲ....ဒေါက်တာမင်းညိုတော့ မဟုတ်ဘူး၊ လယ်လယ့်ယောကျ်ား ဟုတ်တယ် မဟုတ်လား၊ နာမည်က မောင်....နေ....မောင်နေစိုး၊ အား....ဟုတ်ပြီ၊ ဟား....ဟား'

www.burmeseclassic.com

www.burmeseclassic.com



လူကောင်ကြီးသမျှ အားနာတတ်က သဘောကောင်းသူ နေစိုးကလည်း လိုက်ရယ်သည်။ ရင်တွင်း၌ အူကြောင်ကြောင်တော့ ဖြစ်နေမိ၏။

လွှမ်းကသာ သတိရှိစွာနှင့် မေးမြန်းသည်။

'ဦးကကော ဘယ်သူပါလဲရှင်'

'ဟား ဟား....အိမ်း ဟုတ်သဟေ့'

အဘိုးကြီးမှာ သူ့ဘာသာသူ သဘောကျသကဲ့သို့ ရယ်မောနေပြန်သေး၏။

'ဒီလိုကွယ့်၊ ဦးက လူတစ်ဖက်သားကို အံ့ဩအောင် လုပ်ရမှ ကျေနပ်တယ်၊ ဟဲ....ဟဲ၊ ဒါက ဦးရဲ့ဝါသနာ၊ အေး.... အေး....အင်း....အေး ဒီအကျင့်ကြောင့်ပဲ ငါ့သူငယ်ချင်းမင်းတို့အဖေကို ငါသတ်မိသလို ဖြစ်သွားတာပဲ'

အဘိုးကြီး၏ မျက်နှာမှာ စိတ်ထိခိုက်ဟန် ပြောင်းသွား၍ စကားများလည်း လေးသွားသည်။

'မင်းတို့ ဖေဖေဆုံးခါနီးမှာ သံကြိုးစာတစ်စောင် ရောက်မလာဘူးလား'

ဤတွင် ငြိမ်နေသော လယ်လယ်က သွက်လက်စွာဖြင့် 'ဟုတ်တယ်၊ ဟုတ်ကဲ့ရှင့်၊ ရောက်လာပါတယ်'ဟု ဖြေသည်။

'အိမ်း....လက်မှတ် ဘယ်လို ထိုးထားသလဲ'

ဤအကြိမ်တွင်မူ လွှမ်းက ဖြေသည်။

'လူ... ဟုတ်တယ်၊ လူ....လို့'

'အိမ်း....လူဆိုတာ ငါပဲကွ'



ဤသည်ကို ကလေးစိတ် မကုန်သေးသော လယ်လယ်က စစ်ခနဲ ဝင်ရယ်သည်။

'ငါပြောတာက ရယ်စရာကြီးဖြစ်နေတာကို၊ ဒီလို ဒီလို.... ဦးနာမည်က ထွန်းလူဘဲ'

အဘိုးကြီးသည် တည်ငြိမ်လေးနက်သွားလျက် အကျိုးအကြောင်း ရှင်းပြသည်။

'မင်းတို့အဖေနဲ့ ဦးနဲ့က ဂျပန့်အချုပ်ထဲမှာ သိကြတာ၊ မင်းတို့ အဖေလိုပဲ ဦးက ဂျပန်တော်လှန်မယ့် လူငယ်လေးတွေကို အားပေးမှုနဲ့ အဖမ်းခံရတာပဲ၊ ရှင်းရဲ့သား'

'ဟုတ်ကဲ့၊ ရှင်းပါတယ်ရှင်'

'တိုတို ပြောရရင် တို့ဟာ တရုံးခံတစ်ပိုင်း ချွေးတပ်သားတစ်ပိုင်းနဲ့ ယိုးဒယားနယ်စပ်အထိ ပါသွားခဲ့ကြတယ်၊ သိလား'

'ဒါကိုတော့ ဖေဖေပြောပြလို့ လွှမ်းသိပါတယ်'

'အိမ်း....မင်းတို့မသိတာ ရှိသေးတယ်၊ အဲဒါပြောပြမယ်၊ အဲဒီနယ်စပ်မှာ ဂျပန်တွေက တို့ကိုခိုင်းပြီး ဂူကြီးတစ်ခုထဲ ရွှေငွေ ရတနာတွေ ဖုံးကွယ် မြှုပ်နှံထားခဲ့တယ်၊ ပြီးတော့ ခြေရာလက်ရာ ပျောက်အောင် တို့တွေကို တန်းစီပြီး စက်သေနတ်နဲ့ ပစ်သတ်ကြတယ်၊ မင်းတို့အဖေနဲ့ ဦးကတော့ ကံကောင်းလို့ ဒဏ်ရာသာရပြီး သေချင်ယောင်ဆောင်နေကြတယ်၊ အဲဒါ သူတို့က ကျန်တဲ့ အလောင်းတွေနဲ့ ရောပြီး ကျင်းကြီးတစ်ခုထဲ ပစ်ထားခဲ့ကြတယ်၊ မြေမဖို့ခင် ညမှောင်မှောင်မှာ တို့နှစ်ယောက်ကျွ တိတ်တိတ် တွားထွက်ပြီး တောထဲမှာ တစ်ညလုံး ပုန်းနေကြရတယ်'

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲနှင့် လှမ်းတို့မှာ ထူးဆန်းသော အဖြစ်ကို ကြားရသဖြင့် ငြိမ် နားထောင်နေကြ၏။

'မင်းတို့ဖေဖေကတော့ အဲဒီတည်းက နှလုံးထိခိုက်သွားပုံ ရတယ်၊ အဲ….လိုရင်းပြောရရင် တို့နှစ်ယောက် ဂျပန်တွေလဲ သွားရော နေရာကို အမှတ်အသားနဲ့ မြေပုံဆွဲ၊ မြေပုံကိုတစ်ဝက်စီဆုတ်ပြီး ခွဲယူထားကြ။ ပြီးတော့ လက်မောင်းသွေးဖောက် သစ္စာရေသောက်ပြီး သားသမီး သားမယားတောင် မပြောဘမ်း ကာထိပြုကြတယ်၊ ဒီရတနာ့ပစ္စည်းတွေကို နောင်မှ အတူ လာဖော်ကြဖို့ပေါ့လေ'

ယခုမှ ဖခင် ဖြစ်သူသည် မိမိတို့အား ဤအကြောင်း အာမျှမပြောသည်ကို လှမ်း သဘောပေါက်၏။

'ကာလကောင်းတော့ မင်းတို့ ဖေဖေက မကျန်းမာလို့ မြေပုံတစ်ဝက်ကို ဦး ပြန်ပေးပြီး ရှာဖွေဖို့လဲ ဦးကိုပဲ တာဝန်လွှဲလိုက်တယ်၊ သူကတော့ အဝေးကနေ တတ်နိုင်သမျှ ငွေကြေးသာ ထောက်ပံ့တယ်ပေါ့လေ၊ ဦးလဲ ဇွဲနပဲနဲ့ ရှာလိုက်တာ ဆယ့်ငါးနှစ်ကျော်မှ နေရာမှန် ပြန်တွေ့တယ်၊ တွေ့တွေ့ချင်းပဲ အ–ပ–က အောင်ပြီကွဆို တိုချင်းနားလည်တဲ့စကားနဲ့ သံကြိုးရိုက်လိုက်တာ၊ ဒီသံကြိုးစာလဲ ရောက်ရော ဘိုးထွန်းလဲ ဆုံးတာပဲ မဟုတ်လား'

'ဟုတ်ပါလိမ့်မယ် ထင်တယ်ရှင်၊ သံကြိုးစာကိုင်ရင်း သတိလစ် လဲကျသွားတာပါပဲ၊ အ.ပ.က ဆိုတာကိုတော့ လှမ်းမှတ်မိပါတယ်၊ အဓိပ္ပာယ်တော့ ဘယ်သိမလဲလေ'



'အေး….ဒါပေါ့၊ ဦးလဲ မင်းအဖေနဲ့ တိုင်ပင်ထားတဲ့အတိုင်း ပြည်ပိုင်အစိုးရကို လျှို့ဝှက်ပြီး ပစ္စည်းတွေကို နေရာနဲ့ တကွ အပ်ခဲ့တယ်၊ သတင်းစာတွေထဲတော့ မပါသေးဘူး၊ ဒီ ဂျပုတွေထစ်ပြည်လုံးက ခိုးဆိုးတိုက်ခိုက်ထားတဲ့ ပစ္စည်းမို့ ဦးတစ်ယောက်တည်း ယူရဲဘူး၊ အခု အစိုးရက ဦးကို ဆုငွေငါးသိန်းချီးမြှင့်တယ်၊ ဦး ကျေနပ်ပါပြီ'

အဘိုးကြီးက ခေတ္တနားလိုက်သည်။ ရေတစ်ခွက်တောင်းယူသောက်ပြီးမှ စကားဆက်၏၊

'ကိစ္စတွေ မပြီးပြတ်ခင်တွင် ဦး စစ်ကိုင်းသွားခဲ့တယ်၊ ဟိုကျမှ မင်းတို့အဖေဆုံးမှန်းသိတာပဲ၊ ဆုံးတဲ့ရက်နဲ့ ဦး သံကြိုးရိုက်တဲ့ရက်နဲ့ တိုက်ကြည့်တော့ အင်း….ဦးကြောင့် မင်းတို့အဖေ ဆုံးတာပဲဖြစ်ရမယ်'

အဘိုးကြီးက ခေါင်းခါရင်း ညည်းသည်။

နေစိုးက 'ဦး ဒီမှာ ကျွန်တော်တို့ရှိမှန်း ဘယ်လိုလုပ်သိသလဲ' ဟု မေးသည်။

'အိမ်း….မေးစရာပဲ၊ မင်းတို့ အဖေဆုံးတာနဲ့ ပတ်သက်ပြီး ဆေးရုံသွားစုံစမ်းရာက အစ ဒေါက်တာစိန်ဝင်းဆိုတဲ့ ဆရာဝန်ကလေးက ဖြစ်သမျှ အကုန် ဖောက်စုံခင်းလိုက်တာပဲကွာ၊ စိတ်မကောင်းစရာပဲကွာ၊ ဦး အကုန်သိပြီးပြီ'

နောက်ဆုံးစကားကိုမူ ဦးထွန်းလူသည် နေစိုးကို စေ့စေ့ကြည့်၍ အဓိပ္ပာယ်ပါပါ ပြောသည်။ နေစိုးကလည်း အဓိပ္ပာယ်ပါပါ ခေါင်းပြန်ညိတ်ပြပြီး စိတ်ထဲ၌ အာဂ အဘိုးကြီးဟု ချီးကျူးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီတော့... စိတ်မချမ်းသာစရာတွေကို မေ့လိုက်ကြကွယ်၊ ဟုတ်လား၊ ဦးရတဲ့ ငွေတစ်ဝက် မကပါဘူး၊ အားလုံးလိုလိုကို ငါ့တူမကြီးတွေကို လွှဲပေးပါမယ်၊ ဦးမှာ သားသမီး ဆွေမျိုး ရယ်လို့လဲ တစ်ယောက်မှမရှိဘူး၊ ဦးက မင်းတို့ကို သားသမီးလို့ပဲ ပြန်အားကိုးပြီး တရားဓမ္မနဲ့ အေးအေးနေရရင် ကျေနပ်ပြီ ဟုတ်ပလား'

သုံးဦးသားမှာ ကြားရသည်ကို မယုံမိ။ ခေတ္တငြိမ်နေမိပြီးမှ နေမိုးက ပြောသည်။

'ကြားရတာက မယုံနိုင်လောက်အောင် ဝမ်းသာစရာမို့ ကျွန်တော်တို့ကျေးဇူးတင်စကားကို ဘယ်လိုပြောရမှန်းတောင် မသိပါဘူး ဦး၊ ဦး မေတ္တာထားသလို ကျွန်တော်တို့က ပြန် မေတ္တာထားပါမယ်'

အဘိုးကြီးက ခေါင်းညိတ်၍ အိတ်ကွင်းမှ ချက်စာအုပ် ထုတ်ကာ တစ်ရွက် ရေးပေးသည်။

'နက်ဖြန်ကျမှ ဦး လာပြီး အလေးအိတ်ဘိုင်ပင် အစီအစဉ် ဆွဲကြမယ်၊ အခုတော့ အထိမ်းအမှတ်အဖြစ် ဒါယူထားလိုက်၊ ငါ့တူမကြီးတို့ ငွေလဲလိုနေမယ်၊ ရော့....'

အဘိုးကြီးက သူ့ဝသီအတိုင်းပင် ဆိုင်းမဆင့်ဗုံမဆင့်လာ သကဲ့သို့ ဆိုင်းမဆင့်ဗုံမဆင့် နှုတ်ဆက်ပြန်သွားသည်။

ကျန်ရစ်သူ သုံးဦးသားက ချက်ကလေးကို ကိုင်ကာ ဝမ်းသာစောနှင့် ငိုင်နေကြ၏။



ချက်စာရွက်ပေါ်၌ ငွေတစ်သောင်းကျပ်တိတိ ရေးထားသတည်း။

*

ဤနေရာတွင် ကျွန်ုပ်တို့ အတန်ကြာ ဇာတ်မြှုပ်ထားခဲ့သူ ကိုကိုလေး၏အကြောင်းကို ပြန်ဖော်ရဦးမည်။

ခေါင်းမာသော ဤသူငယ်မှာ ဦးလေးဖြစ်သူ သေဆုံးရသည်ကို မိမိကြောင့်ဟု ဓာတ်ထစ်ချ မှတ်ယူတုန်းပင်ဖြစ်သည်။

သူသည် လွှမ်းတို့နှင့် ခွဲခွာခဲ့ပြီး ရွာသို့ ခေတ္တပြန်၍ မိခင်အား အကျိုးအကြောင်းပြောပြလျက် ချည်းဘည့်ရာပြန်ထွက်ခဲ့ပြန်သည်။

လူငယ်ပီပီ စိတ်ကူးယဉ်ယဉ်နှင့် မြန်မြန် သူဌေးဖြစ်ရန်ဟု မိုးကုတ်သို့စုန့်သွားကာ ကျောက်တွင်းတူးသည်။ ထိုမှ မဟန် ပြန်သော် နမ္မတူဘော်တွင်းသို့ ထွက်ခဲ့ကြပြန်၏။ နမ္မတူ၌ ငှက်ဖျားခဏ်နှင့်လဲနေစဉ်အတွင်း သတ္တုလုပ်ငန်း၌ မိတ်ပျက်၍ အလုပ်ထွက်တော့မည့် အခြား ပညာဘတ်လူငယ်တစ်ဦးနှင့် ခင်မင် မိတ်ဆွေဖြစ်သည်။ ထိုလူငယ်၏ အမည်မှာ ခင်မောင်သင် ဖြစ်ရာ ကိုကိုလေးက မိမိထက်ကြီးသဖြင့် အစ်ကိုသင် ဟု ခေါ်၏။

အစ်ကိုသင်၌ မိဘဘိုးဘွားပိုင် ခြံကြီးတစ်ခု သန်လျင်၌ရှိရာ သူတို့နှစ်ဦးသည် ခေတ်မီစိုက်ပျိုးရေး စမ်းသပ်ကြရန် သဘောတူကြ၏။

www.burmeseclassic.com



ခြံကြီးမှာ သန်လျင်မြို့ ပဲခူးစုတောင်ဘက် သရက်ပင် မောင်နှမ အနီး၌ရှိ၍ ရှစ်ဧကကျော် ကျယ်ဝန်းသည်။

ကိုကိုလေး၊ အစ်ကိုသင်နှင့် အခြား ကောလိပ်ကျောင်း ထွက် ခင်မောင်ရီ ဆိုသူပါ လူငယ်သုံးဦးသည် လူငှား ခြံသမားသုံးဦးအကူအညီနှင့် ဤခြံတွင်း၌စိုက်ပျိုးရေးလုပ်ငန်း လုပ်ကြသည်။

ခြံအတွင်း၌ သရက်၊ ပိန္နဲ၊ တညင်း၊ ကနစိုး စသော ရာသီလိုက် ဝင်ငွေရသော အပင်ကြီးများရှိသည်။ အဝီစိတွင်း ရေစုပ်စက်တို့နှင့် စနစ်တကျ ရေပေး စိုက်ပျိုးနိုင်သဖြင့်လည်း ဘူး၊ ခရမ်း၊ သခွား စသော အသီးများအပြင် ဘောလုံးပန်း၊ နှင်းပန်း စသည်တို့လည်း အောင်မြင်စွာ ထွက်သည်။

နာနတ်ပင်များမှာလည်း အသီးများ ထွားကျိုင်း ရင့်မာ နေကြသကဲ့သို့ ပင်ရေ ငါးရာကျော်သော စံပယ်ပင်တန်းတို့ ၌လည်း ငင်ငွေကောင်းနေသည့် ပန်းလှာဖြူဖြူတို့ ဖွေးနေ၏။

ပတ္တမြားတွင်း မအောင်သော ကိုကိုလေးနှင့် သတ္တု လုပ်ငန်း မစားသာသော အစ်ကိုသင်တို့မှာ ခင်မောင်ရီနှင့်အတူ မြေသီးမှ ရွှေမဟုတ်သောင် ငွေသီးသည်ကို လက်တွေ့မြင်ကြရ သည်။

လေရှုတ်တရက် ငြိမ်၍ ပူအိုက်သော ညတစ်ညသ၌ သူငယ် ချင်း သုံးဦးသည် တညင်းပင်ကြီးအောက်တွင် လက်ဖက်ရည် ကြမ်းကိုဇိမ်ယူသောက်ရင်း ဆွေးနွေးတိုင်ပင်နေကြ၏။

'ဟူး....အိုက်စပ်စပ်ကြီး၊ အနေရခက်လိုက်တာ'



ကိုကိုလေးက ဆက်ကျိုချွတ်ထားသော ကိုယ်ကို ယပ်ခတ်ရင်း ဆိုသည်။

'မင်းက အိုက်လို့ စိတ်ပျက်နေ၊ ငါကတော့ မြူးနေတယ်'

'ဘာပြုလို့'

'ငါ့ မိုးကျင်း အောင်တော့မှာပေါ့ကွ'

'တန်စမ်းပါ အစ်ကိုသင်ရာ၊ ဟိုတစ်ခါကလဲ မပေါက်လို့ မိုးစွေငါးကျပ်ဖိုး လွှင့်ပစ်ရပြီ မဟုတ်လား'

ခင်မောင်ရီက နောက်ပြောသည်ကို အစ်ကိုသင်က မခံချင် စွာနှင့် ရှင်းပြ၏။

'ဟကောင်တွေရ၊ ရည်းစားတောင် တစ်ခါတည်း စွန့် တာမှ မဟုတ်ဘဲ'

'ဘာဆိုင်လို့လဲဗျ'

'ဟ....ဆိုင်တာပေါ့ဟ၊ ရည်းစားရစ မျက်နှာကို မှိုရတဲ့ မျက်နှာလိုတောင် တင်စားဆိုရတယ် မဟုတ်လား ဟဝ်၊ မင်း က ငါ့မှိုကို နှယ်နှယ်ရရမှတ်လို့'

'အစ်ကိုသင့် မှိုက ဘယ်မှာလဲ'

'အာ....အေးလေ၊ တော်တော်ကြာ ပေါက်တော့မှာပေါ့'

'အင်းလေ၊ အစ်ကိုသင့် ရည်းစားပေါက်မှ အဲလေ....မှို ပေါက်မှ အစ်ကိုသင့်မျက်နှာကို ကြည့်ရဦးမယ်'

လူငယ်နှစ်ဦးက ရယ်ကြသဖြင့် အစ်ကိုသင်မှာလည်း ရယ် မောကာ လေကိုလျှော့သည်။

'တကယ်ပါကွာ၊ ဟိုတစ်ခါက မှိုကျင်းမှာ ငါက လေဝင် ပေါက် မဖောက်မိလို့ပါ၊ အခုတော့ အိုကေပဲ၊ နွေလယ်က

www.burmeseclassic.com



သွားကြည့်ပြီးမြင်ငုံနေတယ်၊ ဒီည ရာသီဘလဲကူတော့ မနက်ကျကြည့်၊ ကားနေမယ်'

'ဘယ်သူလဲ အစ်ကိုသင်လား ကားနေမှာ' ဟု ကိုကိုလေးက ဖောက်လိုက်ပြန်သဖြင့် ခင်မောင်ရီက ရယ်သည်။

'မင်းအဘမို့ ငါက ကားရမှာလား၊ ကဲ မှို့ကွ...မှို၊ ဟော့ ခင်မောင်ရီ မှိုဈေးဘယ်လောက်ရှိလဲ'

'ဒီမှာ ငါးကျပ်လောက် ရှိမယ်'

'အေး...ရန်ကုန်မှာ ပေါ်ဦးဆိုရင် တစ်ပိဿာကို ခုနစ်ကျပ် ကနေ တစ်ဆယ်အထိ ရှိမယ်၊ ငါ့မှို ခုက်တစ်ဆယ်လောက်ထွက် မယ်၊ နက်ဖြန် ငါကိုယ်တိုင် သိမ်ကြီးဈေးသွားပြီး ကိုဘသိန်း တို့ဆိုင် ပို့မယ်'

'ကောင်းပါလေရှဲဗျာ၊ အတော်ပါပဲ၊ ရေစုပ်အင်ကျင် လက်(ခ)လဲ့ရမယ်၊ တစ်ခုလောက် ဝယ်ခဲ့ပါ'

'ဘယ်လောက်ကျမလဲ'

'ဆယ့်လေးကျပ်လောက်'

'ကိစ္စမရှိဘူး၊ ငါ ငွေခြောက်ဆယ်လောက်ရမယ်၊ ဝယ်ခဲ့ မယ်၊ ဘီယာတစ်ဒါဇင်ပါ ဝယ်ခဲ့မယ်'

'ဟ...ဒါမှ တို့အစ်ကိုသင်ကွ၊ ဒါကြောင့် ချစ်ရတာတွေ၊ ချစ်ရိဘာတွေ'

'အေး...ဒါထားဦး၊ ဟို... သီဟိုဠ်ပင်တွေ ဘယ့်နှယ်လဲ ကိုကိုလေး'

'နွေခင်းက ထင်းကုလား လာဝယ်လို့ တစ်ပင် ငါးကျပ်နဲ့ ရောင်းလိုက်တယ်'



'ကောင်းတာယ်၊ အဲဒီကွက်လပ် ဘာလုပ်ကြမလဲ'

ကိုကိုလေးက 'ကျွန်တော်တော့ ကြက်မွေးချင်တယ်' ဟု ဆိုရာ အစ်ကိုသင်က 'ဟာ...မင့်ဟာ အကုသိုလ်အလုပ်ကြီး' ဟု ဆို၏။

'အံမာ...မနက်က အစ္စ်ကိုသင့် စပျစ်ပင် အမြစ် အုံနေတဲ့ ပုရွက်ဆိတ်တွေ ဆေးဖျန်း သတ်တာကတော့ကော'

အစ်ကိုသင်က တဟဲဟဲ ရယ်သည်။

'အေးကွာ မထူးပါဘူး၊ ခြံထဲက ထန်းပင်ငါးပင်လဲ ယင်း ထောင်ပြီး လိုင်စင်စီ ဆွဲရအောင်'

ဤသို့ သူငယ်ချင်း သုံးဦးမှာ ရယ်မောပျော်ရွှင်စွာပြောနေ ကြခိုက် ခြံအပြင်ဘက်မှ အပြင်းမောင်းနှင်လာသော ကားနှင့် မရှေးမနှောင်းပင် မြင်းထန်သော တိုက်ခိုက်မိသံ တစ်ရပ်ပေါ် လာသည်။

လူငယ်သုံးဦးမှာ ခေတ္တ ကြက်သေသေသွားမိပြီး နောက် တစ်ခဏ၌ ခြံပြင်ဘက်သို့ ပြေးထွက်လာခဲ့ကြသည်။

ခြံပြင်ရှိ လမ်းမှာ မြို့ပတ်လမ်းဖြစ်၏။ ကျောက်အုတ်များ ခင်းထားသော်လည်း ဒုတိယ ကမ္ဘာစစ်ကြောင့် အပြီးမသတ် ရှိခဲ့ရာ ယခုတိုင် ကောင်းသည့်နေရာကောင်း၍ ချိုင့်ထွသည့် နေရာ ထူနေ၏၊ လမ်းဓာတ် မသိသူ ကားသမားများအတွက် ဘေးအန္တရာယ်ကြီးသည်။

သူတို့သုံးဦး ခြံပြင်ရောက်သောအခါ လမ်းဘေးသို့တူးမျက် သစ်ပင်တစ်ပင်နှင့် ဦးဆောင့်ထိုးရပ်လျက်ရှိသော ချစ်ကား တစ်စီးကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကားတွင်းသို့ ကိုကိုလေးက လက်နှိပ်ခါတ်မီးနှင့် ထိုးကြည့်သည်၊ ကားပေါ်၌ မောင်းသူတစ်ဦးသာ ပါရှိ၏၊ တိုက်မိသည့်ဒဏ်ကြောင့် အံဆွဲမှ လွင့်ကျလာဟန် တူသော ဝီဝကီ ပုလင်းတစ်လုံးမှာ ကွဲကြေနေ၏၊

ကား စတီယာရင်နှင့် မျက်နှာအပ်လျက် သတိလစ်နေသော မောင်းသူ၏မျက်နှာတွင်မူ သွေးတို့ ရွှဲနေလေသည်တကား၊

*

တစ်လကျော်ခန့်အချိန်တွင် ကျွန်ုပ်တို့ ဇာတ်လမ်း စရာ စစ်ကိုင်းမြို့ ကမ်းနားလမ်းကြီး တစ်လျှောက်၌ ဟမ်းဘား အမျိုးအစား ကားနက်ကြီးတစ်စီးသည် မှန်မှန် မောင်းနှင်လာ၏။

ရှေ့ခန်း ဒရိုင်ဘာဘေးတွင် ဦးထွန်းလူက ထိုင်လျက်ရှိ၍ နောက်ခန်းတွင် လွှမ်း၊ လယ်လယ်၊ နေစိုးနှင့် ဒေါ်ကြင်တို့ ပါလာသည်။

ဤအချိန်တွင်မူ ပွင့်လင်းပျော်ရွှင်တတ်သူ ဦးထွန်းလူမှာ လူငယ်များ၏ ချစ်ခင်လေးစားသည့် ဖခင်ပမာ ဖြစ်ခဲ့ပြီ။ နေစိုးကမူ လူပျိုကြီး ဦးထွန်းလူနှင့် အပျိုကြီး ဒေါ်ကြင်တို့ကို နောက်သလိုလိုနှင့် အတည် ကြောင်းလမ်းစေ့စပ် ပေးရဲသည့် အခြေပင် ရောက်နေ၏၊



နေစိုးမှာလည်း ဘဏ်မန်နေဂျာမလုပ်တော့ဘဲ သူဝါသနာပါသမျှ ဝင်ငွေမသေချာသော ဝတ်လုံဘဝကို စတင် နေသည်၊ လူရွှေသူရွှေတွင် 'ယောက္ခမ ဂုဏော အနန္တော' ဟုလည်း နောက်နိုင်သော အခြေဖြစ်သည်၊

ယခု စစ်ကိုင်းသို့ လွှမ်း၏ ဆန္ဒအရ ရောက်လာကြသည်၊ လွှမ်းက မိမိတို့၏ မူလအိမ်နေရာကို ရှင်း၍ ဖခင်ကို ရည်စူးကာ စေတီတည်လိုသည်၊

ကမ်းနားလမ်းတစ်လျှောက် ကားသည် မောင်းလာခိုက် နေစိုးနှင့် လယ်လယ်က ယခင်အခါ ချစ်သူဘဝ မရေရာသည့် ကာလကို သတိတရ အမှတ်ရကြသည်၊

လွှမ်းကမူ အထူး နှုတ်ဆိတ် ငြိမ်ပါလာသည်၊

လွှမ်းအတွက် စစ်ကိုင်းသည် လွှမ်းမော ကြေကွဲဖွယ်ရာ၊ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ၊ ကြည်နူး တရားရဖွယ်ရာ အစုံစုံ ဖြစ်နေ၏၊

လွှမ်းသည် ကျေးဇူးရှင် ဖခင်ကို ရင်နင့်အောင် အမှတ်ရမိသည်။ မည်သည့်အရိပ်တို့ အေးသည်ဆိုစေ မိဘအရိပ်ကို မမီပေ၊ ဖခင်မှာ ကွယ်လွန်ခဲ့ပြီ၊ သို့ရာတွင် ၎င်း၏ ကျေးဇူးရိပ်သာမှာ ယခုတိုင် အတိုင်းမသိ အေးမြလှပါဘိတကား။

ဤသည်ကို သတိရမှ ဤသောကအပူကို ပယောဂ ကူသယ်ယူလာသည့် မောင်မောင်လွင်ဆိုသူ သတ္တဝါကိုခါးခါးသီးသီး အမှတ်ရ မုန်းမိသည်၊

မုန်းသူကို အမှတ်ရသမျှ ချစ်သူကို လွှမ်းရသည်၊

www.burmeseclassic.com

www.burmeseclassic.com



အမုန်းတရားတို့ မွှားလေသည်ကို သူ့ တရားပြဟန်ကိုလည်း နား၌ ဆတ်ဆတ်ကြားယောင်လာ၏။

'ဘုံမာယာဇာချ ကြမ္မာညှော်သည် ယာယီ ထွင်ရက်တယ် လို့ပဲ ကံကိုသာ အပြစ်တင်ချင်တယ်'

ဤစာပိုဒ်ကိုလည်း အသည်းကြွေမျှ အမှတ်ရသည်။

လှမ်း၏ရင်မှာ ပေါက်ကွဲလုမျှ ထကြွသော ခံစားမှုမရှိ။ မျှဉ်းမျှဉ်းမြမြ နင့်နဲသော မှိုင်းညိုသည့် ဝေဒနာသာရှိ၏။

ကားသည် စစ်ကိုင်းကလပ်အနီးရှိ လှမ်းတို့၏ မူလ အိမ်ဟောင်းဆီ ရောက်လာခဲ့၏။

လှမ်းတို့ စစ်ကိုင်းရောက်သည်မှာ ငါးရက်ရှိပေပြီ။ မနက်ဖြန်ဆို ရန်ကုန်ပြန်ရတော့မည်။ စီမံဆောင်ရွက်ဖွယ်တို့လည်း ပြီးပြီဖြစ်သဖြင့် မကြာမီ ဤအိမ်ငယ်မှာ ဤနေရာတွင်ရှိတော့မည် မဟုတ်။

လောက ဆိုသည်မှာ ပြောင်းလဲခြင်းသာ ဓမ္မတာဖြစ်သည်။ ပြောင်းလဲခြင်းမှန်သမျှသည် ကောင်းခြင်းသုခအတွက်သာ ဖြစ်ပါစေ။

ဤသို့ တွေးရင်း အိမ်ဝင်းအတွင်း၌ ရပ်နေသူ လှမ်းသည် ခြံဝမှ ယောဂီဝတ် မိန်းမကြီးတစ်ဦးကို လှမ်းမြင်ရသည်။

'ဒေါ်ဒေါ်'

မိန်းမကြီးသည် ရုတ်တရက် တုန်လှုပ်သွား၏။ သို့ရာတွင် သူတော်စင်ပီပီ ခဏတွင်း၌ ပြန်တည်ငြိမ်သွား၏။

လှမ်းက မိန်းမကြီးကို အိမ်ပေါ် ဆွဲခေါ်လာသည်။ လယ်လယ်ကလည်း ဝမ်းသာအယ်လဲ နှုတ်ဆက်၏။



ယောဂီဝတ်နှင့် ဒေါ်နှင်းမှာ ဦးဘိုးထွန်း၏ တစ်ဦးတည်း နှမ ဖြစ်၏။

'ဒေါ်ဒေါ် ဘယ်တုန်းက ယောဂီဝတ်တာလဲ'

လှမ်းက မေးသဖြင့် ဒေါ်နှင်းက 'မောင် ဆုံးပြီး တစ်လ ကျော်မှာ' ဟု ဖြေသည်။

'ဖေဖေဆုံးတုန်းက ဒေါ်ဒေါ် ဆီကို မှာသေးတယ်'

'အေး....အဲဒီတုန်းက ဒေါ်ဒေါ် ကလေး၀ ရောက်နေတယ်၊ ပြန်လာမှ ကိုကိုလေးနဲ့တွေ့လို့ အကြောင်းစုံ သိရတယ်၊ ငါ့စိတ်မကောင်းဘူး၊ ကိုကိုလေး သိပ်မိုက်တယ်'

'မောင်လေးနဲ့ ဖေဖေဆုံးတာ ဘာမှမဆိုင်ပါဘူး'

'သူကတော့ သူ့ကြောင့်လို့ ပြောသွားတော့ တူမတို့ကိုလဲ ဒေါ်ဒေါ် လာရင်မဆိုင်ရဲဘူး'

'အခုတော့ ကိစ္စမရှိပါဘူးလေ၊ ဒေါ်ဒေါ် တစ်လောက လုံးကို ရင်ဆိုင်ရဲပါတယ်'

'ဒေါ်ဒေါ်....ဒီ ဘယ့်နှယ်ရောက်လာလဲ'

'ဂန္ဓာရုံက ဒေါ်မမ္မစာရီ ပြောလို့ လာခဲ့တာ'

'ဒါထက် မောင်လေးကော ဒေါ်ဒေါ်' ဟု လှမ်းက မေးသည်။

'ပြောရမှာ ရှက်တယ်ကွယ်၊ ပထမ မိုးကုတ်၊ နောက် နမ္မတူ၊ အခု သန်လျင်မှာတဲ့'

'ရှင်....သန်လျင်မှာ ဘာလုပ်နေလဲ'

'သူငယ်ချင်းတွေစု ခြံလုပ်နေတယ်ဆို ထင်ရဲ့'

'သန်လျင် ဘယ်နားမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ပဲခူးရှေ့နားဆိုတာပဲ၊ မြင်းလှည်းသမားတွေ မေးရင်သိတယ်တဲ့'

'ဒေါ်ဒေါ်....လွှမ်းတို့အခု ချမ်းသာနေပြီ'

'ဒါကို ဒေါ်ဒေါ် သိတယ်လေ'

'ဒီတော့ ကျွန်မတို့မှာ မောင်ရယ်ဖွားရယ် အားကိုးစရာလိုတယ်၊ မောင်လေးကို ကျွန်မတို့ အမြန်ဆုံး ပြန်ခေါ်ရမယ်'

'အင်းလေ....ဒေါ်ဒေါ် အခုနေနဲ့တော့ဘာမှမပြောလိုဘူး၊ လွှမ်းတို့နဲ့တကွ သတ္တဝါတွေ ချမ်းသာကြရင် ဒေါ်ဒေါ်တို့ ဝမ်းသာရတာပါပဲ၊ ဒါထက် အခုလွှမ်းတို့ ရန်ကုန် ဘယ်မှာနေလဲ'

'အခုတော့ လွှမ်းကိုမျက်စိကုပေးတဲ့ ဆရာဝန်ကြီးတို့အိမ်မှာပဲနေတယ်။ ဒါပေမယ့် လွှမ်းတို့ အိမ်ဝယ်ဖို့ စေ့စပ်ထားတယ်၊ ဒီကပြန်ရင် ကိစ္စပြီးမှာပဲ၊ အဲဒီတော့မှ စာထည့်လိုက်မယ်၊ ဒေါ်ဒေါ် လွှမ်းတို့နဲ့ လာနေဦးနော်'

လွှမ်းနှင့် ဆယ်လယ်ကလည်း ဝမ်းသာနေ၏။ ပျောက်ဆုံးနေသည့် ငယ်စဉ်ကတည်းမှမခွဲမခွာခဲ့နေလာခဲ့သော မောင်ငယ်ကို ပြန်တွေ့ရတော့မည်။

အိမ်တွင်းခန်း၌ နေစိုးနှင့် ဦးထွန်းသူကလည်း တစ်မျိုး။

'ဦးလေး၊ အဲဒီအဒေါ်ကြီး မချောဘူးလား'

'အိမ်း....လွှမ်းတို့အမျိုးက တယ်ချော'

'ဒေါ်ကြင်နဲ့ ဘယ်သူ ပိုချောလဲ'

'အဟီး....ယောဂီကြီးက ပိုချောတယ်နော'



'ဒါဖြင့် ဦးလေးကော ဖိုးသူတော် မဝတ်ချင်ဘူးလား'

'ဟာ....မိကောင် တောက်တီးတောက်တဲ့ လာဘ်ပိတ်လိုက်တဲ့ ပါးစပ်ရယ်နော်'

www.burmeseclassic.com

www.burmeseclassic.com

( ၉ )

သန့်လျင်ခြံတွင်း၌ ခင်မောင်ရီသည် ရေစုပ်မော်တာစက်ကို ပြင်ဆင်နေ၏။

ကိုယ်အထက်ပိုင်း ဗလာ၊ ကာကီဘောင်းဘီရှည်နှင့် လက်တစ်ဖက်ကို ပခုံးမှ ပတ်တီးသိုင်းပင့်လျက် ကိုကိုလေးသည် ခင်မောင်ရီအနီးသို့ ချဉ်းကပ်လာ၏။

'မင်းစက် ဘာဖြစ်နေတာလဲ'

'ဆီအလိုက် များနေတယ်ကွ'

'အစ်ကို သင်ကြီးကော....'

'ဟို ဘုန်းစင်အောက်မှာလေ'



ကိုကိုလေးက ဘုန်းစင်အောက်၌ အလုပ်များနေသော အစ်ကိုသင်ကို လှမ်းကြည့်သည်။

'အေးကွ ခင်မောင်ရီ၊ သူ့မှိုတွေက နိုပ်သား၊ တစ်လအတွင်း ဝင်ငွေ နှစ်ရာကျော်သွားပြီ'

'လာပြန်ပြီလား၊ ဒီမှိုတွေအကြောင်း၊ ဒါထက် မင်းလက် ဘယ့်နှယ်နေလဲ'

'မကိုက်တော့ပါဘူးကွာ'

ကိုကိုလေးသည် နာနတ်ပင်တန်းများဆီသို့ ထွက်ခွာလာ၍ အသီးများကို စစ်ဆေးနေ၏၊ အလုပ်တွင် စိတ်ဝင်စားနေကြသဖြင့် ခြံဝမှ ဝင်လာကြသူများကို သတိမပြုမိ၊

'မောင်လေး....'

ကိုကိုလေးသည် မြောက်ခနဲ ထိုင်ရာမှ ထမိသွားသည်။

ခင်မောင်ရီသည် စက်နှိုက်ရင်းမှ မျက်မှောင်ကြုတ် ပါးစပ်ဟရင်း လှည့်ကြည့်သကဲ့သို့ ဘုန်းစင်အောက်မှ အနီးမှုန်သော အစ်ကိုသင်သည် သူ့မျက်မှန်ထူကြီးကိုချွတ်၍ ကြိုးကြိုးပမ်းပမ်း လှမ်းကြည့်ရှာ၏။

ကိုကိုလေးက မိမိမည်သို့မျှ မမျှော်လင့်သော လှမ်းနှင့် ဒေါ်ကြင်ကို မှင်သက်မိသူပမာ ကြောင်ကြည့်နေမိ၏။

လှမ်းကလည်း သူ့မောင်ကို ရင်ထုမနာ ကြည့်နေသည်။

'မောင်လေး၊ မင်း ဘယ်လိုဖြစ်နေတာလဲဟင်၊ မင်း ဘာတွေ လျှောက်လုပ်နေတာလဲ'

ကိုကိုလေးက မဖြေ၊ အဖြေအစား မေးခွန်းသာ ထုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ဒီမှာရှိတာ မမလွှမ်း ဘယ်လိုလုပ်သိလဲ'

'မမလွှမ်း ရန်ကုန်ရောက်တာ ကြာပြီ၊ ဟိုတစ်နေ့က စစ်တိုင်းရောက်မှ ဒေါ်ဒေါ်နဲ့တွေ့လို့ မင်း ဒီမှာ ရှိမှန်း သိရတယ်'

လွှမ်း၏ မျက်လုံးများက ကိုကိုလေး၏ လက်ဆီရောက်သွားသည်။

'မင်းလက် ဘာဖြစ်တာလဲ'

'ဟိုတစ်နေ့က ဒါးရှပြီး အဆိပ်ဖြစ်လို့ အခု ဆေးထိုးတာနဲ့ သက်သာသွားပါပြီ'

လွှမ်းက သက်ပြင်းလေး ချိုက်သည်။

'ကိုကိုလေး၊ မင်းဟာ ဘယ်အထိ အခိပ္ပာယ်မဲ့တာတွေ လျှောက်လုပ်နေဦးမှာလဲ'

'ကျွန်တော်လုပ်သမျှဟာ အဓိပ္ပာယ်ရှိပါတယ် မမလွှမ်း'

'တော်တော့ ကိုကိုလေး၊ မင်းကို အခုအတင် ပြောဖို့ မမလွှမ်း လာတာ မဟုတ်ဘူး၊ နားလည်လား၊ ဒီမှာ နားထောင်စမ်း'

လွှမ်းက ဖအေးဆေး ချော့မော့စွာ ပြောသည်။

'မင်းကြောင့် ဖေဖေ ဆုံးရတယ်ဆိုတာ မမေ့ပစ်လိုက်ပါကွယ်၊ ဖေဖေ ဆုံးရတာက ဟိုကောင်.... မောင်မောင်လွင်က စစ်ငှာရာ:ခံ၊ ပြီးတော့....မင်း ဟိုသကြီးစာ မှတ်မိသေးလား၊ အို....ဒါတွေကို မမလွှမ်း နောက်မှ ပြောပြမယ်၊ အခု မမလွှမ်း မင်းကို လာခေါ်တာ'

'ခင်ဗျာ....'



'နားထောင်စမ်း ကိုကိုလေး၊ အခု မမလွှမ်းတို့ ချမ်းသာနေပြီ၊ အဲဒါ...မောင်ရယ် ဖားရယ်လို့ အားကိုးစရာ စောင့်ရှောက်မယ့်သူ လိုနေတယ်၊ မင်း မမလွှမ်းကို ပစ်ထားတော့ မှာလိုလား'

ကိုကိုလေး၏ရင်မှာ ဆို့သွားသည်။ ဘာ ပြန်ဖြေရမှန်းလည်း မသိ။

လွှမ်း၏ မျက်လုံးများက ကျယ်ဝန်းသာယာသော ခြံကြီး တစ်ဝိုက်ကို ဝေ့၍ ကြည့်မိသည်။

ခဏဝယ် လွှမ်းမှာ မျက်လုံးလေးပြူး၍ အသက်မရှူမိဘဲ ကျောက်ရုပ်ပမာ ငြိမ်ကျသွား၏။

သရက်ပင်ကြီးတစ်ပင်ကို မှီ၍ ဝါးလုံးများ ထောင်ထားသည်။ ဝါးလုံးများနှင့် ပင်စည်ကြား၌ မုခ်ဝပမာ ဖြစ်နေသော ဘောင်ကွက်လေးတွင်းမှ ခေါင်း၍ ခပ်လှမ်းလှမ်း တည်ငြိမ်းပင်ရိပ်၌ ရပ်နေသူတစ်ဦးကို လွှမ်းမြင်ရ၏။

အကျီနက်၊ ဘောင်းဘီညိုနှင့် တုတ်ချောင်းကို ကိုင်ရင်း ထိုသူက လွှမ်းတို့ဘက်သို့ မျက်နှာလှည့်၍ ကျောက်ရုပ်ပမာ ငြိမ်ရပ်နေသည်။

ပထမသော် လွှမ်းသည် မိမိ၏ မျက်လုံးများကို မယုံမိ၊ နောက်တစ်ခဏ၌ လွှမ်းမှာ အသက်ဝင်လာပြီး မာန်လေးပါပါ နှင့် ထိုသူ့ထံ လျှောက်သွား၏။

'ဪ လက်စသက်တော့ ရှင်ကိုး....ဟင်'

ထိုသူ ခမျာမှာလည်း ကျောက်ကိုမိသူပမာ တုန်ဖင် ချောက်ချားသွား၏။

www.burmeseclassic.com



'နေပါဦး၊ ရှင်က အစ်မကို ဒုက္ခပေးလို့ အားမရသေးလို့ မောင်ဆီ ဘာအကြံနဲ့ လာနေတာလဲဟင်'

ထိုအချိန်တွင် ကိုကိုလေးက လှမ်းကို မှီလိုက်လာသည်။

'မမလှမ်း၊ ဘာတွေလျှောက်ပြောနေတာလဲ၊ သူ့ မျက်စိ မမြင်ဘူးဗျ'

ထိုအခါမှ လှမ်းက သူ့အား ကြောင်ကြောင်ကြည့်နေသူကို သတိထားရှမိသည်။

'ဩော်....မျက်စိမမြင်တဲ့ ဒုက္ခိတ ဟုတ်လား၊ ဒီမှာ....ရှင် လှမ်းကို မှတ်မိသေးလား၊ ရှင့်ကြောင့် ဖအေ ဆုံးရှုံးမက မျက်လုံးပါ ကွယ်ခဲ့ရတဲ့ လှမ်းလေ'

လှမ်းက မထိန်းနိုင်သော ဒေါသနှင့် ပြောနေ၏၊ သူကမူ တုတ်ကောက်ကို အားပြုစမ်း၍ နေရာမှ ထွက်ခွာပြေးလိုဟန် လှုပ်ရှားလာသည်။

'ကျွန်မ လူတစ်ဖက်သားကို မမုန်းတတ်ပါဘူး၊ ဒုက္ခရောက်နေတဲ့ လူကိုလဲ ကြင်နာတတ်ပါတယ်၊ ဒါပေမယ့် ရှင့်ကို ခုလို မြင်ရတော့ မသနားဘူး၊ သိလား'

လှမ်းက အသံလေးတုန်ယင်ကာ သရော်ရယ် ရယ်ရင်း ပြောနေသော်လည်း မျက်လုံးများမှ မျက်ရည်များ စီးကျနေ၏။ ထွက်ပြေးမဖြစ်နိုင်သည့်အဆုံး၌ သူကလည်း ခေါင်းကြီး ငုံ့ကာ တွေခံနေ၏။

'ရှေးကဝိပါက် ခုနစ်ရက်၊ ကာလဝိပါက် နောက်ကျောက တက်သတဲ့၊ သိရဲ့လား ဆရာကြီး....ဟင်'

လှမ်းက အားရပါးရ စိတ်ရှိတိုင်း ပြောချနေသည်။

'ကျွန်မ တစ်ခုပဲ ဆုတောင်းတယ်၊ ရှင် အခုလို ဒုက္ခခံစားရတော့ နောင်တရပြီး ကိုယ်ချင်းစာတရား လက်ကိုင်ထားနိုင်ပါစေလို့....သိလား၊ ရှင့်ကို ကျွန်မ အခု ခွင့်လွှတ်ပြီ'

လှမ်းသည် ဘာမှန်းမသိ၍ ပါးစပ် အဟောင်းသားနှင့် သူ့ကိုတစ်လှည့်၊ မျက်မမြင်ဒုက္ခိတကိုတစ်လှည့် စိတ်ညို့ခံရသူပမာ ကြည့်နေသူ ကိုကိုလေးဘက် ကြည့်လိုက်ပြီး အမိန့်ပေးသည်။

'ကဲ....မင်းလဲ အမြန်ဆုံးလိုက်ခဲ့၊ လိပ်စာမှတ်ထား၊ အခုတ် ၂၀၊ ရွှေတောင်ကြားလမ်း၊ ဒေါက်တာမင်းညို အိမ်၊ လာ.... ဒေါ်ကြင် သွားမယ်'

လှမ်းသည် မပြေးရုံတစ်မည် ခြံတွင်းမှသုတ်သုတ်ထွက်ခွာသွားသဖြင့် ဒေါ်ကြင်မှာ သမင်လည်ပြန် လှည့်ကြည့်ရင်း လိုက်ပါသွားရရှာ၏။

ကိုကိုလေးက ကျုံအခါမှ သတိဝင်ကာ သူ့အား မေးသည်။

'ဘယ်လိုဖြစ်တာလဲ ဆရာရယ်၊ ကျွန်တော်ဖြင့် ဘာမှ နားမလည်ပါလား'

သူက ဖြည်းညင်းစွာ ခေါင်းခါမဲ့လိုက်သည်။ သူ့ ပါးပြင်၌ စီးဆင်းနေသော ကြီးမားသည့် မျက်ရည်ပေါက်များကို ကိုကိုလေး မြင်ရ၏။

'နားမလည်ချင်ပါနဲ့ ငါ့ညီရယ်၊ နားမလည်ရင်မှ မင်း စိတ်ချမ်းသာဦးမယ်၊ နားလည်ရင်....'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ပါဘူး ဆရာရယ်၊ မမလွှမ်းဟာ အင်မတန် ကြင်နာတတ်တဲ့ မိန်းကလေးတစ်ဦးပါ၊ ဆရာနဲ့ ဘယ်လိုဖြစ်ရတာလဲ'

သူက နာကြည်းစွာ သဲ့သဲ့ရယ်သည်။

'မှန်တယ်၊ မှင်း မမလွှမ်းဟာ အင်မတန် ကြင်နာတတ်တဲ့ မိန်းကလေးတစ်ဦး၊ ဒါပေမယ့် သူ ကြင်နာတဲ့ လူတွေထဲမှာ ဆရာ မပါဘူး'

သူ့စကားကို ကိုကိုလေးက နားမလည်၊ သူကသာ တစ်လိုးချင်း ရှင်းပြ၏။

'ဆရာ အင်မတန်ချစ်တဲ့၊ ဆရာ ကိုယ်တိုင် ကုသခဲ့ရတဲ့ မျက်စိမမြင်တဲ့ မိန်းကလေးတစ်ဦးအကြောင်း ငါ့ညီကို ဆရာ အရိပ်အမြွက်ပြောပြဖူးတယ်၊ အဲဒီ မိန်းကလေးဟာ မင်းရဲ့ မမလွှမ်းပဲ၊ မျက်စိမြင်တဲ့ လွှမ်းဟာ ဆရာ့ကို သူ အင်မတန် မုန်းတဲ့ မောင်မောင်လွင်အဖြစ် သိတယ်၊ မျက်စိမမြင်တဲ့ လွှမ်းက ဆရာ့ကို သူ အင်မတန်ချစ်တဲ့ ဒေါက်တာမင်းညို အဖြစ် သိတယ်၊ ဒီနှစ်ဦးဟာ တစ်ဦးတည်းဆိုတာ လွှမ်းကို ဆရာ အသိမပေးနိုင်ဘူး၊ လွှမ်းကို ချစ်လွန်းလို့ပဲ ဆရာ အသိမပေးနိုင်ဘူး'

သူ့ခေါင်းသည် ပြန်၍ငိုက်ကျသွားသည်။ သူ့အသွင်မှာ ပြင်းထန်လှသော ရင်မှဝေဒနာကို ခက်ခဲစွာ ထိန်းသိမ်းချုပ်တည်းထား၍ရဟန် ပေါ်နေ၏။ သို့သော် ထိုစဏ၌ပင် သူ့ခေါင်း ပြန်မော့လာ၏။ ကိုကိုလေးမှာမူ တစ်သက်၌ ဤမျှ စိတ်ထိခိုက်နေသူတစ်ဦး၏ မျက်နှာကို မမြင်ဖူးချေ။



'စေတနာသာလျှင် ကံ....တဲ့၊ – ဆိုရိုးစကား ရှိတယ်၊ ကောင်းသော စေတနာပေါ်အခြေခံတဲ့ ကောင်းသော ကံ့အလျောက် ကောင်းကျိုးတွေဟာ ထပ်နေ့ ဆိုက်ရောက်လာလိမ့်မယ်လို့ တစ်ကြိမ်က ဆရာ ယုံကြည်ခဲ့တယ်၊ ဒါပေမယ့် အလကားပဲ.... အလကားပဲ.... ဟား.... ဟား.... စေတနာသာလျှင် ကံ၊ ဟင်း....ဟင်း.... ဒီလောကီဘုံ အနှမ်းက ယုံစတမ်းတွေ....ယုံတမ်းစကားတွေ၊ ဟား....ဟား....'

သူက အရူးပမာ ဟစ်အော်ရယ်၍ တုတ်နှင့် စမ်းထောက်ကာ သစ်ပင်ရိပ်မှ ထွက်ခွာသွားသည်။

ကိုကိုလေးက ငိုင်ကျန်ရစ်၏။ ထို့နောက် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်နှင့် နာရီကို ငုံ့ကြည့်ပြီး အိမ်ဆီပြေး၍ အဝတ်အစားလဲသည်။

အစ်ကိုသင် လွှမ်းမေးသည်ကို မဖြေဘဲ ကိုကိုလေးသည် ခြံပြင်သို့ ပြေးထွက်ခဲ့၏။

အိမ်သို့ ပြန်ရောက်ရောက်ချင်း လွှမ်းသည် မည်သူ့အား မျှ နှုတ်မဆက်ဘဲ မိမိ၏ အခန်းဆီသို့ပြေးကာ အိပ်ရာထဲ၌ ထိုးလှဲ၍ ငိုကြွေးသည်။

လွှမ်းကဲ့သို့ ကြင်နာ တတ်သော မိန်းကလေး မျိုးမှာ စိတ်လိုက်မာန်ပါ တစ်စုံတစ်ခု ရက်ရက်စက်စက် လုပ်မိုးတိုင်းကြီးစွာ နောင်တရတတ်သည်။

မောင်မောင်လွင်ကို သူက မုန်းသည်။ သူ့ကို မြင်လျှင် မိမိကိုယ်ကိုမိမိ မထိန်းနိုင်လောက်အောင် အမုန်းစိတ်က လွှမ်းဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို မှားမှန်း လွှမ်း သိသည်။ သို့သော် မချုပ်တည်းနိုင်။ မချုပ်တည်းနိုင်သည့်အတွက် မိမိကိုယ်ကို ပြန်မုန်းတီးမိသည်နှင့် အမျှ တစ်ဖက်သား အပေါ်၌လည်း အဓိပ္ပာယ်မဲ့သော ဒေါသများက ရင်၌ အခံရခက်အောင် ပေါ်ထွက်လာသည်။

အပြီးသတ်ကျတော့ ငိုရသည်။ မျက်ရည်ဆိုသည်မှာလည်း အဓိပ္ပာယ်ပေးရန် ခက်ပေ၏တကား။ ခက်ပေ၏တကား။

အားရအောင် ငိုပြီးမှ လွှမ်းသည် အိမ်အောက်ထပ်သို့ ဆင်းခဲ့သည်။

အောက်ထပ်ညှော်ခန်းတွင် မျက်စိမျက်နှာ မကောင်းစွာနှင့် ထိုင်နေကြသူ လယ်လယ်၊ နေစိုးနှင့် ဒေါ်ကြင်တို့အား တွေ့ရသည်။

လွှမ်းက ကုလားထိုင်တစ်လုံးထက်၌ ထိုင်လိုက်၍ သူတို့အား ကြည့်သည်။ ဤအခါတွင် လယ်လယ်က ဘာမျှမပြော မဆိုဘဲ နေစိုး၏ ရင်ခွင်တွင် မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုကြွေး၏။

လွှမ်းသည် အံ့အားသင့်သွားသည်။

'လယ်လယ် ဘာဖြစ်သလဲ'

နေစိုးက လွှမ်းကို ကြည့်သည်။ သူ့မျက်လုံးတွေ၌လည်း မျက်ရည်များ လျှံနေ၏။

'မမလွှင်း....မမလွှမ်း မှားပြန်ပြီ၊ ဆည်မရအောင် မှားပြန်ပြီ'



လွှမ်းမှာ ထိတ်လန့်သွားသည်။ နေစိုး၏စကားက အဆက်အစပ်မရှိ။

'ဘာပြောတယ် မောင်နေစိုး၊ မမလွှမ်း မှားတယ် ဟုတ်လား'

'ဟုတ်တယ်၊ ဒေါ်ကြင် ပြန်ပြောပြလို့ သန်လျင်မှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော် သိရပြီ'

လွှမ်းမှာ မြွေပွေးမလေးပမာ ခက်ထန်လာသည်။

'နေပါဦး၊ သန်လျင်မှာ ငါက ဘာတွေဖြစ်လို့ ဘာတွေ မှားခဲ့လို့တုံး'

နေစိုးမှာ နေရာမှ ဝုန်းခနဲ ထသည်။ ဒေါသမထွက်စဖူး ထွက်သော သူ့ဟန်မှာ ခက်ထန်နေသမျှ သူ့အသံမှာ မာကျောနေ၏။

'ဟင်....သန်လျင်မှာ ခင်ဗျား ဘာဖြစ်ခဲ့လဲ ဟုတ်လား၊ ဘာဖြစ်ခဲ့တယ်ဆိုတော့ ခင်ဗျားဟာ ဒီကမ္ဘာလောကကြီး တစ်ခုလုံးမှာ အရက်စက်ဆုံး မိန်းမတစ်ယောက် ဖြစ်ခဲ့တယ် သိပြီလား'

လယ်လယ်က ထိတ်လန့်တကြားနှင့် နေစိုးကို ထဆွဲသည်။ လွှမ်းမှာသည်း နေစိုး၏ ရင့်သီးလှသော စကားကြောင့် ဒေါသနှင့် နေရာမှ ဆတ်ခနဲ ထမိသည်။

ထိုအခိုက်တွင်ပင် အိမ်ရှေ့ပေါက်မှ ကိုကိုလေးသည် ပြေးဝင်လာသည်။

သူသည်အရက်မူးသမားကလေးတစ်ဦးကဲ့သို့ဒယီးဒယိုင်နှင့် လွှမ်းနားသို့ ကပ်သည်။ မည်သူ့ကိုမှ နှုတ်မဆက်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာ၌ နာကြည်းခြင်း မုန်းတီးခြင်း၊ ဝမ်းနည်းဒေါသထွက်ခြင်းတို့ရောယှက်နေကာ အရူးတစ်ယောက်သဖွယ် ဖြစ်နေ၏။

သူက လှမ်းကို ကြောက်မက်ဖွယ် လက်ညှိုးငေါက်ငေါက် ထိုးရင်း ရန်တွေ့သည်။

'မလှမ်း.... မလှမ်း၊ ခင်ဗျားကို ကျွန်တော် ဆရာက အင်မတန် ကြင်နာတဲ့မိန်းမတစ်ယောက်လို့ ထင်ခဲ့တယ်၊အခုမှ ခင်ဗျား ရင်မှာ အသည်းနှလုံး လုံးဝမရှိမှန်း သိရတယ်'

ဤအကြိမ်တွင်မူ လှမ်းမှာအံ့အားသင့်လှန်းသဖြင့် ပါးစပ်ဟကာ ငေးကြည့်နေမိသည်။

'ရက်စက်လှချည်လား မလှမ်းရယ်၊ ခင်ဗျား ရင်ထဲက အမုန်းတရားတွေဟာ ခင်ဗျားရင်ထဲက အသည်းနှလုံးတွေကို လောင်မီးလို စားသွားတာမို့ ဒီလောက်တောင် ရက်စက်နိုင်တာလား ဟင်'

ကိုကိုလေး၏ စူးရှထက်မြက်လှသောစကားကြောင့် လှမ်းမှာ ယောင်ယမ်းကာ နားများကို လက်ဝါးလေးနှင့် ပိတ်ထားမိသည်။

'ခင်ဗျားနဲ့ ဆရာဟာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကျုပ်မသိဘူး၊ သိဖို့လဲ မလိုဘူး၊ ဒါပေမယ့် ခင်ဗျား အင်မတန်မုန်းတဲ့ မောင်မောင်လှိုင်ဆိုတာဟာ ခင်ဗျား မျက်လုံးကို မြင်အောင် ကုခဲ့တဲ့ ဒေါက်တာမင်းညိုဗျ'

လှမ်း၏ လက်များက နားမှ ကျွံကျသွားသည်။



'ဘာ....ဘာပြောတယ်၊ မောင်မောင်လှိုင်ဆိုတာ ဆရာ ဟုတ်လား'

'ဟုတ်တယ် ဆရာဟာ အင်မတန်ကံဆိုးတဲ့သူဘော်ကောင်း၊ ခင်ဗျားက အင်မတန် ကံကောင်းတဲ့ မိန်းမယုတ်'

လှိုင်း၏မျက်လုံးများက ပြာသွားသည်။

လှမ်းသည် ကိုကိုလေး၏ လက်မောင်းတစ်ဖက်ကို အားယူဆွဲကာ မိမိ၏ညာလက်ဖြင့် သူ၏ပါးကို တအားလွှဲရိုက်မည် ပြုသည်။

သို့သော် လက်က ပါးဆီမရောက်။ တဖြည်းဖြည်း ပြန်ကျသွားကာ ချုံးပွဲချ ငိုကြွေးရှာ၏။

ထိုအခါကျမှ ကိုကိုလေး၏ လေသံမှာ အနည်းငယ် ပျော့သွားသည်။

'ဆရာ ဘယ်သူဆိုတာ ကျွန်တော်မသိပါဘူး၊ စစ်ကိုင်းမှာ နေနစ်တွန်းကလဲ သူ့မျက်နှာကို မမြင်ရပါဘူး၊ ကျွန်တော်တို့ ခြံရှေ့မှာ ကားတိုက်ပြီး ဆေးရုံရောက်တဲ့အထိပဲ သူဘယ်သူဆိုတာ မသိခဲ့သေးဘူး၊ ဆေးရုံမှာ သတိပြန်လည်ပြီး မျက်လုံးကန်းမှန်းသိတော့မှ သူဘယ်သူဆိုတာဖွင့်ပြောတယ်၊ဒါတောင် သူ အင်မတန်ချစ်တဲ့ မိန်းမတစ်ယောက် ဒုက္ခရောက်မှာစိုးလို့ဆိုပြီး ဆိုင်ရာတွေနဲ့ တိုင်ပင်လို့ သူ့နာမည်ကို လျှို့ဝှက်ထားခဲ့တယ်'

ကိုကိုလေးမှာလည်း ပြောရင်း ဆို့နင့်လာသည်၊

www.burmeseclassic.com



'သန်လျင်ဘက်ကို သူ စိတ်လေလွင့်ပြီး ရောက်လာရတာ ဟာလဲ ဒီမိန်းမကြောင့်ပဲ၊ အဲဒီမိန်းမဟာ မမလွမ်းမုန်း ဒီနေ့ နေ့သယ်ကမှ ကျွန်တော် သိတယ်'

လွမ်းကမူ တရှုပ်ရှုပ် ငိုနေဆဲဖြစ်သည်။

'သူဟာ ယောဂကို လျှောက်ချင်တာမို့ ကျွန်တော်တို့ခြံထဲ တွင်ပဲ ရန်ကုန်က သူ့တပည့် ဆရာဝန်တွေနဲ့ ကျိတ်ကုနေ တယ်၊ ကျိတ်ကုတယ်ဆိုပေမယ့် သူ့မျက်လုံး ပြန်မြင်ဖို့မဟုတ် ပါဘူး၊ ဒီမျက်လုံးကို သူတစ်ယောက်ပဲ ကုနိုင်တာမို့ ဒီပြည် မှာတော့ မဖြစ်ဘူး၊ နိုင်ငံခြားသွားမှဖြစ်မယ်၊ သူ့မှာ ဒီလို သွားဖို့ ငွေလဲမရှိဘူး၊ ဒါပေမယ့် ခင်ဗျားကတော့ ချမ်းသာ နေပြီ မဟုတ်လား မမလွမ်း'

လွမ်းသည် မျက်ရည်လည်ရွဲနှင့် နေရာမှ ထသည်။ နေစိုးတို့ ဘက် လှည့်၍ မေး၏။

'ဒါတွေ အမှန်တွေလား....ဟင်....အမှန်တွေလား'

နေစိုးက သတိရဟန် အခန်းထဲမှ ထွက်ခွာသွားသည်။

လယ်လယ်က လွမ်းနား ကပ်ကာ 'ဟုတ်တယ် မမလွမ်းရယ်၊ မမလွမ်းအား သူ့ကိုသိပ်မုန်းနေမှန်းသိလို့ မမလွမ်း မမြင်ခင် ရှောင်ထွက်သွားတာ၊ သားကြီး မယားကြီး ရှိတယ် ဆိုတာလဲ မဟုတ်ဘူး'ဟု ရှင်းပြသည်။

'မှန်တယ် လွမ်းရယ်၊ ဆရာဟာ လွမ်းကို အင်မတန် ချစ်တဲ့ သူတော်ကောင်းကြီးပါ'

ဒေါ်ကြင်ကလည်း ဝင်ပြော၏။

နေစိုးက ပြန်ပေါ်လာသည်။



'မမလွမ်းကို အရင်ပြထားတဲ့ ဓာတ်ပုံဟာ အတုပဲ ... ပုံအစစ်က ဒီမှာ'

လွမ်းသည် နေစိုး လက်မှ ဓာတ်ပုံကို ယူကြည့်သည်၊ လွမ်း ရင်မှာ ဆို့သွား၏။

ပုံမှာ တစ်နေ့နံနက်၌ ဒေါက်တာမင်းညိုက မိမိ၏ခေါင်း တွင် နှင်းဆီပွင့်ပန်ပေးနေပုံဖြစ်သည်။

လွမ်းသည် ငေါင်ကောက သူတို့အားလုံးကို ကြည့်သည်၊ လွမ်း၏မျက်နှာမှာ ဘစ်စုံတစ်ခုကိုဆုံးဖြတ်လိုက်ဟန် တည်ကြည် ခန့်သားနေ၏။

လွမ်းသည် ဘာစကားမှ မပြောတော့ဘဲ အိမ်ပြင်ထွက် ကာ ဒရိုင်ဘာကို လှမ်းခေါ်သည်။

'ကိုမြမောင် ညောင်တန်းဆိုဗ်ကို အမြန်မောင်းစမ်း'

ကိုကိုလေးက ပြေးထွက်လိုက်မည်ပြုသည်။

နေစိုးက သူ့အား အဓိပ္ပာယ်ပါပါ ကြည့်၍ ဆွဲထား၏။

*

သန်လျင်ခြံတွင်းသို့ လွမ်းသည် ပြေးတော့မည့် အတိုင်း သွက်သွက် ဝင်လာခဲ့သည်။

ဘုရားစင်ထောင့်မှနေ၍ လွမ်းသည် နံနက်က ဖြူခဲ့ကြ... တညင်းပင်ကြီးဆီ မျှော်သင့်ချက် ကြီးစွာနှင့် လှမ်းကြည့် သည်။

www.burmeseclassic.com



လွှမ်း၏ နှလုံးသွေးများ ရပ်တန့်သွားသည် ထင်၏။ တညင်းပင်ကိုမှီလျက် ငေးငေးငိုင်ငိုင် ထိုင်နေသူ တစ်ယောက်၏နောက်ကျောကို တစ်စွန်းတစ်စ မြင်ရသောကြောင့် ဖြစ်သည်။

လွှမ်းသည် တညင်းပင်ဆီပြေးသည်။ နှုတ်မှလည်း ခပ်ပြေးရင်း ခေါ်၏။

'ဆရာ....'

သို့သော်.... လှည့်ကြည့်လိုက်သူမှာ မျက်မှန်ထူကြီးနှင့် အစ်ကိုသင်း၊

'အို....'

လွှမ်းမှာတစ်ကိုယ်လုံး နုံးယိုင်သွားသည်။ မျက်နှာမှလည်း ဣန္ဒြေမဆည်နိုင်လောက်အောင် ပျက်သွားရှာသည်။

'ဘယ်သူ့ တွေ့ချင်ပါသလဲခင်ဗျာ၊ ကိုကိုလေးကိုလား'

'မဟုတ်....မဟုတ်....မဟုတ်ဘူးရှင့်၊ ဟို...ဟိုဒင်း.... မျက်စိမမြင်တဲ့ ဒေါက်တာ....ဒေါက်တာမင်းညို'

'ဪ....ဆရာလား၊ ဆရာမရှိတော့ဘူးခင်ဗျ'

'ရှင်....'

'ဆရာ ထွက်သွားပြီ'

မမျှော်လင့်သောစကားကို မိုးကြိုးသွား မှန်သကဲ့သို့ လွှမ်းကြားရသည်။

ဆိုနင့်လာသောရင်ကြောင့် စကားမပြောနိုင် ဖြစ်ခနသည်ကို အနိုင်နိုင်ကြိုးစား အားယူ၍ မေးရ၏။

'ဘယ်ကို ထွက်သွားပါလဲရှင်'



'အဲဒါတော့ ကျွန်တော် မသိဘူးခင်ဗျ၊ ခါတိုင်းတော့ ရန်ကုန်ဘက်ကို ကူးသွားတတ်တာပဲ'

'မျက်စိမမြင်တဲ့သူက ဘယ်လို သွားနိုင်သလဲရှင်'

'ကမ်းနားဆိပ်အထိတော့ ကျွန်တော် လိုက်ပို့တယ်၊ ဟိုဘက်ကမ်းကျတော့ ဆိုက်ကားဆရာတွေ သုံးဘီးကားဆရာတွေက ဆရာ့ကို သနားပြီး ခင်မင်နေတာမို့ သူ သွားချင်ရာ လိုက်ပို့ပေးကြတာပဲ'

လွှမ်းသည် ငိုင်နေရာမှ တစ်စုံတစ်ခုကို သတိရ၍ သွက်သွက်လေး မေးသည်။

'သူ ဒီလိုပဲ သွားတတ်တယ်နော်'

'ဟုတ်ပါတယ်၊ တစ်ပတ်ကို တစ်ခါလောက် သွားတတ်တယ်'

'ဘယ်ကို သွားတယ်ဆိုတာတော့ မသိဘူးနော်'

'ဟင့်အင်း ခင်ဗျ'

လွှမ်းသည် အရုပ်ကြိုးပြတ် လဲကျချင်လုလု ခံစားရသည်။ မျက်လုံးများမှာလည်း ပြာသွားသည်မဟုတ်၊ မှောင်သွားသည်။ တစ်လောကလုံး မှောင်သွားသည်။ မျက်မမြင်ဘဝသို့ ရောက်ရလေပြီလား။

အို....အလင်း၊ အလင်းလဲ့လဲ့လေးက ကျန်နေသေး၏။ အမှောင်နောက်မှ လျှံထွက်လာသော အလင်းလဲ့လဲ့။

'လွှမ်း မမြင်ပေမယ့် ထင်ကြည့်နိုင်တယ်ကွယ်၊ အမှောင်ရိပ်တွေတော့ ချဉ်းဝင်စပြုပြီလေ၊ ဒါပေမယ့် ဟိုး....မိုးကုပ်စက်ဝိုင်းဆီမှာ'

www.burmeseclassic.com

www.burmeseclassic.com

ဆရာ့အသံ။ မမေ့နိုင်သော ဆရာ့အသံ။ ဘယ်တုန်းကနည်း။ ဘယ်မှာနည်း။

လွမ်းအာ လောကကြီးကို ပြန်မြင်လာသည်။ ရင်မှာလည်း တဒိုင်းဒိုင်း ရုန်းလာ၏။

လွမ်းက ခင်မောင်သင်အား တုန်နေသော အသံကလေးနှင့် ပြောသည်။

'ကောင်းပါပြီရှင်၊ ကျေးဇူးတင်ပါတယ်၊ ကျွန်မ သွားပါဦးမယ်'

အံ့ဩဟန်ဖြင့် မျက်လုံး ပြူးကြည့်နေသော ခင်မောင်သင်အား အကျိုးအကြောင်း လွမ်းက ရှင်းမပြတော့။ ရှင်းပြစရာ အကျိုးအကြောင်းကော ရှိပါ၍လား။

မျှော်လင့်ချက်။ မျှော်လင့်ချက်ဆည် အကျိုးအကြောင်းလား။

အဲဒါကို လွမ်းမသိ။ လွမ်းသိသည်က မျှော်လင့်ချက်၊ ရောင်ခြည်တန်း လဲ့လဲ့လေး။ ကောက်ရိုးမျှင်။

လွမ်းသည် ခြံတွင်းမှ အရူးမလေးသဖွယ် ပြေးထွက်လာခဲ့သည်။ စိတ်တွင်း၌လည်း အထပ်ထပ် ဆုတောင်းမိသည်။

'ဘုရား…ဘုရား။ မှီပါစေ၊ နေမဝင်ပါစေနှင့်'

(၁၀)

ညနေစောင်း၏ ဆိတ်သုဉ်းငြိမ်သက်နေသော အင်းလျားကန်စောင်း။

လွမ်းနှင့် သူ ထိုင်လေ့ရှိသော နေရာလေးတွင် ဒေါက်တာမင်းညိုက တစ်ယောက်တည်း မှိုင်ငေးထိုင်တွေးလျက်ရှိသည်။

တစ်ယောက်တည်း ရှိရာသည်သာမက ဤအကြိမ် မမြင်ရသူမှာ မိမိဆည်း။

မမြင်ရသော်လည်း ကန်စပ်မှ လှိုင်းပုတ်သံ ကြားနေရ၏။ ဥဩသံသာ မရှိလေပြီ။

'ပစ်လိုက်ပါဦးဆရာ၊ ပစ်လိုက်ပါဦး'

'ဘာပြောတယ် လွမ်း'

ကန်တွင်းသို့ ခဲကျသံကလေးများ။

သာယာသော ထိုကာလက လွမ်းဖွယ် ကြိုးသာညံ့လာရသည်ကို ကြားယောင်မြင်ယောင်မိ၍ ဒေါက်တာမှာ မချိပြုံးပြုံးမိ၏။

'လွမ်း ကန်ကို မမြင်ရဘူး၊ ဒါပေမယ့် ကန်ကိုမြင်ရတယ် ဒီလိုပဲ လွမ်းပေါ်ယုယကြင်နာတာမို့ လွမ်းချစ်ကြည်ညိုရတဲ့ ဆရာ့ကို လွမ်းမမြင်ရဘူး၊ ဒါပေမယ့် ရေလှိုင်းသံကို လွမ်းကြားရသလို ဆရာ့ရဲ့ မေတ္တာလှိုင်းကို လွမ်း ခံစားရတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးသာယာခဲ့ရသည့် စကားလေးများဖြစ်ပါ၏။

ယခုမူ မဆုံးနိုင် မရပ်နိုင်သော အသည်းပြင်မှ လွှမ်းတေး ပမာသာ ဖြစ်လာခဲ့ရလေပြီ။

မျက်စိမမြင်၍ စက္ခုအာရုံ ရပ်လေသည့်ဘဝတွင် ရင်မှ ခံစားမှုသည် အဘယ်ကြောင့် မရပ်ပါသနည်း။

မရပ်ပါသနည်း။

ဒေါက်တာ၏ လက်များက အမှတ်မထင် မြေပြင်ကိုစမ်းမိ၏။ ကျောက်ခဲလေး သုံးလုံးကလည်း လက်တွင်း ပါလာသည်။

ဒေါက်တာက ကြေကွဲစွာ ပြုံးလိုက်မိသေး၏။

နောက် ကျောက်ခဲတစ်လုံးကို ရေထဲသို့ပစ်ပေါက်လိုက်၏။ ရေပြင်၌ ခဲကျသံမှာ သာသာယာယာ ပေါ်လာ၏။

ဒေါက်တာမှာ ခေတ္တငိုင်သွားသည်။ နောက်တစ်လုံး ပစ်ပေါက်မည့်ဆဲဆဲကို ကိုင်ရွယ်ရင်း ရင်မှာ ဖိုလှိုက်လာ၏။

ထိုအခိုက်တွင်ပင် ရေပြင်သို့ ခဲကျသံတစ်ခုသည် ပီပီသသ ပေါ်လာ၏။

မယုံကြည်နိုင်အောင်ဖြစ်သွားသော ဒေါက်တာမင်းညိုက နားစွင့်ထောင်သည်။

နောက်ထပ် ရေပြင်သို့ ခဲကျသံတစ်ခု ပေါ်လာပြန်၏။

ဤအကြိမ်တွင်မူ ဗီဇလှုံ့ဆော်ချက်ကို စိတ်မှတ်မဲ့ တုံ့ပြန်လေသော ကြောင်တစ်ကောင်၏ သွက်လက်ခြင်းဖြင့် ဒေါက်တာက နေရာမှ ထိတ်လန့်တကြား ထသည်။



ညင်သာသော ခြေသံဖွဖွများကို ကြားရသည်။ ရှက်တရက် ပြေးဖက်လိုက်သော နူးညံ့သည့် လက်ကလေးများ၏ အတွေ့ကိုလည်း ခံစားရ၏။ ထိုနောက်မွှေးကြိုင်သော ကိုယ်သင်းနံ့များ။ အို...သူ ကောင်းကောင်းမှတ်မိသော လွှမ်း၏ ကိုယ်သင်းနံ့များ။

လွှမ်းကသူ့အား မသုတ်တမ်း ဖက်ထားသည်။ သူကလည်း မမြင်မစမ်းနှင့်ပင် ပူနွေးနူးညံ့သော လွှမ်း၏ ကိုယ်လေးကို ပွေ့ထားရ၏။

လည်ချင်းယှက်၍ ပါးချင်းလည်း ပွတ်ကြသည်။ ထိုအခါ မျက်ရည်ချင်းကလည်း ပေါင်းဆုံမိလေသည်တကား။

ရှိုက်သံများကြားမှ လွှမ်းက "လွှမ်းကို ခွင့်လွှတ်မယ်နော် ဆရာ"ဟု သဲ့သဲ့ မေးသည်။ သဲ့သဲ့သာ မေးနိုင်တော့၏။

သူက နှုတ်ဖြင့် မဖြေ။ ဖြေရန်မှာလည်း အသံကထွက်မလာ။

လွှမ်း၏ ကိုယ်လေးကိုသာ မချင့်မရဲ ညှစ်ဖက်လိုက်၏။ လွှမ်းကို ခွင့်လွှတ်ရန် သူ့၌ အပြစ်မှတ်ယူမှု မရှိခဲ့ပါကလား။

ဤတစ်ကြိမ်တွင်မူ သူ့ခါးကို မွေးဆွယ်ဖက်ကာ လွှမ်းက ဦးဆောင်၍ ကန်စောင်းမှ ခေါ်ငင်ထွက်ခွာလာ၏။

အနောက်ဘက်ဆီ၌ မိုးတိမ်တိုက်မှောင်ကို ခွင်းလျက်ကာ ရောင်ခြည်များ ဖြာထွက်နေသည်။

မိမိကို ဒေါက်တာ ပြောခဲ့သည်မှာ ဤရောင်ခြည်တွေပင် ဖြစ်ရမည်။

သူ့ခါးကို လွှမ်းက တင်းတင်းကလေးဖက်လိုက်ပြီး ပြော၏။

www.burmeseclassic.com



'ဟိုတုန်းက လွမ်းကို ဆရာက ဖေးမတွဲပြီး ခုလိုပဲဦးဆောင်ခဲ့တယ်၊ လွမ်းကို ဂရုစိုက်ရမှာမို့ ကားတောင် ဆရာမမောင်းဘဲ ကိုမြမောင်က မောင်းခဲ့ရတယ် မဟုတ်လား ၊ သူက ဒီနေရာလေးကို မှတ်မိတယ်'

'လွမ်း ဘာပြောတာလဲ'

'လွမ်းကတော့ မမှတ်မိပါဘူး၊ လွမ်းမှတ်မိတာက ဆရာ့စကား၊ ဟင့်အင်း....မှောင့်စကား'

'မောင့်စကား'

လွမ်းက ခေတ္တလေး စဉ်းစားသည်။

မျှော်လင့်ချက်ပြည့်ရမည်၊ ပြည့်စေရမည်၊ ဤသန္နိဋ္ဌာန်ဖြင့် ဓါတ်ဘာ တစ်ကြိမ်က ပြောခဲ့သော စကားကိုပင် လွမ်းက ယုံကြည်ချက်အပြည့်နှင့်ဆို၏။

'အမှောင်ရိပ်တွေ စိုးမိုးစပြုပြီဆရာ၊ ဒါပေမယ့် ဟို...မိုးကုပ်စက်ဝိုင်းဆီမှာ ရောင်ခြည်တွေ လျှံနေမှာပါ၊ ဆရာပြောသလိုပဲ အမှောင်ကိုစိုးတာမို့ အလင်းရောင်ကို မမျှော်ကိုးဘူးဆိုရင် ဂင်္ဂါဝါဠု သဲစုအမျှ ပွင့်ကုန်ကြတဲ့ ဗုဒ္ဓရှင်တော်တွေရဲ့ ဓမ္မရောင်ခြည်တွေဟာ ဒီလောကမှာ ဝေစည်စရာအကြောင်းမရှိပေဘူး၊ နော်....ဆရာ၊ အမှောင်ဟာ တဒင်္ဂပါ ဆရာရယ်၊ အလင်းဟာ နိယာမ...တဲ့'

ပြီးပါပြီ

တက္ကသိုလ် ဘုန်းနိုင်